

# သစ္စာလေးပါး
# မူလကမ္မဋ္ဌာန်း
# ဝိပဿနာရှုနည်း

အရှင်ဝိစိတ္တသာရာဘိဝံသ

( ငါးဘွဲ့ရ ဓမ္မာစရိယ ၊ ဝိသိဋ္ဌပါဠိကဓရ )

cover : soe thaw dar



ကျောင်းအုပ်ဆရာတော်
အရှင်ဝိစိတ္တသာရာဘိဝံသ
(ငါးဘွဲ့ရ ဓမ္မာစရိယ, ဝိသိဋ္ဌပါကဌ)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

**ကျောင်းအုပ်ဆရာတော်**

ဖါးဘွဲ့ရ ဓမ္မာစရိယ, ဝိသိဋ္ဌပါကဋ

# အရှင်ဝိစိတ္တသာရာဘိဝံသ

ရေးသားအပ်သော

# သစ္စာလေးပါး
# မူလကမ္မဋ္ဌာန်းဝိပဿနာရှုနည်း



သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ ခရစ် ၁၉၉၉

### သစ္စာလေးပါး မူလကမ္မဋ္ဌာန်း ဝိပဿနာရှုနည်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်– ၇/၂၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၁/၂၀၀၀ (၁)

မျက်နှာဖုံးဒီဇိုင်း – စိုးသော်တာ

ထုတ်ဝေသူ – ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ
၈/၆၅၊ အုပ်စု (၃)၊ အောင်သိဒ္ဓိလမ်း၊
တော်ဘွားကြီးကုန်း၊အင်းစိန်။

ပုံနှိပ်သူ – ဦးဝင်းမြိုင် သိဒ္ဓိမြိုင် ပုံနှိပ်တိုက် (၀၂၄၈၆)
အမှတ် ၁၁၃ – ၃၄ လမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

၂၀၀၀ ခုနှစ် ၊ ဇန်နဝါရီလ

(ဒုတိယတွဲ ဆက်လက်ထွက်ပါမည်။)

# ဤစာအုပ်ဖြစ်ပေါ်လာခြင်း

စာရေးသူသည် ၁၃၄၂-ခုနှစ်၌ ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တအာစာရမထေရ်၏ ခြေတော်ရင်းမှာ ဝပ်စင်းပြီး "သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ပါရခြင်း အကျိုးငှါ ရှင်ရဟန်းအဖြစ်ကိုတောင်းခံပါသည်"ဟု ၃-ကြိမ်တိုင်တိုင် ရွတ်ဆိုပြီး သာသနာတော်မှာ ရှင်ဘဝရဟန်းဘဝကို ရရှိခဲ့၍ စာရေးသူရဲ့ဘဝမှာ အစပထမ အပျော်ဆုံး ပျော်ခဲ့ရပါသည်။

"သာသနာတော်မှာနေရင် ဂန္ထဓုရ + ဝိပဿနာဓုရ တာဝန်နှစ်မျိုးရှိတယ်၊ ငါ့ရှင်က အသက်အရွယ်ငယ်သေးလို့ ဂန္ထဓုရတာဝန်ကို ဆောင်ရွက်ရမယ်"လို့ ဥပဇ္ဈာယ်ဆရာတော်က မိန့်ကြားလိုက်တဲ့အခါ စာပေကျမ်းဂန်သင်ယူရမည့် ဂန္ထဓုရတာဝန်ဆိုတာ ရှင်ရဟန်းတွေရဲ့ အလုပ်ပဲဆိုတာ သဘောပေါက်ပြီး ထိုတာဝန်ကို ဆောင်ရွက်လာခဲ့ရာ မြန်မာနိုင်ငံတွင် အဆင့်အမြင့်ဆုံးစာမေးပွဲလို့ မဆိုရပေမဲ့ "ရဟန်း သံဃာတော်များ အလေးထားလေးစားခံရတဲ့စာမေးပွဲများကို ကြိုးစားဖြေဆိုခဲ့ရာ-

၁။ ပရိယတ္တိသာသနဟိတ(သကျသီဟ) ဓမ္မာစရိယဘွဲ့၊
၂။ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ, ဂဏဝါစကဘွဲ့၊
၃။ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့၊
၄။ သုဓမ္မာပရိယတ္တိဓမ္မာစရိယ, ဝိသိဋ္ဌပါကဋဘွဲ့၊
၅။ အစိုးရ သာသနဓဇဓမ္မာစရိယဘွဲ့၊

များကိုရရှိခဲ့သည်ဖြစ်၍ စာရေးသူရဲ့ဘဝမှာနှစ်ကြိမ်မြောက်

အပျော်ဆုံး ပျော်ခဲ့ရပါသည်။

ဒီနောက် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး၌ နာယကအဖွဲ့ဝင်ဖြစ်ရတာ၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီး၌စာချဘုန်းကြီးဖြစ်ရတာ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာတော် တာဝန်ကို ခန့်အပ်ခြင်းခံယူရတာတွေဟာ လောကအနေနဲ့ ကြည့်လျှင် ဂုဏ်ရှိတာပဲဖြစ်လို့ အလွန်နှစ်သက် ဝမ်းမြောက်စရာပင် ဖြစ်တယ်လို့ပြောရင် အများစုဟာ ရာနှုန်းပြည့်လက်ခံမှာ သေချာပါသည်။ သို့သော် စာရေးသူကား ဆရာသမားများက ယုံကြည်စိတ်ချလို့ ပေးအပ်သည့်တာဝန်ကို ဆရာသမားများ စိတ်ချမ်းသာမှုကို ရှေးရှုပြီး တာဝန်ယူရသည့် အနေအထားလောက်ပဲရှိပါတယ်။

အဲဒီလို ဆရာသမားများက ပေးအပ်တဲ့တာဝန်ကို ဆောင်ရွက်ရင်းက မိမိလုပ်တဲ့လုပ်ငန်းကို ဆင်ခြင်သုံးသပ်ကြည့်ရာ မူလရည်ရွယ်ချက်မှာ "သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်ပဲဖြစ်တယ်။ ဒီတော့ မိမိမှာ လမ်းလျှောက်ရင်း လမ်းပျောက်နေသလို ဖြစ်နေတော့ လမ်းပျောက်တာကိုရှာမှ ဖြစ်မယ်ဆိုတဲ့အသိဉာဏ်ကို ရရှိလာပါတယ်။ ပြီးတော့မိမိရဲ့ လုပ်ရပ်ကား ပဋိပတ်ကင်းသည့် ပရိယတ်လုပ်ငန်းဖြစ်နေ၍ မိမိအတွက် လုံးဝစိတ်မချရသေးဘူးဆိုတာကိုလဲ သိလာပါတယ်။

အဲဒီလို အသိဉာဏ်မျိုးမိမိရရှိထားတဲ့အချိန်မှာ စာရေးသူ၏အမ မမြအေးက သူ့ကိုယ်တွေ့ ဝိပဿနာလုပ်ရင်းတွေ့ရှိတဲ့ အချက်အလက်တွေကို ပြောပြရာ မိမိကိုယ် မိမိ ရှက်စရာ ကောင်းလောက် သတိသံဝေဂ တွေဖြစ်ခဲ့ရပါသည်။ အမထံမှ တစ်ဆင့် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာဆရာတော်ရဲ့

ဂုဏ်ကျေးဇူးတွေကိုလည်း သိရပါသည်။ ကြားဖြတ်ပြီး စာရေးသူ အသိဉာဏ်ဖြစ်ခဲ့ပုံကို တစ်ဆိတ်မျှ ပြောပြချင်ပါသေးသည်။ စာရေးသူ ယခုနှစ်ဝါတွင်းမှာ "ဦးခေါင်းမှ ဆံပင်ဖြူတစ်ပင်ကို ဆတ္တာသည်က ယူပြသည်ကို တွေ့မြင်ရ၍ ငါ့ကို သေမင်းတမန်က မရဏ(သေမင်း) တံဆိပ်ခပ်နှိပ်လိုက်ပြီ"ဟု သတိသံဝေဂ ကြီးစွာရသော မဃဒေဝမင်းကြီးရဲ့ အကြောင်းအရာကို ဖော်ပြသည့် မဃဒေဝသုတ္တန်ကို အဋ္ဌကထာနှင့် တိုက်ပြီးကြည့် ခဲ့ရာ–

ယသ္မိံ ခေါ အာနန္ဒ ပုရိသယုဂေ ဝတ္တမာနေ ဝေရူပဿ ကလျာဏဿ ဝတ္တဿ သမုစ္ဆေဒေါ ဟောတိ၊ သော တေသံ အန္တိမပုရိသော ဟောတိ။ (မ၊၂။၂၇၀။)

ချစ်သား အာနန္ဒာ အနွယ်အဆက် ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ပါလျက် ဤသို့သဘောရှိသော "နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သည့် မဂ္ဂင် ၈–ပါး ကျင့်ဝတ် တရားပြတ်သူသည် ထိုသူတို့တွင်"အန္တိမပုရိသော = အယုတ်ညံ့ ဆုံး ယောကျ်ားဖြစ်တယ်"လို့ မြတ်စွာဘုရားက မိန့်မှာကြားခဲ့ သည်၊ အချို့သောသူတွေတော့ "အန္တိမပုရိသော"ပုဒ်ကို အဆုံးစွန်သော ယောကျ်ားရယ်လို့ အဓိပ္ပါယ်နားလည်သည်ကို တွေ့ရပါသည်။

စာရေးသူမှာ "အန္တိမပုရိသောကို" ယုတ်ညံ့တဲ့ထဲက အယုတ်ညံ့ဆုံးယောကျ်ားလို့ သဘောပေါက်ပြီး သတိသံဝေဂ ရမိပါသည်။

အဋ္ဌကထာဆရာက နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ကောင်း အကျင့်မြတ်ဖြစ်သည့် မဂ္ဂင် ၈–ပါး ကျင့်ဝတ်တရားကို–

၁။ ဖြတ်ဆဲဖြစ်သော ပုဂ္ဂိုလ်
၂။ ဖြတ်ပြီးဖြစ်သော ပုဂ္ဂိုလ်
၃။ ဖြစ်စေတတ်သော ပုဂ္ဂိုလ်
၄။ ဖြစ်စေပြီးသော ပုဂ္ဂိုလ်ရယ်လို့ လေးချက်ခွဲပြီး နားလည်ရပါမယ်။

ထိုတွင် -

သီလဝါ ဘိက္ခု "န သက္ကာ မယာ အရဟတ္တံ လဒ္ဓုံ" န္တိ ဝီရိယံ အကရောန္တော သမုစ္ဆိန္ဒတိ။

(မ၊ဋ္ဌ။၃။၂၂၀။)

သီလရှိသော ရဟန်းသည် (ဝါ) သီလရှိသော ရဟန်းသူမြတ် ဖြစ်ပါလျက် "ငါသည်အရဟတ္တဖိုလ်ကို ရခြင်းငှါ မတတ်နိုင်ဘူး၊ ငါဒီဘဝမှာ ရဟန္တာမဖြစ်နိုင်တော့ဘူး" ဒီလို နှလုံးသွင်း အောက်မေ့မှတ်ထင်ပြီး တရားအားမထုတ်ဘဲ နေသောရဟန်းသည် ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ဖြစ်သည့် မဂ္ဂင် ၈-ပါး ကျင့်ဝတ်တရားကို" ဖြတ်ဆဲဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည်။

ဒုဿီလေန သမုစ္ဆိန္နံ နာမ ဟောတိ။

သီလပျက်စီးပြီး လုံးဝသီလမရှိသော ရဟန်းသည် ထိုကျင့်ဝတ်ကို ဖြတ်ပြီးသော ပုဂ္ဂိုလ်ဖြစ်သည်။

သတ္တ သေခါ ပဝတ္တေန္တိ။

ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့သည် ထိုကျင့်ဝတ်ကို ဖြစ်စေသည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ခီဏာသဝေန ပဝတ္တိတံ နာမ ဟောတိ။

ကုန်ပြီးသော အာသဝရှိသော ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သည့် ကျင့်ဝတ်ဖြစ်သော

မဂ္ဂင် ၈-ပါး အကျင့်တရားကို ဖြစ်စေပြီးသောပုဂ္ဂိုလ် ဖြစ်သည်။
အဲဒီလို ရှင်းပြထားသည်ကို ကြည့်ရှုရသည့်အခါ စာရေးသူမှာ နံပါတ်တစ်ပုဂ္ဂိုလ်စာရင်းမှာ ပါဝင်နေတာကို ကောင်းစွာ သဘောပေါက်ပါသည်။

လောကနှင့်စပ်သော နေရာများ၌ နံပါတ်တစ်ဆိုလျှင် မည်သူမဆို ဝမ်းမြောက်မှာ သေချာပါသည်။ နံပါတ်သုံး၊ နံပါတ်လေးဆိုလျှင် စိတ်ပျက်မှာ သေချာပါသည်။ သို့သော် ဤနေရာ၌ကား နံပါတ်လေးသည် အကောင်းဆုံး ဖြစ်နေပါသည်။

အဲဒီရှင်းလင်းချက်ကိုကြည့်ပြီး မိမိကိုယ် မိမိယုံကြည်မှု တော့ရှိလာပါသည်၊ သို့သော်ရာခိုင်နှုန်းကားမပြည့်ပါ၊ ကချင်ပြည်နယ် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန် အရှေ့ရိပ်သာ ဆရာတော်ထံ သွားရောက်ပြီး ဆရာတော်၏ ညွှန်ကြားချက် အတိုင်း အလုပ် လုပ်ရာမှ လမ်းလျှောက်ရင်း ပျောက်ခဲ့ ရသော လမ်းစပြန်တွေ့ရလို့ စာရေးသူမှာ မိမိကိုယ်မိမိ အပြည့် အဝ ယုံကြည်ပြီး သုံးကြိမ်မြောက် အပျော်ဆုံး ပျော်ခဲ့ရပါသည်။

မိုးညှင်းမြို့ မဟာသတိပဋ္ဌာန် အရှေ့ရိပ်သာ ဆရာ တော်ထံ မိမိလေ့လာတွေ့ရှိသည့် နည်းစနစ်ကို ကိုးကွယ် ဆည်းကပ် လာကြသူ ဒါယကာ+ဒါယိကာမများအား ဟောပြော ပြသ သင်ကြားပေးပါရန် တောင်းပန် လျှောက်ထားကြ၍ ခုနစ်ရက် တရားစခန်းဖွင့်ပြီး ၃-ကြိမ်တိုင်တိုင် ဟောပြော ပြသပေးခဲ့ပါသည်။ စာရေးသူသည် အများနားလည် လွယ်အောင် (ဝိုက်ဘုတ်)ဖြင့် ရေးပြီး ရှင်းလင်းပြသခဲ့ရာမှ စာရေးသူ နေ့စဉ်ဟောပြောပြသခဲ့သည့် အချက်အလက်

လုပ်ငန်းစဉ်ကို စာအုပ်ရိုက်ပြီး ထုတ်ဝေဖို့ရန် အတန်တန် တောင်းပန်လျှောက်ထားကြသည့် ကချင်ပြည်နယ်မှ ဓမ္မယောဂီ အများစုအား ငဲ့ညှာထောက်ထား သနားသောအားဖြင့် "ဤမည်သော သစ္စာလေးပါး မူလကမ္မဋ္ဌာန်း ဝိပဿနာရှုနည်း ကျမ်း"ကို စီမံဆောင်ရွက်လိုက်ပါသတည်း။

ဤသစ္စာလေးပါး မူလကမ္မဋ္ဌာန်း ဝိပဿနာရှုနည်း ကျမ်းစာအုပ်က ညွှန်ကြားသည့်အတိုင်း ယုံယုံကြည်ကြည်နှင့် ယောနိသောမနသိကာရ ရှေ့သွားပြုပြီး ကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီး ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြစေရန် မျှော်လင့်မိပါသည်။

ထို့အပြင် စာဖတ်သူများထံမှ ကိုယ်တိုင်ခံစားချက်ပဲ ဖြစ်စေ၊ အကြံကောင်း ဉာဏ်ကောင်းများဖြစ်စေ၊ ဤဝိပဿနာ ရှုနည်းအတိုင်း အားထုတ်ရာ၌ အခက်အခဲ ဖြစ်စေ၊ အကယ်၍ တွေ့ရှိပါက စာရေးသူထံ ကိုယ်တိုင်လာရောက် ဆွေးနွေး အကြံဉာဏ်များ ပေးနိုင်ပါကြောင်း၊ ကိုယ်တိုင် မလာရောက်နိုင်ပါ က လိပ်စာအပြည့်အစုံတပ်ပြီး ဆွေးနွေးမေးမြန်းပါ ကလည်း ပြန်လည်ဖြေကြား ပေးပါမည်ဖြစ်ကြောင်း အသိပေး အပ်ပါ သည်။

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

ဤ "သစ္စာလေးပါး မူလကမ္မဋ္ဌာန်း ဝိပဿနာရှုနည်းကျမ်း" စာအုပ် ဖြစ်မြောက်အောင် ကွန်ပျူတာဖြင့် ရိုက်ကူးပေးကြသော မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ ပါဠိနယူပဒေသကျောင်းမှ အရှင်နိပုဏ+အရှင်ဝါယာမတို့နှင့် ကွန်ပျူတာဆရာမ မရီရီခင်+မရီရီအေးတို့အားလည်းကောင်း၊

စာမူကို ကောင်းသည်ထက်ကောင်းအောင် စိစစ်ဝေဖန်အကြံဉာဏ် ပေးကြသော အစိုးရ သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ (သကျသီဟ)ဓမ္မာစရိယ၊ မစိုးရိမ်တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင် မစိုးရိမ်တိုက် ဓမ္မနယူပ-ဒေသကျောင်း နာယကဆရာတော် ဘဒ္ဒန္တပညာသာမိဘိဝံသနှင့် အစိုးရသာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ-(သကျသီဟ) ဓမ္မာစရိယ၊ မစိုးရိမ်တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် မစိုးရိမ်တိုက် သုတ္တန္တနယူပဒေသကျောင်းနာယကဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ အစိုးရ သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ၊ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ,ဂဏဝါစက၊ ပရိယတ္တိ သာသနဟိတ(သကျသီဟ) ဓမ္မာစရိယ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ကျောင်းတိုက်၊ ဓာတ်မီးကျောင်း နာယကဆရာတော်

ဘဒ္ဒန္တ ဉာဏဝရာဘိဝံသ တို့အားလည်းကောင်း၊

ဤစာမူကို အထားအသို သန့်ရှင်းသော စာမူစာအုပ်ကောင်းဖြစ်အောင် ကွန်ပျူတာဖြင့် ကိုယ်တိုင် ကြပ်မတ်ပြင်ဆင်သုတ်သင်ပေးသော "(ပရိယတ္တိသာသနဟိတ) သာသနာလင်္ကာရသာမဏေကျော်၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ မဇ္ဈိမနိကာယ ပါဠိပါရဂူ၊ ပရိယတ္တိသာသနဟိတ (သက္ယသီဟ) ဓမ္မာစရိယ၊ မစိုးရိမ်တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းပြု အဖွဲ့ဝင်၊ မစိုးရိမ် နာယက၊ မန္တလေးမဟာအောင်မြေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် "ဘဒ္ဒန္တဝိစိတ္တာဘိဝံသ"အားလည်းကောင်း၊

ဤစာအုပ်ကို မန္တလေးမြို့ ၈၂-လမ်း၊ ၃၅/၃၆-လမ်းကြား၊ အမှတ်-၄၈၁၊ ဆေးဆိုးလုပ်ငန်း၊ K.T ဖိနပ်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင်၊

၁။ အရာတော်မြို့နယ် မန်ကျည်းစောက်ကျေးရွာ မူလတန်းစာသင်ကျောင်း

၂။ အရာတော်မြို့နယ် မန်ကျည်းစောက်ကျေးရွာ အလယ်တန်းစာသင်ကျောင်း

၃။ အရာတော်မြို့နယ် တိုးချဲ့ဆေးရုံ

၄။ မန္တလေးမြို့၊ ၈၃-လမ်းx၃၈-လမ်း၊ ဗုဒ္ဓဂါယာဓမ္မဗိမာန်

၅။ စစ်ကိုင်း သိရီသုမနချောင်မိုးကုတ်ဝိပဿနာရိပ်သာ

ဆွမ်းစားကျောင်း

၆။ ရန်ကုန်မြို့၊ ညောင်တုန်းကျောင်းတိုက်၊

လှရတနာကျောင်း

တို့ကို ဆောက်လုပ်လှူဒါန်း၍ လောက+သာသနာ နှစ်ဖြာသော အကျိုးကို ရွက်ဆောင်နေသော ဒါယကာကြီး ဦးရှမ်း၏ ငါးထပ်တိုက်အိမ်၌ ရေးသားပြုစုသည်။ ထိုသို့ရေးသားပြုစုရာ၌ လိုအပ်သည်ကို ကူညီဆောင်ရွက်မှု ပြုပေးကြသော ကျောင်းဒါယကာကြီး မိသားစုတို့အားလည်းကောင်း အထူး ကျေးဇူးတင်လျက်ရှိပါကြောင်းမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

စစ်မှန်သော မေတ္တာဖြင့်–

**ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ**
**(ငါးဘွဲ့ရ ဓမ္မာစရိယ ဝိသိဋ္ဌပါဌကရ)**
ကျောင်းအုပ်ဆရာတော်၊
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
ယုဇနရပ်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
☎ - 074-22236

**၁၃၆၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်**

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဤစာအုပ်ဖြစ်ပေါ်လာခြင်း | က |
| ၂။ | ကျေးဇူးတင်ဂုဏ်ပြုလွှာ | ဆ |
| ၃။ | တရားမထိုင်မီ ရှေးဦးစွာပြုလုပ်ဆောင်ရွက်ရန် | ၁ |
| ၄။ | ကမ္မဋ္ဌာန်းထိုင်ရမည့်အရပ်နှင့်ဣရိယာပုထ် | ၂ |
| ၅။ | ဝမ္ပစကြာလာ သစ္စာလေးပါးပြ ပါဠိ+အနက် | ၅ |
| ၆။ | ဒုက္ခနိရောဓအရိယသစ္စာ၌မှတ်စရာအချက် | ၈ |
| ၇။ | သစ္စာလေးပါး တရားကိုယ်နှင့်ကိစ္စများ | ၁၀ |
| ၈။ | ဒုက္ခသစ္စာ၏ တရားကိုယ်အရကောက် | ၁၀ |
| ၉။ | ဒုက္ခသစ္စာကို ဘာလုပ်ရမလဲ | ၁၂ |
| ၁၀။ | သမုဒယသစ္စာ၏ တရားကိုယ်အရကောက် | ၁၃ |
| ၁၁။ | သမုဒယသစ္စာကို ဘယ်လိုကျင့်ရမလဲ | ၁၄ |
| ၁၂။ | ကုသိုလ်ကံပြုလုပ်ရာ၌ တဏှာသမုဒယပါဝင်ပုံ | ၁၆ |
| ၁၃။ | အကုသိုလ်ကံပြုလုပ်ရာ၌လည်း တဏှာသမုဒယဝါဝင်ပုံ | ၁၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | တဏှာသမုဒယသစ္စာ ဘာကြောင့်ဖြစ်ရသလဲ | ၁၈ |
| ၁၅။ | နိရောဓသစ္စာ၏ တရားကိုယ်အရကောက် | ၂၁ |
| ၁၆။ | နိရောဓသစ္စာကို ဘာလုပ်ရမလဲ | ၂၁ |
| ၁၇။ | မဂ္ဂသစ္စာ၏ တရားကိုယ်အရကောက် | ၂၂ |
| ၁၈။ | မဂ္ဂသစ္စာကို ဘယ်လိုကျင့်ရမလဲ | ၂၂ |
| ၁၉။ | သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေ့ထားရခြင်း | ၂၄ |
| ၂၀။ | မဂ္ဂင်ရှစ်ပါးအကျင့်တရားကိုသိက္ခာ ၃–ပါး၌သွင်းပုံ | ၂၅ |
| ၂၁။ | သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင် ဘယ်လိုကျင့်ရမလဲ | ၂၆ |
| ၂၂။ | သစ္စာလေးပါးကို အကြောင်းအကျိုးခွဲပုံ | ၃၁ |
| ၂၃။ | အကြောင်းသစ္စာ + အကျိုးသစ္စာ | ၃၂ |
| ၂၄။ | လောကီသစ္စာ + လောကုတ္တရာသစ္စာခွဲပုံ | ၃၂ |
| ၂၅။ | အဘယ်သစ္စာတရားတို့ကို ကျင့်ရမလဲ | ၃၂ |
| ၂၆။ | အကြောင်းသစ္စာကို ဘယ်လိုကျင့်ရမလဲ | ၃၃ |
| ၂၇။ | မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွားရမည်ဆိုတာ | ၃၄ |
| ၂၈။ | သစ္စာလေးပါး၌ မင်္ဂလာစွလေးချက် တစ်ပြိုင်နက်ဖြစ်ပုံ | ၃၄ |
| ၂၉။ | သစ္စာလေးပါးနှင့် မူလကမ္မဋ္ဌာန်း | ၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ၃၀။ | စိတ်ကို ဘယ်မှာထားရမလဲ | ၄၁ |
|---|---|---|
| ၃၁။ | စွန့်လွှတ်နိုင်မှ ချမ်းသာရ | ၄၇ |
| ၃၂။ | ခန္ဓာငါးပါးနှင့် တရားကိုယ်အရကောက် | ၄၉ |
| ၃၃။ | ဥပါဒါနက္ခန္ဓာငါးပါးနှင့် တရားကိုယ်အရကောက် | ၅၀ |
| ၃၄။ | ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ ဟောရခြင်း | ၅၀ |
| ၃၅။ | ဝိပဿနာတရား ရှုမှတ်ပွားများရမည့် ခန္ဓာ | ၅၁ |
| ၃၆။ | သမထနှင့် ဝိပဿနာ | ၅၁ |
| ၃၇။ | ခုနစ်နှစ်အရွယ်သာရှိသည့် ရဟန္တာ သာမဏေငယ်ကပေးသည့် ကမ္မဋ္ဌာန်း | ၅၂ |
| ၃၈။ | အရှင် အာနန္ဒာ သောတာပန်ဖြစ်အောင် ဘယ်သူက ဘယ်လိုဟောလိုက်သလဲ | ၅၃ |
| ၃၉။ | ဥပါဒါနက္ခန္ဓာငါးပါးကို ဘာလုပ်ရမလဲ | ၆၁ |
| ၄၀။ | သက္ကာယဆိုတာ ဘယ်ဟာလဲ | ၆၆ |
| ၄၁။ | သက္ကာယဒိဋ္ဌိဖြစ်ပုံ | ၆၆ |
| ၄၂။ | လူသတ်ယောကျ်ား ၅-ယောက်ဆိုတာ ဘာကိုခေါ်သလဲ | ၆၆ |

| စဉ် | အကြောင်းအရာ | တမျက်နှာ |
|---|---|---|
| ၄၃။ | မနောဒွါရ၌ဥပါဒါနက္ခန္ဓာ ၅–ပါးဖြစ်ပုံ | ၆၉ |
| ၄၄။ | ဥပါဒါနက္ခန္ဓာ ၅–ပါးကို ဝိပဿနာရှုရကျိုး | ၇၃ |
| ၄၅။ | သမုဒ္ဒရာရောက်ရန် အင် ၈–တန် | ၈၀ |
| ၄၆။ | နိဗ္ဗာန်ရောက်ရန် အင် ၈–တန် | ၈၂ |
| ၄၇။ | ဥပမာ+ဥပမေယျ စပ်ဟပ်ပြပုံ | ၈၄ |
| ၄၈။ | ဒီဘက်ကမ်းဆိုတာ ဘယ်ဟာကိုခေါ်ပါသလဲ | ၈၅ |
| ၄၉။ | ဟိုဘက်ကမ်းဆိုတာ ဘယ်ဟာကိုခေါ်ပါသလဲ | ၈၇ |
| ၅၀။ | ရေအလယ်ကောင်မှာ နစ်မြုပ်ခြင်းဆိုတာ ဘယ်ဟာကိုခေါ်ပါသလဲ | ၈၉ |
| ၅၁။ | ဝိပဿနာညစ်ညူးကြောင်းဘေးရန် ၁၀–ပါး | ၉၀ |
| ၅၂။ | သောင်ကျွန်းပေါ်မှာတင်တယ်ဆိုတာ ဘယ်လိုဟာကို ခေါ်ပါသလဲ | ၉၂ |
| ၅၃။ | လူအဆယ်ခံရတယ်ဆိုတာ ဘယ်လိုပါလဲ | ၉၃ |
| ၅၄။ | နတ်အဆယ်ခံရတယ်ဆိုတာ ဘယ်လိုပါလဲ | ၉၄ |
| ၅၅။ | ဝဲစုပ်၍ မြုပ်တယ်ဆိုတာ ဘယ်လိုပါလဲ | ၉၆ |
| ၅၆။ | အတွင်းက ပုပ်ဆွေးတယ်ဆိုတာ ဘယ်လိုပါလဲ | ၉၆ |
| ၅၇။ | ဓမ္မဒါန အလှူရှင်များစာရင်း | ၁၀၀ |

# သစ္စာလေးပါး မူလကမ္မဋ္ဌာန်း
# ဝိပဿနာရှုနည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## တရားမထိုင်မီ ရှေးဦးစွာ ပြုလုပ်ဆောင်ရွက်ရန်

၁။ အရှင်ဘုရား ဘုရားတပည့်တော်သည် ဝိပဿနာကမ္မဋ္ဌာန်း ဘာဝနာတရား ပွားများအားထုတ်လိုသည်ဖြစ်၍ အစမထင် အတိတ်သံသရာတစ်ခွင်မှ ယနေ့အချိန်တိုင်အောင် မပြစ်မှား မကျူးလွန်ထိုက်သော အနန္တကျေးဇူးရှင် ဘုရား တရား သံဃာ ရတနာ ၃-ပါး မိဘ ဆရာသမားများအပေါ် မနှစ်သက်အပ်သော ကာယကံမှု ဝစီကံမှု မနောကံမှုတို့ဖြင့် ပြုမှား ပြောမှား ကြံစည်မှားခဲ့သည်ရှိသော် ထိုအပြစ်တို့ကို ကင်းစင် ပပျောက် ပါစေခြင်းအကျိုးငှါလည်းကောင်း၊ နောက်နောင်အခါများ၌ စောင့်စည်းနိုင်ပါ စေခြင်းအကျိုးငှါလည်းကောင်း တောင်းပန်ဝန်ချ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။ တစ်စုံတစ်ယောက်သောသူက မိမိအပေါ် ပြစ်မှား ကျူးလွန်ခဲ့ဘူးသည်ရှိသော် ထိုအပြစ်များကိုလည်း ဘုရားတပည့်တော်က အနုမောဒနာ ခွင့်လွှတ်ပါ၏ အရှင်ဘုရား။

၂။ အမြတ်ဆုံးဖြစ်သော သရဏဂုံ၃-ပါးနှင့်တကွ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံ၍ သမာဓိကို ကောင်းစွာဖြစ်စေနိုင်သော ခြေထောက်+မြေကြီးသဖွယ်ဖြစ်သော ဥပုသ်သီလ အကျင့်မြတ်ကို ကောင်းမွန်ရိုသေစွာ ထိန်းသိမ်း စောင့်ရှောက်ပါ၏

အရှင်ဘုရား။

၃။ ဘုရားတပည့်တော်၏ ခန္ဓာ-၅-ပါး ရုပ်နာမ်တရားကို သစ္စာ ၄-ပါး တရားသိမြင် ဘုရားရှင်အား လှူဒါန်းပါ၏ အရှင်ဘုရား။

၄။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို သက်ဝင်ယုံကြည်ကြကုန်သော လောကပါလ နတ်မင်းကြီးလေးယောက်တို့နှင့်တကွ အလုံးစုံသော သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် ဘုရားတပည့်တော်တို့ ဝိပဿနာကမ္မဋ္ဌာန်း ဘာဝနာတရားပွားများ အားထုတ်နေစဉ်အတွင်း ဘေးဥပဒ်အန္တရာယ်များ ကင်းစင်ပပျောက်ပါစေခြင်းအကျိုးငှါ ဤအရပ်ဌာနသို့ ယခုလာရောက်၍ ကြည့်ရှု စောင့်ရှောက်ကြပါကုန်လော့။

၅။ ဘုရားတပည့်တော် ပြုပြုခဲ့သမျှသော ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ဘာဂကို မိဘဘိုးဘွား အစထား၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ အမျှပေးဝေပါ၏။ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အစဉ်စောင့်ရှောက်ကြပါကုန်လော့။

## ကမ္မဋ္ဌာန်းထိုင်ရမည့်အရပ်နှင့်ဣရိယာပုထ်

♦ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ (ဒီ၊၂။၂၃၁)

* ဓမ္မယောဂီတို့ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်

ရမည့် အရပ်ကို ဗုဒ္ဓမြတ်စွာဘုရားက သုံးဌာန ညွှန်ပြ ထားပါတယ်၊

၁။ အရညဂတအရပ်

၂။ ရုက္ခမူလဂတအရပ်

၃။ သုညာဂါရဂတအရပ်အားဖြင့် ၃-မျိုး ညွှန်ပြ ထားတာ တွေ့ရပါတယ်။

ထိုသုံးမျိုးထဲမှာ- "အရညဂတအရပ်" ဆိုတာ ကုလလေးတာ အပြန်ငါးရာ ဝေးသော တောအရပ် ယနေ့ ခေတ်အနေနဲ့ တွက်ရင် လူနေအရပ်နှင့် တစ်မိုင်လောက် ဝေးသော "တောအရပ်"ကို ခေါ်ပါတယ်။

"ရုက္ခမူလဂတအရပ်"ဆိုတာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ဖို့ရာ အရိပ်အာဝါသ လုံလောက်သော "သစ်ပင်ရင်း သစ်ပင်အနီးအောက်အရပ်"ကို ခေါ်ပါတယ်။

"သုညာဂါရဂတအရပ်"ဆိုတာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ဖို့ရာကောင်းသော "ဆိတ်ငြိမ်ရာအရပ်"ကို ခေါ်ပါတယ်။

ထိုအရပ်ဌာန သုံးမျိုးထဲမှာမှ မိမိနှစ်သက်ရာအရပ်သို့ သွားရောက်ပြီး အားထုတ်ဖို့ရာ ညွှန်ကြားထားပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား ညွှန်ပြထားသော ထိုအရပ်ဌာန သုံးမျိုးသည် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သော ဓမ္မယောဂီ ပုဂ္ဂိုလ်တို့အတွက် "သမာဓိ"ရလွယ်၍ အကောင်းဆုံးအရပ် ဖြစ်တယ်လို့ မှတ်သားရပါမယ်။

ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရားက ကမ္မဋ္ဌာန်းတရား ပွားများရမည့် ဣရိယာပုထ်ကိုလဲပဲ "ထက်ဝက်တင်ပလ္လင်ဖွဲ့ခွေ၍ အထက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား၍

ထိုင်ရပါမယ်”လို့ ညွှန်ပြထားတာ တွေ့ရပါတယ်။

ထိုသို့ ညွှန်ပြထားရတာကလဲပဲ “သမာဓိရလွယ်၍ အကောင်းဆုံးဖြစ်လို့” ဒီလို ညွှန်ပြထားတယ်လို့ မှတ်ရပါမယ်။ သို့သော် ဓမ္မယောဂီတို့ စွမ်းဆောင်နိုင်ပါက လျောင်း၍ဖြစ်စေ, ထိုင်၍ဖြစ်စေ, ရပ်၍ဖြစ်စေ, သွား၍ဖြစ်စေ ဣရိယာပုထ် လေးပါးလုံး ပွားများအားထုတ်နိုင်ပါတယ်-ဆိုတာကိုလဲပဲ သိထားဖို့ လိုအပ်ပါတယ်။

ထိုသို့ ထိုင်ပြီးတော့ ပွားများအားထုတ်တဲ့ အခါမှာလဲပဲ ဗုဒ္ဓမြတ်စွာဘုရားက “အထက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားရမည်”ဆိုတာ တစ်ဆယ့်ရှစ်မျိုးသော ကျောကုန်း၌ တည်ရှိကုန်သော အရိုး တို့ကို အစွန်းချင်းထိစပ်အောင် တည်စေ၍ ထားရမည်လို့ ဆိုလိုပါတယ်။

အဲဒီလို ညွှန်ပြထားရတာကလဲပဲ အထက်ပိုင်း ဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီး ထိုင်သော ဓမ္မယောဂီပုဂ္ဂိုလ်အား အရေ, အသား, အကြောတို့ဟာ ညွတ်ပြီးတော့ ကျမသွားကြပါဘူး၊ ထိုသို့ ညွတ်ပြီးတော့ ကျမသွားဘူးဆိုရင် ထိုအရေ, အသား, အကြောတို့ဟာ ညွတ်ကျသွားခြင်းဟူသော အကြောင်းကြောင့် ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်လာမည့် ဝေဒနာတွေဟာလဲ မဖြစ်တော့ ပါဘူး။ ထိုဝေဒနာတွေ မဖြစ်ပေါ်လာဘူးဆိုရင် ဓမ္မယောဂီ တို့၏စိတ်ဟာ မြန်မြန် တည်ကြည်လာပါလိမ့်မယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားက “အထက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တစ်ဆယ့်ရှစ်မျိုးသော ကျောကုန်း၌ တည်ရှိကုန်သော အရိုးတို့ကို အစွန်းချင်း

ထိစပ်အောင် တည်စေ၍ ထိုင်ရပါမယ်”လို့ သေသေချာချာကြီး ညွှန်ပြထားတယ်လို့ မှတ်ရပါမယ်။

ပြီးတော့ “ဓမ္မယောဂီပုဂ္ဂိုလ်တို့ရဲ့ သတိကို ရှေးရှု ထင်ထင်ရှားရှား ဖြစ်စေလျက် မမေ့မလျော့” ထိုင်ရပါမယ်။

## ဓမ္မစကြာလာ သစ္စာလေးပါးပြ ပါဠိ+အနက်

### ၁။ ဒုက္ခသစ္စာ

♦ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

* ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ဘဝဖန်ခါ သံသရာ၌ ပဋိသန္ဓေ တည်နေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲဖြစ်ကြောင်း စင်စစ်ကေန် အမှန်ပင်ဖြစ်ပေတော့၏။ ဇရာပိ၊ ရွတ်တွယိုယွင်း အိုမင်းရင့်ရော်ရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲဖြစ်ကြောင်း စင်စစ်ကေန်အမှန်ပင် ဖြစ်ပေတော့၏။ ဗျာဓိပိ၊ မကျန်းမမာ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲဖြစ်ကြောင်း စင်စစ်ကေန် အမှန်ပင် ဖြစ်ပေတော့၏။ မရဏမ္ပိ၊ တစ်ဘဝကို စွန့်ခွါ၍ စုတိပြတ်ကြွေ သေလွန်ရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲဖြစ်ကြောင်း စင်စစ်ကေန် အမှန်ပင်ဖြစ်ပေတော့၏။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်အပ်ကုန်သော သတ္တဝါ သင်္ခါရ အာရုံတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းသင်းနေထိုင်ရခြင်း တွေ့ကြုံပေါင်းဆုံ၍ နေရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲဖြစ်

ကြောင်း စင်စစ်ကေန် အမှန်ပင်ဖြစ်ပေတော့၏။ ပိယေဟိ၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်ကုန်သော သတ္တဝါ သခ်ါရ အာရုံတို့နှင့်။ ဝိပ္ပယောဂေါ၊ ခွဲခွါ၍ နေရခြင်း, ကွေကွင်း ကင်းကွာ၍ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ ဖြစ်ကြောင်း စင်စစ်ကေန် အမှန်ပင် ဖြစ်ပေတော့၏။ ယံပိစ္ဆံ၊ အကြင်ဘဝ ဖန်ခါ သံသရာ၌ ပင်္ဂိုသန္ဓေတည်နေရခြင်း အစရှိသော သဘောတရား ငါ့အားမဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် တောင့်တလင့်ဆို အလိုရှိခြင်းကို။ န လဘတိ၊ မရ။ တမ္ပိ၊ ထိုတောင့်တလင့်ဆို အလိုရှိတာကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲဖြစ်ကြောင်း စင်စစ်ကေန် အမှန်ပင် ဖြစ်ပေတော့၏။ သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါး ကုန်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော ရုပ်နာမ်ခန္ဓာ ဟူသမျှတို့သည်။ ဒုက္ခာ၊ ဆင်းရဲဖြစ်ကြောင်း စင်စစ်ကေန် အမှန်ပင် ဖြစ်ကြပါပေကုန်၏။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤ ဘဝဖန်ခါ သံသရာ၌ ပဋိသန္ဓေတည်နေရခြင်း အစရှိသော သဘောတရားသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်အောင် ဆောင်ရွက်တတ်သော သစ္စာမည်၏။

## ၂။ သမုဒယသစ္စာ

♦ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ-သဟဂတာ၊တတြတတြာဘိနန္ဒိနီ။သေယျထိဒံကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

* ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံ တဏှာ၊ အကြင်

တဏှာဆိုတဲ့ လောဘတရားသည်။ ပေါနောဗ္ဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်တတ်, မခွဲမခွါနိုင်အောင် စွဲလမ်း၍ နေစေတတ်သော ရာဂနှင့် တကွဖြစ်၏။ တတြတတြာဘိနန္ဒိနီ၊ ထိုထိုဖြစ်ရာဘဝကို အလွန်နှစ်သက်၍ နေတတ်၏။ တတြတတြာဘိနန္ဒိနီ၊ ရူပါရုံ အစရှိကုန်သော အာရုံတို့တွင် ထိုထိုအာရုံကို အလွန်နှစ်သက်၍ နေတတ်၏။ ဣဒံ=သော တဏှာ၊ ဤတဏှာသည်။ သေယျထာ= ကတမာ၊ အဘယ်ဟာပါနည်း။ ကာမတဏှာ၊ ရူပါရုံအစရှိသော လောကီအာရုံ ကာမဂုဏ်ဟူသမျှကို တပ်မက်တတ်သော တဏှာ လည်းကောင်း။ ဘဝတဏှာ၊ ရူပဘဝ အရူပဘဝကို တပ်မက် တတ်သော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်း ကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။ ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤတဏှာ ဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ရောက်အောင် ဆောင်ရွက်တတ်သော သစ္စာမည်၏။

## ၃။ နိရောဓသစ္စာ

♦ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

* ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ ဖြစ်ခြင်း၏အကြောင်းကာမတဏှာစသည်ဖြင့် ဝေဖန်အပ်သော တဏှာလောဘ၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ လုံးဝဥဿုံ တပ်မက်တွယ်တာမှုမရှိရာ, ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားသည်။ ယော စာဂေါ၊ အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်တရားသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်ဝေးစွာ စွန့်ရာ ဖြစ်သော နိဗ္ဗာန်တရားသည်။ ယာ မုတ္တိ၊ အကြွင် လွတ်ကင်းရာ ဖြစ်သော နိဗ္ဗာန်တရားသည်။ ယော အနာလယော၊ အကြွင်မကပ်ငြိ မတွယ်တာရာဖြစ်သော နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ကင်းပျောက်ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်အောင် ဆောင်ရွက်တတ်သော သစ္စာမည်၏။

## ဒုက္ခနိရောဓအရိယသစ္စာ၌ မှတ်စရာအချက်

နိရောဓသစ္စာ၌ ဒုက္ခနိရောဓံ အရိယသစ္စံ= အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်တယ်လို့ ဟောတော်မူခဲ့ ပြီးတဲ့နောက် တစ်ခါ တဏှာသမုဒယ၏ အကြွင်းအကျန် မရှိသည်ဖြစ်၍ မတွယ်တာ မတပ်မက်ရာ ချုပ်ငြိမ်းကွယ် ပျောက်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်တယ် စသည်ဖြင့် ဟောတော်မူပြန်ရာ ရှေ့နောက်စကား မညီညွတ်သကဲ့သို့ ထင်မှားစရာ ရှိနေသည်၊ သို့သော်လည်း တဏှာသမုဒယ

သစ္စာကား အကြောင်းတရားဖြစ်၍ ဒုက္ခသစ္စာကား အကျိုးတရား ဖြစ်သည်၊ ထိုအကြောင်းတရားဖြစ်သော တဏှာသမုဒယသစ္စာ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကွယ်ပျောက်လျှင် အကျိုးတရားဖြစ်သော အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်းလည်း ချုပ်ငြိမ်းကွယ်ပျောက်သွားတော့သည်ဟု ဖလူပစာ=အဝိနာဘာဝ(အကျိုးတရားနှင့် အကြောင်းတရား မကွေမကွာဖြစ်သော)နည်းအားဖြင့် ဟောတော်မူသည် ဖြစ်၍ ထိုဒေသနာတော် စကား ၂-ရပ်ဟာ ရှေ့နောက် ညီညွတ်သည်ဟု ယုံမှားသံသယ ကင်းရှင်းစွာ မှတ်သားရပေမည်။

## ၄။ မဂ္ဂသစ္စာ

♦ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊သေယျထိဒံ?သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာ-ဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

* ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော (ဝါ) အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်ပင်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။

ဣဒံ မဂ္ဂင်္ဂ၊ ဤမဂ္ဂင်ဟူသည်။ သေယျထာ=ကတမံ၊ အဘယ်ဟာပါနည်း။ သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးတရားကို ကောင်းစွာသိမြင်ခြင်းလည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံစည်ခြင်းလည်းကောင်း။ သမ္မာဝါစာ၊ ကောင်းစွာပြောဆိုခြင်းလည်းကောင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာပြုလုပ်ခြင်း

လည်းကောင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း လည်းကောင်း။ သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း လည်းကောင်း။ သမ္မာသတိ၊ ကောင်းစွာအောက်မေ့ ခြင်းလည်းကောင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း လည်းကောင်း။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ အပေါင်း၏ ကင်းပျောက်ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ် ဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်အောင် ဆောင်ရွက် တတ်သော သစ္စာမည်၏။

## သစ္စာလေးပါး တရားကိုယ်နှင့်ကိစ္စများ ဒုက္ခသစ္စာ၏တရားကိုယ်အရကောက်

♦ ဣဒံ ဒုက္ခံ အရိယသစ္စံ။

* ဣဒံ၊ ဤတဏှာလောဘကြဉ်သော ဘုံသုံးပါး၌ ဖြစ်သော "လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါး"ဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာ ၅-ပါး=ရုပ်နာမ်တရား အပေါင်းသည်။ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခအရိယသစ္စာမည်၏။ (ဝါ) ဒုက္ခသစ္စာမည်၏။

ဓမ္မယောဂီတို့ ဘဝဖန်ခါ သံသရာ၌ ပဋိသန္ဓေတည် နေရခြင်းသည်လည်း ဒုက္ခ၊ ရွတ်တွယိုယွင်း အိုမင်းရင့်ရော် ရခြင်းသည်လည်း ဒုက္ခ၊ မကျန်းမမာ ဖျားနာရခြင်းသည်လည်း ဒုက္ခ၊ တစ်ဘဝကို စွန့်ခွါ၍ စုတိပြတ်ကြွေ သေလွန်ရခြင်း

သည်လည်း ဒုက္ခ၊ (စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်း တို့သည်လည်း ဒုက္ခ) မချစ်မနှစ်သက်အပ်ကုန်သော သတ္တဝါ သင်္ခါရ အာရုံတို့နှင့် အတူတကွ ပေါင်းသင်းနေထိုင်ရ အတူတကွ တွေ့ကြုံပေါင်းဆုံ၍ နေရခြင်းသည်လည်း ဒုက္ခ၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်ကုန်သော သတ္တဝါ သင်္ခါရ အာရုံတို့နှင့် ခွဲခွါ၍ နေရခြင်း၊ ကွေကွင်းကင်းကွာ၍ နေရခြင်း သည်လည်း ဒုက္ခ၊ တောင့်တလင့်ဆို အလိုရှိအပ်သော ပစ္စည်း ဝတ္ထုကို မရခြင်းသည်လည်း ဒုက္ခ၊ အကျဉ်းချုပ်အားဖြင့် တဏှာကြဉ်သော လောကီစိတ်၊ စေတသိက်၊ ရုပ်ဟု ဆိုအပ်သော ဉပါဒါန်တရားတို့၏အာရုံဖြစ်ကုန်သော ခန္ဓာ ၅-ပါး ရုပ်နာမ်တရား တို့သည် ဒုက္ခ စင်စစ်ကေန် အမှန်ပင် ဖြစ်ပါပေတော့၏ဟု ရှေးဦးစွာ "ဒုက္ခသစ္စာ"တရားကို ဟောကြားတော်မူခဲ့ပါသည်။

ဓမ္မယောဂီတို့ "ဒုက္ခသစ္စာ"အရ တရားဆိုတာ တရား-ကိုယ်အားဖြင့် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဟု ဆိုအပ်သော ဘုံသုံးပါး၌ဖြစ်သော လောကီစိတ် ၈၁-ပါး၊ တဏှာ=လောဘ ကြဉ်သော စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါးပင် ဖြစ်သည်။ ခန္ဓာအားဖြင့် ပြောရင် "ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ"ဟု ဆိုအပ်သော ဉပါဒါနက္ခန္ဓာ ၅-ပါးသည် ဒုက္ခသစ္စာ ဖြစ်သည်။

ထို ဒုက္ခသစ္စာသည် "အကျိုးတရား"ဖြစ်တယ် ဆိုတာ ကိုလည်း မှတ်သားခဲ့ပါ။ ပြီးတော့ ထိုဒုက္ခသစ္စာတရားသည် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံအားဖြင့် ဘုံသုံးပါးအတွင်းမှာပဲ

ဖြစ်လို့၊ တနည်းအားဖြင့် ကာမ ၁၁-ဘုံ၊ ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံအားဖြင့် ၃၁-ဘုံအတွင်းမှာပဲ ဖြစ်လို့ "လောကီသစ္စာ"ပဲ ဖြစ်တယ် ဆိုတာကိုလည်း သေချာမှတ်ခဲ့ပါ။

## ဒုက္ခသစ္စာကို ဘာလုပ်ရမလဲ

♦ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျံ။

* ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထို ဒုက္ခသစ္စာကို။ ပရိညေယျံ၊ "ဤတရားကား ဆင်းရဲပင်တည်း၊ ဤဆင်းရဲကား ဤမျှသာ ဖြစ်သည်၊ ဒီထက် အပိုအလွန် မရှိ၊ ဒီအောက် အယုတ်မရှိ"ဟု ပိုင်းခြား၍ သိအပ်၏၊ သိရမည်။

ဓမ္မယောဂီတို့ "ဒုက္ခသစ္စာကို ဘာလုပ်မလဲဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားက "ပရိညေယျံ" ပိုင်းခြား၍ သိရမယ်"လို့ ဟောပါတယ်။ ဘယ်လို ပိုင်းခြားပြီး သိရမလဲ၊ ဤကာမ-ရူပ-အရူပလို့ဆိုတဲ့ ဘုံ ၃-ပါးမှာ ဖြစ်တဲ့ တရားအပေါင်းကား ဆင်းရဲကြောင်းပဲ ဖြစ်တယ်၊ ဤဆင်းရဲကြောင်းတရားကား ဤမျှသာ ဖြစ်တယ်၊ ဒီထက် အပိုအလွန်မရှိသလို ဒီအောက် အယုတ်လဲ မရှိဘူး။ ဒီလို ပိုင်းခြားပြီး သိရပါမယ်။

အဲဒီ ဆင်းရဲဒုက္ခကို ဘယ်သူ ခံစားရမလဲဆိုရင် "ထိုကာမ-ရူပ-အရူပ-လို့ဆိုတဲ့ ဘုံ ၃-ပါးမှာဖြစ်တဲ့ တရားတွေကို ဖြစ်စေတဲ့ပုဂ္ဂိုလ် ဖြစ်အောင်လုပ်တဲ့ပုဂ္ဂိုလ်ကိုယ်တိုင် ခံစားရမှာ ဖြစ်တယ်" ဆိုတာကိုလဲ သိရပါမယ်။

ဒါ့အပြင် ထိုဒုက္ခသစ္စာတရားသည် -

၁။ ပိုင်းခြား ဝေဖန်၍ သိရုံမျှသာ သိပြီး မပယ်စွန့်

ရမည့် ဒုက္ခသစ္စာ၊

၂။ ပိုင်းခြားဝေဖန်၍လည်း သိရမည်၊ ပယ်လည်း ပယ်စွန့်ရမည့် ဒုက္ခသစ္စာအားဖြင့် ၂-မျိုးရှိပါတယ်။

ထိုတွင် "ပိုင်းခြား ဝေဖန်၍ သိရုံမျှသာ သိပြီး မပယ်စွန့်ရမည့် ဒုက္ခသစ္စာ"ဆိုတာ ဥပါဒ်, ဌီ, ဘင်ရှိသော လောကီစိတ် ဝိညာဏက္ခန္ဓာအစုနှင့် မဟာဘုတ်လေးပါးဟူသော လောကီခန္ဓာ ၅-ပါးဟူသော ဒုက္ခသစ္စာတရားပင် ဖြစ်သည်။ ထိုဒုက္ခသစ္စာကို လုံးဝပယ်စွန့်၍ မရ၊ ပိုင်းခြား၍ သိရုံသာ သိရမည်။

ပိုင်းခြားဝေဖန်၍လည်း သိရမည်, ပယ်လည်း ပယ်စွန့်ရမည့် ဒုက္ခသစ္စာဟူသည်- ဥပါဒ်,ဌီ,ဘင်ကင်းသော ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော လောကီခန္ဓာ ၅-ပါးဟူသော ဒုက္ခသစ္စာတရားပင် ဖြစ်သည်။ ထို ဒုက္ခသစ္စာကိုကား ပိုင်းခြား ဝေဖန်၍လည်း သိရမည်၊ ပယ်စွန့်လည်း ပယ်စွန့်ရမည်။

## သမုဒယသစ္စာ၏တရားကိုယ်အရကောက်

♦ ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စံ။

* ဣဒံ၊ ဤတဏှာ,ရာဂဟူသော လောဘသည်။ ဒုက္ခသမုဒယံ၊ အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဝါ၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဒုက္ခသမုဒယ အရိယသစ္စာမည်၏။ ဝါ၊ သမုဒယသစ္စာမည်၏။

ဓမ္မယောဂီတို့ ဘဝဖန်ခါ သံသရာ၌ ပင်ိုသနေ့တည် နေရခြင်း အစရှိကုန်သော အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခ တွေဟာ တရားခံလက်သည် မရှိဘဲ မိုးကျရွှေကိုယ် အကြောင်းမဲ့ ဖြစ်ပေါ်လာကြသည် မဟုတ်၊ လူမင်း နတ်မင်း ပြဟ္မာမင်း

အစရှိသော တန်ခိုးရှင်တို့က ဖန်ဆင်း၍ ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ ထာဝရဘုရားသခင် ဖန်ဆင်း၍ ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ စင်စစ်သော်ကား တွယ်တာ, တပ်မက်မှုတဏှာရာဂ၏အစွမ်းကြောင့်သာ ပရမ်းပတာ ဖြစ်ပေါ်လာရသည်ဟု ဝေနေယျသတ္တဝါတွေကို သိစေတော်မူလိုသော ဗုဒ္ဓမြတ်စွာဘုရားက ဒုက္ခသစ္စာတရားကို ဟောပြီးသည်၏ အခြားမဲ့ကာလမှာ ထိုဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်သော "သမုဒယသစ္စာ"ဆိုတဲ့ အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်းရဲ့ တရားခံလက်သည်ကို ဟောတော်မူခဲ့တာဖြစ်တယ်။

ထို ဒုက္ခသစ္စာတရားရဲ့ တရားခံလက်သည်ဟာ တခြားမဟုတ်ပါဘူးတဲ့၊ တစ်ဖန်ဘဝသစ်ကို ပြုတတ်သော တဏှာ၊ နှစ်သက်တတ်, မခွဲမခွါနိုင်အောင် စွဲလမ်း၍ နေတတ်သော တဏှာ၊ ထိုထိုဖြစ်ရာ ဘဝကို အလွန်နှစ်သက်၍ နေတတ်သော တဏှာ၊ ရူပါရုံအစရှိကုန်သော အာရုံတို့တွင် ထိုထိုအာရုံကို အလွန်နှစ်သက်၍ နေတတ်သော တဏှာ၊ လောကီအာရုံ ကာမဂုဏ်ဟူသမျှကို တပ်မက်တတ်သော တဏှာ၊ ရူပဘဝ အရူပဘဝကို တပ်မက်တတ်သော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာပင် ဖြစ်သည်။ ထိုတဏှာများသည် အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခဖြစ်ခြင်း၏အကြောင်း "သမုဒယသစ္စာ"ပဲဖြစ်ပါတယ်။

## သမုဒယသစ္စာကို ဘယ်လို ကျင့်ရမလဲ

◆ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗံ။

* တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုအမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်း ဖြစ်သော သမုဒယသစ္စာကို။ ပဟာတဗ္ဗံ၊ ပယ်စွန့်အပ်၏။ ပယ်စွန့်ရမည်။

ဓမ္မယောဂီတို့ ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော တဏှာရာဂ သမုဒယ သစ္စာကို ပယ်စွန့်အပ်၏၊ ပယ်စွန့်လိုက်ရမယ်လို့ ဗုဒ္ဓမြတ်စွာ ဘုရားက ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားက ဒီ တဏှာရာဂ သမုဒယသစ္စာကို ဘာကြောင့် ပယ်စွန့်လိုက်ရမယ်လို့ ဟောရသလဲ-ဆိုရင် ဝေနေယျသတ္တဝါတွေကို "ဆင်းရဲဒုက္ခ မရောက်စေချင်လို့ ချမ်းသာစေချင်လို့ပါပဲ"လို့ ဖြေရပါလိမ့်မယ်။

မှန်ပါသည် ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခဖြစ် ခြင်း၏ အကြောင်းဖြစ်သော တွယ်တာ တပ်မက်မှု တဏှာရာဂ သမုဒယသစ္စာကို မပယ်စွန့်နိုင်သေးသမျှကာလပတ်လုံး မပယ် စွန့်နိုင်သေးသော ပုဂ္ဂိုလ်အား ဘဝသံသရာ ရှည်လျားလျက် ဆင်းရဲဒုက္ခအမျိုးမျိုး ဖြစ်နေဦးမယ်ဆိုတာ သေချာပါတယ်၊ ထိုဆင်းဒုက္ခအမျိုးမျိုး မဖြစ်အောင် ဘယ်လိုနည်းနှင့်မှ တားဆီး ကွယ်ကာလို့ မရနိုင်ပါဘူး။

ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သော "တွယ်တာ တပ်မက်မှု တဏှာရာဂ သမုဒယသစ္စာ"ကို ဗုဒ္ဓမြတ်စွာဘုရားက ညွှန်ကြားတဲ့အတိုင်း ပယ်စွန့်လိုက်နိုင်လျှင် ထိုဆင်းရဲဒုက္ခအမျိုးမျိုးတွေဟာ တစ်ခါတည်း ချုပ်ငြိမ်းသွားပါလိမ့်မယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားက "တွယ်တာတပ်မက်မှု

တဏှာရာဂ သမုဒယသစ္စာဟူသမျှကို ပယ်စွန့်လိုက်ရမယ်”လို့ ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

ထို တွယ်တာတပ်မက်မှု တဏှာရာဂ သမုဒယ၏ အရာကား ကျယ်ဝန်းလှပါတယ်။ မှန်ပါတယ်။ ထို တဏှာရာဂ သမုဒယသည် ကုသိုလ်ကံ ပြုလုပ်ရာမှာလည်းကောင်း၊ အကုသိုလ်ကံ ပြုလုပ်ရာမှာလည်းကောင်း ပါဝင်နေလျက် ရှိပါတယ်။

## ကုသိုလ်ကံ ပြုလုပ်ရာ၌ တဏှာသမုဒယ ပါဝင်ပုံ

ဓမ္မယောဂီတို့ ရှေးဦးစွာ လူချမ်းသာ လူ့စည်းစိမ် နတ်ချမ်းသာ နတ်စည်းစိမ် စသည်ကို ရရှိလိုတဲ့ တဏှာသမုဒယ ဖြစ်ပါတယ်၊ ထိုတဏှာသမုဒယကို အခြေခံ၍ ထိုလူချမ်းသာ လူ့စည်းစိမ် နတ်ချမ်းသာ နတ်စည်းစိမ် စသည်ကို ရရှိဖို့ရန် အတွက် ဒါန,သီလ အစရှိတဲ့ ကောင်းမှုကုသိုလ်ကံတွေ ဖြစ်အောင် ပြုလုပ်အားထုတ်ကြပါတယ်၊

တစ်ခါ ထိုကုသိုလ်ကံ တွေမှာလဲ လူမိန်းမ နတ်မိန်းမ အဖြစ်ဖြင့် ကာမဂုဏ်စည်းစိမ် ချမ်းသာကို ခံစားဖို့ လိုလားသော တဏှာသမုဒယ၊ လူယောကျ်ား နတ်ယောကျ်ား, လူမင်း, နတ်မင်း အဖြစ်ဖြင့် ကာမဂုဏ်စည်းစိမ်ချမ်းသာကို ခံစားဖို့ လိုလားသော တဏှာသမုဒယ ဖြစ်ပါတယ်။

ထိုတဏှာ သမုဒယကို အခြေခံ၍ လူမိန်းမ, နတ်မိန်းမ, လူယောကျ်ား, နတ်ယောကျ်ား, လူမင်း, နတ်မင်းဖြစ်ကြောင်း ဒါန,သီလ အစရှိတဲ့ ကောင်းမှုကုသိုလ်ကံတွေကို အားထုတ်ကြပြန်ပါတယ်။

ဤသို့စသည်ဖြင့် ထိုထိုကောင်းမှု ကုသိုလ်ကံကို ပြုလုပ်ခြင်း၏ အခြေခံမူလ အကြောင်းအရင်းမှာ "တဏှာ သမုဒယ"ပင် ဖြစ်ကြောင်း တွေ့ရပါတယ်။

## အကုသိုလ်ကံပြုလုပ်ရာ၌လည်း တဏှာသမုဒယပါဝင်ပုံ

အကုသိုလ်ပြုလုပ်ရာ၌ကား အခြေခံမူလ အနုသယ အဖြစ်ဖြင့်လည်း ပါဝင်တယ်၊ သဟဇာတအဖြစ်ဖြင့်လည်း ပါဝင်တယ်။

ဓမ္မယောဂီတို့ သေသေချာချာ စဉ်းစားကြည့်ပါ၊ လောကီကာမဂုဏ်အာရုံ ကောင်းကောင်းလေးတွေကို တွေ့ရမြင်ရတဲ့အခါ ရှေးဦးစွာ ရရှိလိုတဲ့ တဏှာသမုဒယ ဖြစ်ပါတယ်၊ ထိုတဏှာသမုဒယကို အခြေခံ၍ ထိုလောကီကာမဂုဏ် အာရုံတွေကို ရရှိအောင် လောဘမူအကုသိုလ်ကံကို အားထုတ်ပြန်ပါတယ်။ ထိုအခါမျိုးမှာ တဏှာသမုဒယသည် လောဘမူအကုသိုလ်ကံပြုရာ၌ အတူတကွ အဖော်သဟဲ အဖြစ်ဖြင့် ပါဝင်နေလျက် ရှိပါတယ်။

မိမိရဲ့ဆန့်ကျင်ဘက် ရန်သူကို သတ်ဖြတ်ညှင်းဆဲ နှိပ်စက်လိုတဲ့ တဏှာသမုဒယ ဖြစ်ပါတယ်။

ထိုတဏှာသမုဒယကို အခြေခံ၍ ထိုမိမိရဲ့ ဆန့်ကျင်ဘက် ရန်သူကို သတ်ဖြတ်ကြောင်း ညှင်းဆဲ နှိပ်စက်ကြောင်း ဒေါသမူအကုသိုလ်ကံကို ပြုလုပ်အားထုတ်ပြန်ပါတယ်၊ ထိုအခါ တဏှာသမုဒယသည် ဒေါသမူအကုသိုလ်, မောဟမူအကုသိုလ်ကံတွေကို ပြုရာ၌ အခြေခံမူလ အနုသယအဖြစ်ဖြင့် ပါဝင် နေလျက် ရှိပါတယ်။ ဤသို့စသည်ဖြင့် အကုသိုလ်ကံ ပြုလုပ် ရခြင်း၏ မူလအခြေခံ အကြောင်းရင်းမှာလည်း တဏှာ

သမုဒယပင် ဖြစ်ကြောင်း တွေ့ရပါတယ်။

ဓမ္မယောဂီတို့ ထိုတဏှာသမုဒယကို အခြေခံ၍ ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံများသည် ဘဝသံသရာ၌ အဖန်ဖန် ပဋိသန္ဓေနေရခြင်း အိုမင်းရင့်ရော်ရခြင်း မကျန်းမမာ ဖျားနာရခြင်း သေရခြင်းအစရှိသော အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်းကို ရရှိခြင်း၏ အခြေခံမူလ အကြောင်း တရားများဖြစ်လို့ သမုဒယသစ္စာရဲ့ နယ်ပယ်ထဲမှာ ပါဝင် နေလျက် ရှိပါတယ်၊ ထိုကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ အခြေခံမူလ အကြောင်းရင်းဖြစ်တဲ့ တဏှာသမုဒယကို ပယ်စွန့်ခွါလိုက်လျှင် ထိုတဏှာသမုဒယကြောင့် ဖြစ်ပေါ် လာမည့် အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခတွေပါ တစ်ခါတည်း ချုပ်ငြိမ်းသွားပါလိမ့်မည်၊ ဒါကြောင့် "အရင်းစစ်တော့ အမြစ် မြေက" ဆိုတာလို အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း တွေရဲ့ အခြေခံမူလအကြောင်းရင်းဟာလဲပဲ "တဏှာ သမုဒယသစ္စာ"ပင် ဖြစ်တယ်ဆိုတာ သဘောပေါက်လာပါလိမ့် မယ်။

## တဏှာသမုဒယသစ္စာ ဘာကြောင့် ဖြစ်ရသလဲ

ဓမ္မယောဂီတို့ အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ အပေါင်းတွေ ဖြစ်ရခြင်းရဲ့ အခြေခံမူလ အကြောင်းဟာ တဏှာသမုဒယသစ္စာပဲ ဖြစ်တယ်ဆိုတာ သိရပါပြီ။ ပြီးတော့ ထိုတဏှာသမုဒယသစ္စာကို ပယ်စွန့်ခွါလိုက်လျှင်

ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်းတွေ ချုပ်ငြိမ်းသွားတယ်ဆိုတာလဲ သိရပါပြီ။

ဓမ္မယောဂီပုဂ္ဂိုလ်တို့ သန္တာန်မှာ အမျိုးမျိုးအဖုံဖုံသော

ဆင်းရဲဒုက္ခအပေါင်းတွေ မဖြစ်ရအောင် ထိုတဏှာသမုဒယ သစ္စာကို ပယ်စွန့်ခွါနိုင်ရန်အတွက် တဏှာသမုဒယဖြစ်ခြင်း၏ အခြေခံမူလ အကြောင်းတရားကို မတွေ့တွေ့အောင် ရှာရပါ လိမ့်မယ်၊ ထိုတဏှာသမုဒယသစ္စာဖြစ်ခြင်း၏ အကြောင်း တရားကို ဗုဒ္ဓမြတ်စွာဘုရားက မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ-

♦ မနသိကာရသမုဒယာ ဓမ္မာနံ သမုဒယော၊
မနသိကာရနိရောဓာ ဓမ္မာနံ အတ္ထင်္ဂမော

လို့ ဟောထားပါတယ်။(သံ၊၃။၁၆၁။)

* မနသိကာရသမုဒယာ၊ လောက သင်္ခါရ အာရုံ နိမိတ်ကို နှလုံးသွင်းမှု ဖြစ်ခြင်းကြောင့်၊ ဝါ- လောက သင်္ခါရ အာရုံနိမိတ်ကို ရှေးရှု ကြံစည် စိတ်ကူးခြင်းကြောင့်။ ဓမ္မာနံ၊ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏။ သမုဒယော၊ ဖြစ်ပေါ်လာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

မနသိကာရနိရောဓာ၊ လောက သင်္ခါရ အာရုံနိမိတ်ကို နှလုံးသွင်းမှု ချုပ်ခြင်းကြောင့်၊ (ဝါ) လောက သင်္ခါရ အာရုံ နိမိတ်ကို ရှေးရှု ကြံစည် စိတ်ကူးခြင်း၏ ချုပ်ခြင်းကြောင့်။ ဓမ္မာနံ၊ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၏။ အတ္ထင်္ဂမော၊ ချုပ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မယောဂီတို့ တဏှာသမုဒယဆိုတာ လောက သင်္ခါရ အာရုံနိမိတ်ကို နှလုံးသွင်းခြင်း ရှေးရှုကြံစည်စိတ်ကူးခြင်းကြောင့် ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်၊ ထိုလောက သင်္ခါရ အာရုံ နိမိတ်ကို နှလုံးမသွင်းတော့ဘူး၊ မရှေးရှုတော့ဘူး၊ မကြံစည် တော့ဘူး၊ စိတ်မကူးတော့ဘူးဆိုရင် ထိုတဏှာသမုဒယဟာ ချုပ်ပျောက်သွားပါလိမ့်မယ်။

♦ အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။
နှ တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ န ဟောဟိသိ။
(စူဠနိ၊၃၇။ မဟာနိ။၂။)

* ကာမ၊ ဟယ် ကာမသမုဒယ။ တေ၊ သင်၏။ မူလံ၊ ဖြစ်ပေါ်လာခြင်း၏ အခြေခံမူလ အကြောင်းရင်းကို။ အဒ္ဒသံ၊ ငါသည်။ အဒ္ဒသံ၊ မျက်ဝါးထင်ထင် တွေ့မြင်ရပေပြီ။

ကာမ၊ ဟယ် ကာမသမုဒယ။ သင်္ကပ္ပါ၊ သင်ကာမ သမုဒယကို ကြံစည်စဉ်းစား စိတ်ကူးခြင်းကြောင့်။ တွံ၊ သင်ကာမသမုဒယသည်။ ဇာယသိ၊ ဖြစ်ပေါ်၍ လာရပေ၏။ တံ၊ သင်ကာမသမုဒယကို။ အဟံ၊ ငါသည်။ နှ သင်္ကပ္ပယိဿာမိ၊ မကြံစည် မစဉ်းစား စိတ်မကူးတော့ပြီ။ ဧဝံ၊ ဤသို့ မကြံစည် မစဉ်းစား စိတ်မကူးသည်ရှိသော်။ တွံ၊ သင်ကာမသမုဒယသည်။ န ဟောဟိသိ၊ ငါ့သန္တာန်မှာ ဘယ်တော့ခါမှ ဖြစ်ပေါ်လာ တော့မည် မဟုတ်။

ဓမ္မယောဂီတို့ တဏှာသမုဒယဖြစ်ခြင်း၏ အကြောင်း တရားကို စူဠနိဒ္ဒေသ, မဟာနိဒ္ဒေသ ပါဠိတော်မှာ လာသည့် အတိုင်း ရှင်းပြပါဦးမည်။

ဓမ္မယောဂီတို့ တဏှာသမုဒယဆိုတာ ၃၁-ဘုံအတွင်း မှာရှိတဲ့ လောက သင်္ခါရ အာရုံနိမိတ်ကို ရှေးရှု ကြံစည်စဉ်းစား စိတ်ကူးခြင်းကြောင့် ဖြစ်ပေါ်လာတာ ဖြစ်တယ်၊ တစ်ခါ ထိုတဏှာသမုဒယကြောင့် အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ အပေါင်းတွေ ဖြစ်ပေါ်လာပြန်တယ်ဆိုတာ ယုံမှား သံသယ ဖြစ်စရာ မရှိတော့ဘူး။

ဒီတော့ ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ အပေါင်းတွေ မဖြစ်အောင် တဏှာသမုဒယကို ပယ်စွန့်လိုက်ပါ၊

အဲဒီ တဏှာသမုဒယကို မဖြစ်အောင် လုပ်လိုက်ပါတဲ့။ ထိုတဏှာသမုဒယ မဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုရင် "လောက သင်္ခါရ အာရုံနိမိတ်သို့ ရှေးရှုကြံစည်စဉ်းစား စိတ်ကူးမှုတွေကို ရပ်ထားလိုက်ပါ"လို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

ထိုလောက သင်္ခါရ အာရုံနိမိတ်သို့ မရှေးရှုတော့ဘူး၊ မကြံစည်တော့ဘူး၊ မစဉ်းစားတော့ဘူး၊ စိတ်မကူးတော့ဘူး-ဆိုရင် ဓမ္မယောဂီပုဂ္ဂိုလ်တို့သန္တာန်မှာ ထိုတဏှာသမုဒယ ဆိုတာ မဖြစ်ပေါ်လာတော့ပါဘူး။ ထိုတဏှာသမုဒယ မဖြစ်တော့လျှင် အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်းတွေဟာလည်း တစ်ခါတည်း ချုပ်ငြိမ်းသွားပါလိမ့်မယ်။ အဲဒီ တဏှာသမုဒယ၏ ချုပ်ငြိမ်းရာဟာ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ပါပဲ။

## နိရောဓသစ္စာ၏ တရားကိုယ်အရကောက်

♦ ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စံ။

* ဣဒံ၊ ဤတဏှာ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ နိရောဓသစ္စာမည်၏။

တဏှာသမုဒယ၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာပဲ ဖြစ်ပါတယ်။

## နိရောဓသစ္စာကို ဘာလုပ်ရမလဲ

♦ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗံ။

* တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုအမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်း

၂၄၂၂၃

ကွယ်ပျောက်ရာ နိရောဓသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်၏ မျက်မှောက်ပြုရမည်။ ဝါ- အာရုံပြုရမည်။

ဓမ္မယောဂီတို့ ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရမည်။

အဲဒီ မျက်မှောက်ပြုရမည်ဆိုတာ အာရုံ ပြုရမည်ဟု ဟောတော်မူလိုရင်းပဲ ဖြစ်ပါတယ်။

## မဂ္ဂသစ္စာ၏တရားကိုယ်အရကောက်

♦ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

* ဣဒံ၊ ဤသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-ဟု ဆိုအပ်သော မဂ္ဂင်(၈)ပါးသည်။ ဒုက္ခနိရောဓ-ဂါမိနီပဋိပဒါ အရိယသစ္စံ၊ အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော "မဂ္ဂသစ္စာ"မည်၏။

ဓမ္မယောဂီတို့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-ဟု ဆိုအပ်သော မဂ္ဂင်(၈)ပါးသည် အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော "မဂ္ဂသစ္စာ" ဖြစ်ပါတယ်။

## မဂ္ဂသစ္စာကိုဘယ်လိုကျင့်ရမလဲ

♦ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗံ။

* တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုအမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော မဂ္ဂသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွားများအပ်၏ ပွားများရမည်။

ဓမ္မယောဂီတို့ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော, သမုဒယသစ္စာကို ပယ်စွန့်တတ်သော နိရောဓသစ္စာဟူသော နိဗ္ဗာန်လျှင်အာရုံရှိသော အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း တကယ့်ကို အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော မဂ္ဂသစ္စာ အမည်ရမည့် မဂ္ဂင်(၈)ပါးကို ပွားများပြီးတော့ ကျင့်ရမှာ ဖြစ်ပါတယ်။

ဓမ္မယောဂီတို့ ထို မဂ္ဂသစ္စာအမည်ရမည့် မဂ္ဂင် (၈)ပါးကို ပွားများပြီးတော့ ကျင့်ရမည်ဆိုတာ မိမိရဲ့ သန္တာန်၌ သတိတရား ထင်ထင်ရှားရှား ဖြစ်စေလျက် ထိုမဂ္ဂင် (၈)ပါး တရားကို မှီဝဲခြင်း၊ မိမိသန္တာန်၌ ဖြစ်စေခြင်း ကြိမ်ဖန်များစွာ ပြုခြင်းကိုပင် မဂ္ဂသစ္စာ အမည်ရမည့် မဂ္ဂင်(၈)ပါးကို ပွားများပြီးတော့ ကျင့်တယ်လို့ သဘောပေါက် နားလည်ရပါမယ်။

## သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေ့ထားရခြင်း

မဂ္ဂသစ္စာထိုက်သော မဂ္ဂင်မှာ ၈-ပါးရှိသော်လည်း အဓိကအရေးကြီးဆုံး ကျင့်ရမည့် မဂ္ဂင်ကား "သမ္မာဒိဋ္ဌိ"မဂ္ဂင်ပင် ဖြစ်ပါတယ်။

ထို သမ္မာဒိဋ္ဌိမဂ္ဂင်ကို အဓိကအရေးကြီးဆုံး ကျင့်ရမည့် တရားဟု ဘာကြောင့်ပြောရသလဲဟု မေးလျှင် မိစ္ဆာဒိဋ္ဌိ နယ်ပယ်နှင့် အဝိဇ္ဇာနယ်ပယ်က အလွန်ကျယ်ဝန်းသောကြောင့် ပြောရပါတယ်ဟုပင် ဖြေရပါမည်။

တဏှာသမုဒယသစ္စာကို မပစ်ရက်နိုင်, မခွါရက်နိုင်, မစွန့်ရက်နိုင်သော အန္ဓဗာလပုထုဇဉ် ငမိုက်ကန်းတို့ကို ထိုတဏှာ သမုဒယသစ္စာက မိမိကို မပစ်နိုင်အောင် မခွါနိုင်အောင် မစွန့်နိုင်အောင် ပြောဆိုထားဘိသကဲ့သို့ အဝိဇ္ဇာ မိစ္ဆာဒိဋ္ဌိတို့၏ စကားကိုလည်း နားထောင်ယူမှား၍ နေသည့်အတွက်ကြောင့် ထိုအန္ဓဗာလပုထုဇဉ် ငမိုက်ကန်းပုဂ္ဂိုလ်များဟာ တဏှာ သမုဒယသစ္စာကို မပစ်နိုင်, မခွါနိုင်, မပယ်စွန့်နိုင်ဘဲ ရှိကြ လေသည်။ ထိုကြောင့် ဗုဒ္ဓမြတ်စွာဘုရားက သမ္မာဒိဋ္ဌိမဂ္ဂင်ကို အဓိကအရေးကြီးဆုံး ကျင့်ရမည့်တရား ဖြစ်၍ ရှေ့ဆုံးကထားပြီး ဟောတော်မူခဲ့တာ ဖြစ်ပါတယ်လို့ နားလည်ရပါမယ်။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် အကျင့်မှန်ကန်လျှင် နောက်မှာ ရှိသည့် မဂ္ဂင်-၇-ပါးတို့ကိုလည်း မှန်မှန်ကန်ကန် ကျင့်ပြီးသား ဖြစ်ပါလိမ့်မည်။

ထို သမ္မာဒိဋ္ဌိမဂ္ဂင်တရားကို အကျင့်မမှန်မကန်လျှင် နောက်မှာရှိကြတဲ့ မဂ္ဂင် ၇-ပါးတို့ဟာလဲ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ တွေသာ ဖြစ်ကြပါလိမ့်မည်။

ထို သမ္မာဒိဋ္ဌိမဂ္ဂင်တရားကို အကျင့်မှန်ကန်ပါကလည်း နောက်မှာရှိတဲ့ မဂ္ဂင်တရား ၇-ပါးတို့ဟာလဲ အစဉ်အတိုင်း သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင်တွေသာ ဖြစ်ကြပါလိမ့်မည်။

## မဂ္ဂင်ရှစ်ပါးအကျင့်တရားကို သိက္ခာ ၃-ပါး၌ သွင်းပုံ

ဓမ္မယောဂီတို့ "မဂ္ဂင်ရှစ်ပါးကိုပင် ဗုဒ္ဓမြတ်စွာဘုရားက အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခ အပေါင်း၏ ချုပ်ငြိမ်း ကွယ်ပျောက်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ် "ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ" ဖြစ်တယ်လို့ ဓမ္မစက္က-ပဝတ္တနသုတ် ဓမ္မစကြာပါဠိတော်မှာ အတိအလင်း ဟောကြား ထားခဲ့ပါတယ်။

ထို့အပြင် "မဂ္ဂင်-၈-ပါး အကျင့်တရားကိုပင် "သက္ကာယနိရောဓဂါမိနီ ပဋိပဒါ (ဉပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ချုပ်ငြိမ်းကွယ်ပျောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်)ဟူ၍လည်းကောင်း၊ လောကနိရောဓဂါမိနီ ပဋိပဒါ-ဟူ၍လည်းကောင်း အမျိုးမျိုး နာမည်တပ်၍ ဟောတော်မူသည်။ (သံ၊၂။၁၂၉။)

ထို မဂ္ဂင် ၈-ပါးတို့တွင် သမ္မာဝါစာမဂ္ဂင် သမ္မာကမ္မန္တမဂ္ဂင် သမ္မာအာဇီဝမဂ္ဂင်အားဖြင့် မဂ္ဂင် ၃-ပါးကို သီလသိက္ခာ၌ သွင်းယူရမည်။

သမ္မာဝါယာမမဂ္ဂင် သမ္မာသတိမဂ္ဂင် သမ္မာသမာဓိမဂ္ဂင် အားဖြင့် မဂ္ဂင် ၃-ပါးကို သမာဓိသိက္ခာ၌ သွင်းယူရမည်။

သမ္မာဒိဋ္ဌိမဂ္ဂင် သမ္မာသင်္ကပ္ပမဂ္ဂင်အားဖြင့် မဂ္ဂင် ၂-ပါးကို ပညာသိက္ခာ၌ သွင်းယူရမည်။ (မ၁။၃၇၅။)

ဒီလိုဆိုတော့ "နိဗ္ဗာနဂါမိနီ ပဋိပဒါ=နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဆိုတာ" တခြားမဟုတ်ပါဘူး မဂ္ဂင် ၈-ပါးပဲ ဖြစ်ပါတယ်။

ထိုမဂ္ဂင် ၈-ပါးကို အကျဉ်းချုံးလိုက်လျှင် "သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ"အားဖြင့် အကျင့်တရားဟာ ၃-မျိုးပဲ ဖြစ်ပြန်တယ်။

အဲဒီအကျင့်တရား သုံးမျိုးကိုပင် "သမထဓမ္မ=ရဟန်းတရား" တစ်နည်းအားဖြင့် "ကိလေသာငြိမ်းကြောင်းတရား" ရယ်လို့ ရှေးအဋ္ဌကထာဆရာများ ဖွင့်ဆိုထားကြတာ ဖြစ်ပါတယ်။

## သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင် ဘယ်လိုကျင့်ရမလဲ

ဓမ္မယောဂီတို့ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဆိုတာ မဂ္ဂင် ၈-ပါး အကျင့်တရားပဲ ဖြစ်တယ်၊ ထိုမဂ္ဂင် ၈-ပါး အကျင့်တရားသည်ပင် နိဗ္ဗာန်သို့ ရောက်ဖို့ ရန်အတွက် တစ်ခုတည်းသော တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်တယ်ဆိုတာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားတာ ဖြစ်လို့ သံသယဖြစ်စရာ မရှိပါဘူး။

သို့သော် မိမိကိုယ်တိုင် အားထုတ်နေသည့် ကမ္မဋ္ဌာန်းသည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင် ထိုက်+မထိုက် စိစစ်ဖို့တော့ လိုအပ်ပါတယ်။ မဂ္ဂင်မထိုက်လျှင် မိမိရဲ့ ကမ္မဋ္ဌာန်းလုပ်ငန်းဟာ အချိန်တွေသာ ကုန်ပြီး အကျိုးသက်ရောက်သင့်သလောက် မသက်ရောက်ပဲ ဖြစ်တတ်ပါတယ်။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်တဲ့ မဂ္ဂင် ၈-ပါးရှိသည့်အနက် အဓိက အရေးကြီးဆုံး ကျင့်ရမည့် မဂ္ဂင်ကား "သမ္မာဒိဋ္ဌိမဂ္ဂင်"ပဲ ဖြစ်ပါတယ်။

ထို"သမ္မာဒိဋ္ဌိမဂ္ဂင်" အကျင့်မှန်ကန်လျှင် နောက်မှာရှိကြတဲ့ မဂ္ဂင် ၇-ပါးဟာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ထိုက်ပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် "သမ္မာဒိဋ္ဌိမဂ္ဂင်"ကို မှန်ကန်အောင် ကျင့်တတ်ဖို့ လိုအပ်လာပါတယ်။

ထို "သမ္မာဒိဋ္ဌိမဂ္ဂင်"ကို မှန်ကန်စွာ ကျင့်နိုင်ဖို့ရန်အတွက် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါ အရှင်ကစ္စာနဂေါတ္တမထေရ်က ဤသို့ မေးလျှောက်ထားခဲ့ပါတယ်။

♦ သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌီ"တိ ဘန္တေ ဝုစ္စတိ။
ကိတ္တာဝတာ နု ခေါ ဘန္တေ သမ္မာဒိဋ္ဌိ
ဟောတီ"တိ။ (သံ၊ ၁။ ၂၅၇)

ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား မှန်ကန်သောဉာဏ်အမြင် "သမ္မာဒိဋ္ဌိ" မှန်ကန်သောဉာဏ်အမြင် "သမ္မာဒိဋ္ဌိ" ဟူ၍ ပြောဆိုနေကြပါသည်ဘုရား။

အဘယ်မျှဖြင့် အဘယ်သို့ ကျင့်လျှင် "မှန်ကန်သောဉာဏ်အမြင် "သမ္မာဒိဋ္ဌိ" ဖြစ်ပါသနည်း အရှင်ဘုရား"လို့

မေးလျှောက်တော့-

◆ ဒွယနိဿိတော ခွါယံ ကစ္စာန လောကော ယေဘုယျေန အတ္ထိတဉ္စေဝ နတ္ထိတဉ္စ။ (သံ၊ ၁။၂၅၇)

ချစ်သားကစ္စာန များသောအားဖြင့် ဤသတ္တ-လောကသားဆိုတဲ့ သတ္တဝါအပေါင်းသည် "ရှိသည်၏ အဖြစ်"ကိုလည်းကောင်း၊ "မရှိသည်၏ အဖြစ်"ကိုလည်းကောင်း နှစ်ပါးသော အဖို့အစုမှာ အမှီပြုပြီး နေကြပါသည်"လို့ ဗုဒ္ဓမြတ်စွာဘုရားက ပြန်လည်ဖြေကြားခဲ့ပါတယ်။

ဓမ္မယောဂီတို့ ဗုဒ္ဓမြတ်စွာဘုရား ဖြေဆိုဟောကြားလိုက်တဲ့ အဓိပ္ပာယ်ကို ချစ်သားကစ္စာန ဤသတ္တလောကသား သတ္တဝါအပေါင်းသည် ရှိသည်၏အဖြစ်=အမြဲတမ်း ထင်ရှားရှိနေတယ် ဖြစ်နေတယ်လို့ အယူရှိသော ပုဂ္ဂိုလ်က တစ်စု။ မရှိသည်၏အဖြစ် မရှိတော့ဘူး၊ မဖြစ်တော့ဘူး၊ သေပြီးလျှင် ပြတ်သည်လို့ အယူရှိသော ပုဂ္ဂိုလ်က တစ်စုရယ်လို့ နှစ်မျိုးနှစ်စား ရှိပါတယ်လို့ နားလည်ရပါမယ်။

အဲဒီပုဂ္ဂိုလ် နှစ်မျိုးနှစ်စားထဲမှာ-

၁။ ဤသတ္တလောကသား သတ္တဝါအပေါင်းသည် "အမြဲတမ်း ထင်ရှားရှိနေတယ် ဖြစ်နေတယ်"လို့ အယူရှိသော ပုဂ္ဂိုလ်တစ်စုသည် "သဿတဒိဋ္ဌိ"အစွန်းဘက် ရောက်နေတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

၂။ ဤသတ္တလောကသား သတ္တဝါအပေါင်းသည် "မရှိတော့ဘူး မဖြစ်တော့ဘူး သေပြီးလျှင် ပြတ်သည်"ဟု

အယူရှိသော ပုဂ္ဂိုလ်တစ်စုသည် "ဥစ္ဆေဒဒိဋ္ဌိ"အစွန်းဘက် ရောက်နေတဲ့ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်လို့ အဋ္ဌကထာဆရာက သေသေချာချာ ရှင်းပြထားပါတယ်။ (သံ၊၄။၂။၃၁။)

ဓမ္မယောဂီတို့ "ထိုသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အမြင်မျိုးသည် လောက, သခါရ, အာရုံနိမိတ်နှင့် ဆက်သွယ်နေသော စိတ်ကူးပင် ဖြစ်သည်။ အဲဒီ လောက သခါရ အာရုံနိမိတ်နှင့် ဆက်သွယ်နေသော စိတ်ကူး ဖြစ်လိုက်တယ် ဆိုရင် ထိုဓမ္မယောဂီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ "ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရား"ဆိုတဲ့ သခါရလောက တရားတွေ မပြတ် ဒလစပ် ဖြစ်နေပါတယ်။

♦ လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ နတ္ထိတာ၊ သာ န ဟောတိ။ (သံ၊၁။၂၅၇။)

ချစ်သားကစ္စာန သခါရလောကတရားတွေဟာ အကြောင်းအကျိုး ဆက်သွယ်ပြီး ဖြစ်ပေါ်လာသည်ကို ကောင်းသော ဝိပဿနာပညာ မဂ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်စွမ်းလျှင် အဲဒီ မရှိတော့ဘူး မဖြစ်တော့ဘူး သတ္တဝါ-တွေ သေပြီးလျှင် ပြတ်သည်ဟု ယူဆသော "ဥစ္ဆေဒဒိဋ္ဌိ" အမြင်မျိုး မရှိတော့ဘူး။

♦ လောကနိရောဓံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ အတ္ထိတာ၊ သာ န ဟောတိ။ (သံ၊၁။၂၅၇။)

ချစ်သားကစ္စာန သခါရလောကတရားတွေ ဒလစပ်

ချုပ်ဆုံးကွယ်ပျောက်နေသည်ကို ကောင်းသော ဝိပဿနာပညာ မဂ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်စွမ်းလျှင် အဲဒီ သတ္တဝါတွေ အမြဲတမ်း ထင်ရှားရှိနေတယ်၊ ဖြစ်နေတယ်ဟု ယူဆသော "သဿတဒိဋ္ဌိ"အမြင်မျိုး မဖြစ်တော့ဘူး။

ဓမ္မယောဂီတို့ သင်္ခါရလောကတရားတွေ အကြောင်း အကျိုးဆက်သွယ်ပြီး ဖြစ်ပေါ်လာသည်ကို မသိမြင်နိုင်သေးသမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်သည် ဥစ္ဆေဒဒိဋ္ဌိ အစွန်းရောက်နေတဲ့ သူပဲ ဖြစ်တယ်၊ ထိုပုဂ္ဂိုလ်ရဲ့ ဘဝမှ လွတ်မြောက်ရန်အတွက် အားထုတ်မှုသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် "သမ္မာဒိဋ္ဌိ မဂ္ဂင်" မဖြစ်နိုင်ဘူးဆိုတာ နားလည်ရပါမယ်။

ထိုသင်္ခါရတရားတွေဟာ ဒလစပ်ဖြစ်ပေါ်လာပြီး ဒလစပ် ချုပ်ဆုံးကွယ်ပျောက်သွားသည်ကို မသိမြင်နိုင်သေးသမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်ဟာလည်း သဿတဒိဋ္ဌိအစွန်း ရောက်နေတဲ့သူပဲ ဖြစ်တယ်၊ ထိုပုဂ္ဂိုလ်ရဲ့ ဘဝမှလွတ်မြောက်ရန် အတွက် အားထုတ်မှုသည် နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် "သမ္မာဒိဋ္ဌိမဂ္ဂင်" မဖြစ်နိုင်ဘူးဆိုတာ နားလည်ရပါမယ်။

ဓမ္မယောဂီတို့ သဿတဒိဋ္ဌိအယူနှင့် ဥစ္ဆေဒဒိဋ္ဌိအယူ ၂-မျိုးလုံးဟာ သင်္ခါရလောကတရားအပေါ်မှာ တည်မှီပြီးတော့ ဖြစ်ပါတယ်။

အဲဒီ သင်္ခါရလောကတရားဆိုတာ လောက, သင်္ခါရ, အာရုံနိမိတ်နှင့် ဆက်သွယ်ပြီး ကူးယူလိုက်တဲ့ စိတ်ကြောင့် ဓမ္မယောဂီတို့ရဲ့ စိတ်အစဉ်=မနောဒွါရမှာ ဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားပဲ ဖြစ်ပါတယ်။

ထိုဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရား ဖြစ်ပေါ်လာ မှုသည် လောက သင်္ခါရ အာရုံနိမိတ်ကို စိတ်ကူးဆက်သွယ်

လိုက်ခြင်းဟူသော "သမုဒယ"ကြောင့်ပင် ဖြစ်သည်။

ထိုသမုဒယသည် ပဟာတဗ္ဗ=ပယ်ခွါရမည့်တရား ဖြစ်ခြင်းကြောင့် ထိုလောကသင်္ခါရ အာရုံနိမိတ်အပေါ် ကူးယူဆက်သွယ်နေသော စိတ်ကို ပယ်ခွါလိုက်လျှင် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရား မဖြစ်တော့။ ထိုဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားဟု ဆိုအပ်သော သင်္ခါရလောကတရား မဖြစ်လျှင် ထိုအပေါ် တည်မှီပြီးဖြစ်တဲ့ သဿတဒိဋ္ဌိ+ဥစ္ဆေဒဒိဋ္ဌိ အယူနှစ်မျိုးလုံး မဖြစ်တော့။

ထိုသို့ လောက သင်္ခါရ အာရုံနိမိတ်နှင့် ဆက်သွယ်စိတ်ကူးမှုကို ပယ်ခွါပြီး ကျင့်တဲ့ ပုဂ္ဂိုလ်၏ အားထုတ်မှုသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် "သမ္မာဒိဋ္ဌိမဂ္ဂင်"ဖြစ်သည်။

ထိုသမ္မာဒိဋ္ဌိမဂ္ဂင် အကျင့်မှန်ကန်လျှင် နောက်မှာရှိကြတဲ့ သမ္မာသင်္ကပ္ပအစရှိတဲ့ မဂ္ဂင်ခုနစ်ပါးကိုလည်း အလိုလိုမှန်ကန်စွာ ကျင့်ပြီးဖြစ်ပါတယ်။ အချုပ်ပြောရလျှင် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင် လောကသင်္ခါရ အာရုံနိမိတ်နှင့် ဆက်သွယ်စိတ်ကူးမှုကို ပယ်ခွါပြီး ကျင့်ရမည်။

## သစ္စာလေးပါးကို အကြောင်းအကျိုးခွဲပုံ

ဓမ္မယောဂီတို့ အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ရောက်အောင် ပြုလုပ်ဆောင်ရွက်တတ်သော သစ္စာတရားသည်–

(၁) ဒုက္ခသစ္စာ။

(၂) သမုဒယသစ္စာ။

(၃) နိရောဓသစ္စာ။

(၄) မဂ္ဂသစ္စာအားဖြင့် ၄-မျိုး ရှိသည်။

ထို လေးမျိုးတို့တွင် ဒုက္ခသစ္စာကား အကျိုးတရား ဖြစ်သည်။ သမုဒယသစ္စာကား ထိုဒုက္ခသစ္စာ၏ အကြောင်းတရားပင် ဖြစ်သည်။ နိရောဓသစ္စာကား အကျိုးတရားဖြစ်သည်။ မဂ္ဂသစ္စာကား ထိုနိရောဓသစ္စာတရား၏ အကြောင်းတရားပင်ဖြစ်သည်။

| အကြောင်းသစ္စာ | + | အကျိုးသစ္စာ |
|---|---|---|
| သမုဒယသစ္စာ | + | ဒုက္ခသစ္စာ၊ |
| မဂ္ဂသစ္စာ | + | နိရောဓသစ္စာ၊ |

## လောကီသစ္စာ+လောကုတ္တရာသစ္စာခွဲပုံ

ထိုသစ္စာလေးပါးတို့တွင် အကြောင်းတရားဖြစ်သော "သမုဒယသစ္စာ"နှင့် အကျိုးတရားဖြစ်သော "ဒုက္ခသစ္စာ" တစ်စုံကား လောကီသစ္စာ ၂-ပါး ဖြစ်သည်။

အကြောင်းတရားဖြစ်သော "မဂ္ဂသစ္စာ"နှင့် အကျိုးတရားဖြစ်သော "နိရောဓသစ္စာ"တစ်စုံကား လောကုတ္တရာသစ္စာ ၂-ပါး ဖြစ်သည်။

## အဘယ်သစ္စာတရားတို့ကို ကျင့်ရမလဲ

ဓမ္မယောဂီတို့ အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်အောင် ပြုလုပ်ဆောင်ရွက်တတ်သော သစ္စာတရားသည် ၄-ပါး ရှိသည့်အနက် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာ ၂-ပါးကား အကျိုးသစ္စာတရားများ ဖြစ်သောကြောင့် ကျင့်ရမည့်=အလုပ်

လုပ်ရမည့် "သစ္စာ" မဟုတ်ပါ။

ဓမ္မယောဂီတို့ ကျင့်ရမည့် အလုပ်လုပ်ရမည့် သစ္စာကား အကြောင်းတရား သစ္စာများဖြစ်သော သမုဒယသစ္စာနှင့် မဂ္ဂသစ္စာ ၂-ပါးပင် ဖြစ်သည်။

## အကြောင်းသစ္စာကို ဘယ်လိုကျင့်ရမလဲ

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗံ" ဓမ္မစက္ကပဝတ္တနသုတ်ခေါ် ဓမ္မစကြာဒေသနာတော်မှာ ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားခဲ့သည့်အတိုင်း အမျိုးမျိုး အဖုံဖုံသော ဆင်းရဲဒုက္ခအပေါင်း ဖြစ်ခြင်း၏အကြောင်း ဖြစ်သော "သမုဒယသစ္စာ အမည်ရသော တဏှာ ရာဂ လောဘ"ကို ပယ်စွန့်ပြီး, ပယ်ခွါပြီး "ကျင့်"ရပါမည်။

ထို တဏှာ ရာဂ လောဘကို ဆင်းရဲဒုက္ခအပေါင်း ဖြစ်ခြင်း၏အကြောင်း "သမုဒယ"ပဲဟု သိလိုက်လျှင် ထို တဏှာရာဂလောဘကို ပယ်စွန့်ခြင်းကိစ္စကို ကျင့်ပြီး ဖြစ်တော့သည်။ ဓမ္မယောဂီတို့ သမုဒယသစ္စာကို အဲဒီလိုကျင့်ပါ။

ဓမ္မယောဂီတို့ ဓမ္မစကြာဒေသနာတော်မှာ မဂ္ဂသစ္စာရဲ့ အလုပ်စခန်းကို ဗုဒ္ဓမြတ်စွာဘုရားက-

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ
အရိယသစ္စံ ဘာဝေတဗ္ဗံ"

လို့ ဟောကြားခဲ့တယ်။

ဒုက္ခသစ္စာကို ပိုင်းခြား၍သိတတ်သော, သမုဒယသစ္စာကို ပယ်စွန့်တတ်သော, နိရောဓသစ္စာလျှင်အာရုံရှိသော, နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာအမည်ရမည့် မဂ္ဂင်-၈-ပါး အကျင့်တရားကို ပွားများပြီး ကျင့်ရပါမည်။

## မဂ္ဂင်၈–ပါး အကျင့်တရားကို ပွားများရမည်ဆိုတာ

“မိမိသန္တာန်၌ သတိတရား ထင်ရှားဖြစ်စေလျက် ထိုမဂ္ဂင်–၈–ပါး အကျင့်တရားကို မှီဝဲခြင်း မိမိသန္တာန်၌ ဖြစ်စေခြင်း ကြိမ်ဖန်များစွာ ပြုခြင်းကိုပင်” မဂ္ဂင် ၈–ပါး အကျင့်တရားကို ပွားများတယ်လို့ ခေါ်ပါတယ်။

ဆိုလိုရင်းက သတိတရား ထင်ထင်ရှားရှား ဖြစ်စေလျက် မပြတ်ဒလစပ် သိနေလျှင် “မဂ္ဂသစ္စံ ဘာဝေတဗ္ဗံ”အရ မဂ္ဂသစ္စာတရားကို ပွားများနေတယ်လို့ နားလည်သဘောပေါက်ရပါမယ်။

## သစ္စာလေးပါး၌ မဂ်ကိစ္စလေးချက် တစ်ပြိုင်နက်ဖြစ်ပုံ

သစ္စာလေးပါးရှိလို့ ကိစ္စတွေကို အသီးသီး တစ်ခုစီ ရှင်းပြနေရသည့်အတွက် မဂ်ကိစ္စတွေဟာ တစ်ခုပြီးမှ တစ်ခု ဖြစ်တယ်လို့ မမှတ်ပါနဲ့ တစ်ပြိုင်နက် ဖြစ်ပါတယ်။

ဥပမာ– ဆီမီးသည် အမိုက်မှောင်ကို ဖျောက်ခြင်း ကိစ္စ, အလင်းရောင်ကိုပြုခြင်း ကိစ္စ, ဆီကို ခန်းခြောက်စေခြင်း ကိစ္စ, မီးစာကို ကုန်စေခြင်းကိစ္စ ၄–ချက် တစ်ပြိုင်နက် ပြီးစေသလို ထို့အတူပဲ ဓမ္မယောဂီတို့ရဲ့ သန္တာန်မှာ သတိတရား ထင်ထင်ရှားရှား ဖြစ်စေလျက် မပြတ် ဒလစပ် သိနေမှု သဘောသည် သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ, ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စ, သုညတနိရောဓကို မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာအမည်ရမည့် မဂ္ဂင်(၈)ပါး အကျင့်တရားကို ပွားများခြင်းကိစ္စ, လေးချက် တစ်ပြိုင်နက်

တည်း ဖြစ်သွားပါတယ်။

## သစ္စာလေးပါးနှင့် မူလကမ္မဋ္ဌာန်း

ဓမ္မယောဂီတို့ ကြည်းကုန်းမြေအပြင်၌ လှုပ်ရှား သွားလာကြကုန်သော သတ္တဝါတို့၏ ခြေရာအားလုံးတို့သည် “ဆင်ခြေရာ၌ အတွင်းဝင်ခြင်းသို့ ရောက်ကြရကုန်၏၊ ဆင်ခြေရာသည် အလွန်ကြီးသောကြောင့် ထိုကြည်းကုန်း မြေအပြင်၌ လှုပ်ရှားသွားလာကြကုန်သော သတ္တဝါတို့၏ ခြေရာတို့ထက် မြတ်သည်”ဟု ပြောဆိုရသကဲ့သို့ ထိုဥပမာ နည်းတူပါပဲ အလုံးစုံသော ကုသိုလ်တရားတို့သည် တစ်နည်း အားဖြင့် ပြောရလျှင် အလုံးစုံသော ကမ္မဋ္ဌာန်း အားထုတ်နည်း တို့သည် သစ္စာလေးပါးနည်း၌ အတွင်းဝင်ခြင်းသို့ ရောက်ကြရ ပါသည်။ သစ္စာလေးပါးနည်းသည် ဗုဒ္ဓမြတ်စွာ ဘုရားတစ်ဆူ ပွင့်ထွန်းပေါ်ပေါက်လာမှ သိရသောကြောင့်လည်းကောင်း၊ ဘုရားအစရှိကုန်သော ခပ်သိမ်းကုန်သော အရိယာသူတော်စင် များစွာတို့သည် သစ္စာလေးပါးနည်းဖြင့် အားထုတ်ပြီး အာသဝေါ တရားမှ လွတ်မြောက်တော်မူကြသောကြောင့်လည်းကောင်း အမြတ်ဆုံး အကျင့်တရား အကောင်းဆုံး အကျင်တရားဖြစ် သည်ဆိုတာ ယုံမှားသံသယ ဖြစ်စရာ လိုမယ် မထင်ပါ။

အဋ္ဌကထာဆရာများ ဖွင့်ပြကြသည့် “မူလကမ္မဋ္ဌာန်း နည်းဆိုတာလည်း အခြားကို ရည်ရွယ်၍ ဖွင့်ဆိုခြင်း မဟုတ်ပါ၊ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူပြီး “ပဥ္စဝဂ္ဂီ”အမှူးပြုသည့် များပြားလှစွာသော နတ်ဗြဟ္မာအပေါင်းအား ဟောတော်မူ ခဲ့သော ဓမ္မစကြာဒေသနာတော်လာ “သစ္စာလေးပါး အကျင့် တရားနည်း”ကို ရည်ရွယ်ပြီး ဖွင့်ပြကြသည်ဟု ယုံကြည်ပါသည်။

ထိုသစ္စာလေးပါးနည်းကို မည်သို့ မည်ပုံ ကျင့်ရမည်ကို အကျယ်တဝင့် ရှင်းပြခဲ့ပြီးပါပြီ။ ထိုသစ္စာလေးပါး ကျင့်နည်း ကိုပင် မူလကမ္မဋ္ဌာန်း ဖြစ်တယ်ဆိုတာ အနီးကပ်ဆုံး သာဓက တစ်ခု ထုတ်ပြပြီး ရှင်းပြပါမည်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်အခါက "မူလကမ္မဋ္ဌာန်း"တရားကို ပွားများအားထုတ်ပြီး ကိလေသာအာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူကြတဲ့ ကုဋုမ္ဗိယပုတ္တ မဟာတိဿမထေရ်၊ သီဟိုဠ်ခေတ် ပီတမလ္လမထေရ်တို့အား တစ်ညဉ့်သာ အားထုတ်ချိန်ကာလရှိပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ပြုသွားတဲ့ အကြောင်း ဖွင့်ပြကြပါသည်။

(ဒီ၊ဋ္ဌ။၂။၃၃၉။ မ၊ဋ္ဌ။၁။၂၃၃။ သံ၊ဋ္ဌ။၂။၂၇၂။)

ထိုမထေရ်တို့ထက် အားထုတ်ချိန်ကာလ အလွန် နည်းပြီး "မူလကမ္မဋ္ဌာန်း"ကို အားထုတ်ကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားတဲ့ "အရှင်ဂေါဓိက"မထေရ်အကြောင်း အကျဉ်းချုပ် ရှင်းပြပါမည်။

အရှင်ဂေါဓိကမထေရ်ဟာ လောကီစျာန်သမာပတ် ရရှိပြီးသူဖြစ်သည်။ သို့သော်လည်း မထေရ်ဟာ ဝင်စားတိုင်း ဝင်စားတိုင်း ထိုရအပ်သော လောကီစျာန်သမာပတ်မှ လျှောကျပါတယ်။ တစ်ကြိမ် နှစ်ကြိမ်,လေး မဟုတ်ပါ။ ခြောက်ကြိမ် တိုင်တိုင် ဝင်စားတိုင်း ဝင်စားတိုင်း ထိုရအပ်သော လောကီစျာန် သမာပတ်မှ လျှောကျပါတယ်။

မထေရ်သည် ခြောက်ကြိမ်တိုင်တိုင် ဝင်စားတိုင်း ဝင်စားတိုင်း ထိုရအပ်သော လောကီစျာန်သမာပတ်မှ လျှောကျ ပြီးနောက် ခုနစ်ကြိမ်မြောက် ရရှိသည့်အခါ ဤသို့ စဉ်းစား

ကြံစည်တော်မူခဲ့ပါသည်၊ ဘယ်လို စဉ်းစားကြံစည်တော်မူခဲ့ ပါသလဲ ဆိုရင်-

"လောကီစျာန်သမာပတ်မှ လျှောကျပြီး သေဆုံးလျှင် လားရမည့် ဂတိဟာ မမြဲနိုင်ဘူး၊ စျာန်မလျှောကျဘဲ သေဆုံးလျှင် လားရမည့်ဂတိဟာ မြဲတယ်၊ မိမိ ရရှိထားသည့် စျာန်အားလျော်စွာ ဗြဟ္မာပြည်၌ ဖြစ်လိမ့်မယ်၊ ဒီတော့ မိမိအဖို့ရာ အသက်ရှင်၍ နေရခြင်းထက် သေရခြင်းက မြတ်သည်ဟု ကောင်းစွာသိမြင်တော်မူပြီး လည်ချောင်းကို ဓားဖြင့် လှီးဖြတ်ပြီး အဆုံးစီရင်ဖို့ရန်"- ကြံစည် စဉ်းစားနေပါတယ်။

ထိုအချက်ကို မာရ်နတ်ကြီးသိတဲ့အခါ-

"အကြင်ပုဂ္ဂိုလ်သည် ကိုယ်နှင့်မိမိအသက်ကို မငဲ့ကွက်၊ ထိုပုဂ္ဂိုလ်သည် လောက သခါရ အာရုံနိမိတ်အပေါ် ဆက်သွယ်ကူးယူနေသော စိတ်ကို ခွါပြီး မူလကမ္မဋ္ဌာန်း =မဂ္ဂသစ္စာ အမည်ရမည့် မဂ္ဂင်-၈ပါး အကျင့်တရားကို သုံးသပ်ပြီး အရဟတ္တဖိုလ်ကိုသော်လည်း ယူခြင်းငှါ စွမ်းနိုင်တယ်"လို့-

မာရ်နတ်ကြီးရဲ့ ဉာဏ်မှာ ကောင်းစွာ သိမြင်ပါတယ်။ ထိုမထေရ်ရဲ့ အကြောင်းကို ဗုဒ္ဓမြတ်စွာဘုရားအား ပြောပြလျှောက်ထားပြီး တားမြစ်ဖို့ရန် တိုက်တွန်းသည့်အခါ ဗုဒ္ဓမြတ်စွာဘုရားကလည်း "မာရ်နတ်ရဲ့ ရည်ရွယ်ချက်ကို သိတော်မူပြီး-

"အမြစ်အရင်းနှင့်တကွ တွယ်တာတပ်မက်မှု"တဏှာ"ကို ပယ်နှုတ်၍ အရှင်ဂေါဓိကမထေရ်သည် ပရိနိဗ္ဗာန်ပြုသွားပြီ။ ပညာရှိသူတော်ကောင်းတို့သည် အကျိုးရှိမည်ဆိုလျှင် ဤသို့ ပြုကြသည်၊ မိမိအသက်ကို အလိုမရှိကြကုန်"ဟု-

မိန့်တော်မူလိုက်ပါတယ်၊

မာရ်နတ်လျှောက်ထားတဲ့အချိန်မှာ အရှင်ဂေါဓိက မထေရ်ဟာ ပက်လက်လှန် အိပ်ပြီး ထက်လှစွာသော သင်တုန်း ဓားဖြင့် လည်ချောင်းကို လှီးဖြတ်လိုက်ပါတယ်၊ မထေရ်ရဲ့ သန္တာန်မှာ ဒုက္ခာ ဝေဒနာ ဥပ္ပဇ္ဇိသု=ဆင်းရဲလှစွာသော ကာယိကဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာပါတယ်။

♦ ထေရော ဝေဒနံ ဝိက္ခမ္ဘေတွာ

ထေရော၊ အရှင်ဂေါဓိကမထေရသည်။ ဝေဒနံ၊ ဆင်းရဲ ပင်ပန်းလှစွာသော ကာယိကဒုက္ခဝေဒနာကို။ ဝိက္ခမ္ဘေတွာ၊ ပယ်ခွါ၍။

အရှင်ဂေါဓိကမထေရ်သည် ထိုဖြစ်ပေါ်လာတဲ့ ဆင်းရဲပင်ပန်းလှစွာသော ကာယိကဒုက္ခဝေဒနာကို ပယ်ခွါပြီး ကျင့်နေပါတယ်။

ဘယ်လို ပယ်ခွါပြီး ကျင့်ပါသလဲ? ထိုအရှင်ဂေါဓိက မထေရ်သည် ပက်လက်လှန် အိပ်ပြီး ထက်လှစွာသော သင်တုန်းဓားဖြင့် လည်ချောင်းကို လှီးဖြတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲပင်ပန်းလှစွာသော ဒုက္ခဝေဒနာကို စွဲ၍ ဖြစ်သော ခန္ဓာကိုယ်၏ ဆင်းရဲပင်ပန်းခြင်းကို နောက်ထပ် တစ်ဖန် မဖြစ်စေသည်၏အစွမ်းအားဖြင့် ပယ်ခွါလိုက်ပါတယ်လို့ ဋီကာဆရာက ဒီလိုပဲ ဖြေပါတယ်။

ဆိုလိုတာကတော့ ထိုလည်ချောင်းကို ထက်လှစွာသော သင်တုန်းဓားဖြင့် လှီးဖြတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲဒုက္ခဝေဒနာသို့ နောက်ထပ်တစ်ဖန် စိတ် မရောက်စေတော့ဘဲ ထိုလည်ချောင်းကို သင်တုန်းဓားဖြင့်

လိုးဖြတ်ရာဒဏ်ချက်ကို နှလုံးမသွင်းတော့ဘဲ=အာရုံ မပြုတော့ဘဲ စိတ်ကို ခွါပြီး ကျင့်နေပါတယ်လို့ ဆိုလိုရင်းပဲ ဖြစ်ပါတယ်။

စိတ်ကိုခွါတယ် ဆိုတာလည်း ထိုဒဏ်ချက်ပေါ် ရောက်နေတဲ့ စိတ်ကို သတိဖြင့် ထိန်းထားလိုက်တာပါပဲ။

မှန်ပါသည်။ နာမက္ခန္ဓာလေးပါးထဲမှာလဲ စိတ်=ဝိညာဏက္ခန္ဓာက ပဓာန ရှေ့သွားခေါင်းဆောင်ပဲ ဖြစ်ပါတယ်။ ထိုလည်ချောင်းကို သင်တုန်းဓားဖြင့် လိုးဖြတ်ရာဒဏ်ချက်သို့ စိတ်မရောက်တော့ဘူး-ဆိုရင် ဆင်းရဲမှု ဒုက္ခဝေဒနာဆိုတာလဲ ဖြစ်ပေါ်မလာတော့ပါဘူး။ ဖြစ်ပေါ်စရာအကြောင်းလဲ မရှိတော့ပါဘူး။

♦ "တံယေဝ ဝေဒနံ ပရိဂ္ဂဟေတွာ"

* တံယေဝ ဝေဒနံ၊ ထိုဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခ ဝေဒနာကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။

ထိုဖြစ်ပေါ်လာတဲ့ ဆင်းရဲဒုက္ခဝေဒနာကို သိမ်းဆည်း၍ ကျင့်တယ်-ဆိုတာ လည်ချောင်းကို သင်တုန်းဓားဖြင့် လိုးဖြတ်ရာ ဒဏ်ချက်မှ စိတ်ကို ပယ်ခွါပြီး ဖြစ်ပေါ်လာသော ဝိပဿနာစိတ် အစဉ်သို့ ကျရောက်သည်ကို ပြုလုပ်အားထုတ်နေတယ်လို့ ဆိုလိုပါတယ်။

ဓမ္မယောဂီတို့ စဉ်းစားကြည့်ပါ "မထေရ်ရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ ဆင်းရဲပင်ပန်းလှစွာသော ဒုက္ခဝေဒနာတွေဆိုတာ ရုပ်မှာဖြစ်ပါတယ်၊ ထိုရုပ်ပေါ်မှာဖြစ်နေတဲ့ ကာယိကဒုက္ခ ဝေဒနာအပေါ် စိတ်က ရောက်ရောက်နေလျှင် ဥပါဒါနက္ခန္ဓာ ၅-ပါး ဖြစ်ပါတယ်၊ ထိုကာယိကဒုက္ခဝေဒနာအပေါ် ဆက်သွယ် ကူးယူနေတဲ့ စိတ်ဟာ ဆင်းရဲဖြစ်ခြင်း၏အကြောင်းဖြစ်လို့

သမုဒယသစ္စာရဲ့ နယ်ထဲမှာ ကျရောက်တာ ဖြစ်ပါတယ်။

ထိုကာယိယဒုက္ခဝေဒနာအပေါ် ဆက်သွယ်ကူးယူနေတဲ့စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာ ၅-ပါးကား "ဒုက္ခသစ္စာ"ဖြစ်ပါတယ်။

အဋ္ဌကထာ၌ "မထေရ်သည် ဆင်းရဲဝေဒနာကို ပယ်ခွါ၍ ထိုဆင်းရဲဝေဒနာကိုပင် သိမ်းဆည်း၍"-ဆိုတဲ့ စကားရပ်ဟာ သမုဒယသစ္စာကို ပယ်ခွါပြီး ကျင့်နေတယ်လို့ ဆိုလိုပါတယ်။

ဓမ္မယောဂီတို့ သစ္စာ ၄-ပါးမှာ တကယ်ကျင့်ရတဲ့ သစ္စာက ၂-ပါးထဲ ဖြစ်ပါတယ်၊ အဲဒီ နှစ်ပါးထဲမှာလည်း သမုဒယသစ္စာကို ပယ်စွန့်ခွါပြီးလျှင် မဂ္ဂသစ္စာ အမည်ရမည့် မဂ္ဂင် ၈-ပါး အကျင့်တရားကို အရှင်ဂေါဓိကမထေရ် ကျင်သုံးလျက် ရှိနေတဲ့အကြောင်းကို အဋ္ဌကထာဆရာက "သတိံ ဥပဋ္ဌပေတွာ မူလကမ္မဋ္ဌာနံ သမ္မသန္တော"လို့ မိန့်ပါတယ်။

"သတိတရားကို ကပ်တည်စေ၍ မူလကမ္မဋ္ဌာန်းကို သုံးသပ်လျက်"-ဆိုတာ သတိတရားကို ထင်ထင်ရှားရှား ဖြစ်စေလျက် မပြတ် တရစပ် ကောင်းစွာသိမြင်အောင် အားထုတ်နေတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို မထေရ်ရဲ့ မူလကမ္မဋ္ဌာန်း=မဂ္ဂသစ္စာအမည်ရမည့် မဂ္ဂင်-၈-ပါး အကျင့်တရားကို အားထုတ်ချိန်ဟာ အင်မတန် တိုတောင်းလှပါတယ်၊ ယင်းသို့တိုတောင်းလှပါသော်လည်း-

"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ=ရဟန်းတို့ မဂ္ဂင်-၈-ပါး အကျင့်တရားသည် နိဗ္ဗာန်ရောက်ဖို့ရန် တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်တယ်"လို့ ဗုဒ္ဓမြတ်စွာ

ဘုရားကိုယ်တိုင် ဟောကြားခဲ့တဲ့ မဂ္ဂင် ၈-ပါး အကျင့်တရားကို နည်းမှန်လမ်းမှန် ကျင့်သုံးလိုက်တော့ အရှင်ဂေါဓိကမထေရ်ဟာ

"အရဟတ္တံ ပတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ"။

ဇီဝိတသမသီသီ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားပါတယ်လို့ အဋ္ဌကထာဆရာ ဖွင့်ပြထားပါတယ်။

(သံ၊၁။၁၂၁။ သံ၊ဋ္ဌ၊၁။၁၆၈။)

ဒါကြောင့် အဋ္ဌကထာဆရာများ ဖွင့်ပြကြတဲ့ "မူလကမ္မဋ္ဌာန်း"ဆိုတာ သစ္စာလေးပါးတရားထဲမှာ သမုဒယသစ္စာကို ပယ်စွန့်ခွါပြီး ကျန်ရစ်ခဲ့တဲ့ မဂ္ဂသစ္စာအမည်ရမည့် မဂ္ဂင် ၈-ပါး အကျင့်တရားပဲ ဖြစ်ပါတယ်။

## စိတ်ကို ဘယ်မှာထားရမလဲ

♦ ယထာ ထမ္ဘေ နိဗန္ဓေယျ၊ဝစ္ဆံ ဒမံ နရော ဣဓ၊
ဗန္ဓေယျေဝံ သကံ စိတ္တံ၊သတိယာရမ္မဏေ ဒဠှံ။

(ဒီ၊ဋ္ဌ၊၂။၃၅၃။)

* ဝစ္ဆံ၊ ရိုင်းစိုင်းသော နွားငယ်ကို၊ ဒမံ-ဒမေန္တော၊ ယဉ်ကျေးအောင် ဆုံးမလိုသော။ နရော၊ နွားကျောင်းသားယောက်ျားသည်။ ထမ္ဘေ၊ ကြီးစွာသောချည်တိုင်၌။ ဒဠှံ၊ မြဲမြံစွာ။ နိဗန္ဓေယျ ယထာ၊ ဖွဲ့ချည်ရာသကဲ့သို့။

ဧဝံ၊ ပမာထားယူ ထို့အတူ။ ဣဓ၊ ဤမြတ်စွာဘုရား၏သာသနာတော်၌။ (ကုလပုတ္တော၊ မိမိအကျိုးစီးပွားကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။) သကံ

စိတ္တံ၊ အမှတ်မရှိသော ငါးဖြာကာမဂုဏ် အာရုံ၌ ကျရောက်လေ့ရှိသော မိမိရဲ့စိတ်ကို။ သတိယာ၊ သတိတည်းဟူသော ကြိုးဖြင့်။ အာရမ္မဏေ၊ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားဟု ဆိုအပ်သော သင်္ခါရတရားတို့၏ ဆိတ်သုဉ်းရာ သုညတအာရုံ ဟူသော ချည်တိုင်၌။ ဒဠှံ၊ မြဲမြံစွာ။ ဗန္ဓေယျ၊ ဖွဲ့ချည်ထားရာ၏။

မမွယောဂီတို့ အလွန်ရိုင်းစိုင်းသော နွားငယ်ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမလိုသော နွားကျောင်းသားဖြစ်တဲ့ ယောကျ်ားသည် ကြီးစွာသော ချည်တိုင်၌ မြဲမြံခိုင်ခံ့စွာ တုတ်ချည်၍ ဆုံးမသလို- ထိုဥပမာ နည်းတူစွာ ဗုဒ္ဓမြတ်စွာ ဘုရား၏ သာသနာတော်မှာ မိမိ၏အကျိုးစီးပွားကို အလို ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် အမှတ်မရှိသော ငါးဖြာကာမဂုဏ် အာရုံ၌ ကျရောက်လေ့ ရှိသော ကောက်ကျစ်စဉ်းလဲသော မိမိရဲ့စိတ်ကို အောက်မေ့မှု "သတိ"တည်းဟူသော ကြိုးဖြင့် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားဟု ဆိုအပ်သော သင်္ခါရလောကတရားတို့၏ ဆိတ်သုဉ်းရာ သုညတအာရုံ, ချုပ်ဆုံးကွယ်ပျောက်ရာ နိရောဓအာရုံဟူသော ချည်တိုင်၌ မြဲမြံခိုင်ခံ့စွာ ဖွဲ့ချည် ထားပြီး ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမရမည်ဖြစ်သည်။

ပြီးတော့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါတုန်းကလဲ ဥက္ကာဘပုဏ္ဏားက စိတ်၏မှီရာ စိတ်၏ထားရာကို မြတ်စွာဘုရားအား ဤသို့ မေးလျှောက်ထားခဲ့ဘူးပါတယ်။

■ မနဿ ပန ဘော ဂေါတမ ကိံ ပဋိသရဏန္တိ။

* ဘော ဂေါတမ၊ အို အရှင်ဂေါတမ မြတ်စွာဘုရား။ မနသ၊ စိတ်၏။ ပဋိသရဏံ၊ မှီခိုရာသည်။ ကိံ၊ အဘယ်ပါနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မေးလျှောက်၏။

အရှင်ဘုရား စိတ်ဟာ အဘယ်မှာ အမှီပြုပြီးတော့ နေပါသလဲဘုရား၊ တပည့်တော်ရဲ့ စိတ်ကို ဘယ်မှာ အမှီပြုပြီး ထားရပါမလဲဘုရားလို့ ဥဏ္ဏာဘပုဏ္ဏားက ဘုရားရှင်ကို မေးတော့ မြတ်စွာဘုရားက စိတ်မှီခိုရာကို ပြောပါတယ်။

■ မနသ ခေါ ဗြာဟ္မဏ သတိ ပဋိသရဏန္တိ။

* ဗြာဟ္မဏ၊ ဥဏ္ဏာဘပုဏ္ဏား။ ခေါ၊ စင်စစ်ကေန်အမှန်အားဖြင့်။ မနသ၊ စိတ်၏။ ပဋိသရဏံ၊ မှီခိုရာသည်။ သတိ၊ အောက်မေ့မှုသတိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ပြောဆိုတော်မူ၏။

ဥဏ္ဏာဘပုဏ္ဏား စိတ်ဟာ သတိမှာ အမှီပြုပြီးတော့ နေပါတယ်၊ ဥဏ္ဏာဘပုဏ္ဏား သင်ရဲ့ စိတ်ကို သတိမှာ အမှီပြုပြီးတော့ ထားလိုက်ပါ လို့ ပြောဆိုလိုရင်းပဲ ဖြစ်ပါတယ်။

ပြီးတော့ ဥဏ္ဏာဘပုဏ္ဏားက ထပ်ပြီးမေးပြန်ပါတယ်၊

♦ သတိယာ ပန ဘော ဂေါတမ ကိံ ပဋိသရဏန္တိ၊

* ဘောဂေါတမ၊ အို အရှင်ဂေါတမ မြတ်စွာ-ဘုရား။ သတိယာ၊ သတိ၏။ ပဋိသရဏံ၊ မှီခိုရာသည်။ ကိံ၊

အဘယ်ပါနည်းဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ မေးလျှောက်၏။

အရှင်ဂေါတမမြတ်စွာဘုရား တပည့်တော် မသိလို့ မေးမြန်းပါရစေ။ သတိဟာ အဘယ်မှာ အမှီပြုပြီးတော့ နေပါသလဲလို့ မေးတော့ မြတ်စွာဘုရားက ဖြေပြန်ပါတယ်။

♦ သတိယာ ခေါ ဗြာဟ္မဏ ဝိမုတ္တိ ပဋိသရဏန္တိ၊

* ဗြာဟ္မဏ၊ ဥဏ္ဏာဘပုဏ္ဏား။ ခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်။ သတိယာ၊ သတိ၏။ ပဋိသရဏံ၊ မှီခိုရာသည်။ ဝိမုတ္တိ၊ ဆန့်ကျင်ဘက်ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ဖြေဆိုတော်မူ၏။

ဥဏ္ဏာဘပုဏ္ဏား သတိဟာ ဆန့်ကျင်ဘက်ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိမှာ အမှီပြုပြီးတော့ နေပါတယ်။

ပြီးတော့တစ်ခါထပ်ပြီး မေးပြန်ပါတယ်-

♦ ဝိမုတ္တိယာ ပန ဘောဂေါတမ ကိံ ပဋိသရဏန္တိ၊

* ဘောဂေါတမ၊ အို အရှင်ဂေါတမ မြတ်စွာဘုရား။ ဝိမုတ္တိယာ၊ ဆန့်ကျင်ဘက်ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိ၏။ ပဋိသရဏံ၊ မှီခိုရာသည်။ ကိံ၊ အဘယ်ပါနည်းဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ မေးလျှောက်၏။

အရှင်ဂေါတမ မြတ်စွာဘုရား ဆန့်ကျင်ဘက် ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိဟာ အဘယ်မှာ အမှီပြုပြီး

တော့ နေပါသလဲ အရှင်ဘုရားလို့ မေးပြန်တော့ မြတ်စွာဘုရားက ဖြေပါတယ်၊

♦ ဝိမုတ္တိယာ ခေါ ဗြာဟ္မဏ နိဗ္ဗာနံ ပဋိသရဏန္တိ။

* ဗြာဟ္မဏ၊ ဥဏ္ဏာဘပုဏ္ဏား။ ခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဝိမုတ္တိယာ၊ ဆန့်ကျင်ဘက် ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိ၏။ ပဋိသရဏံ၊ မှီခိုရာသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ဖြေဆိုတော်မူ၏။

ဥဏ္ဏာဘပုဏ္ဏား ဆန့်ကျင်ဘက် ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိသည် နိဗ္ဗာန်မှာ အမှီပြုပြီးတော့ နေပါတယ်။

ဥဏ္ဏာဘပုဏ္ဏားဟာ မြတ်စွာဘုရား ပေးလိုက်တဲ့ အဖြေကို အနည်းငယ် စဉ်းစားပြီး တစ်ခါ ထပ်ပြီးတော့ မေးပြန်ပါတယ်။ ဒီပုဏ္ဏားကလဲ လျှာရှည်လိုက်တာလို့ မထင်လိုက်ကြပါနဲ့၊ အဲဒီလို ကတ်သီးကတ်သတ် မေးမြန်း လျှောက်ထားခဲ့လို့ ဓမ္မယောဂီတို့ သိကြရတာလို့ ဝမ်းမြောက်ကြပါ။

ဥဏ္ဏာဘပုဏ္ဏား နောက်ဆုံးမေးလိုက်တဲ့ မေးခွန်းကတော့-

♦ နိဗ္ဗာနဿ ပန ဘောဂေါတမ ကိံ ပဋိသရဏန္တိ၊

* ဘောဂေါတမ၊ အို အရှင်ဂေါတမမြတ်စွာဘုရား။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ပဋိသရဏံ၊ မှီခိုရာသည်။ ကိံ၊

အဘယ်ပါနည်းဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ မေး လျှောက်၏။

အရှင်ဘုရား နိဗ္ဗာန်သည် အဘယ်မှာ အမှီပြုပြီးတော့ နေပါသလဲလို့ မေးတော့ မြတ်စွာဘုရားက

♦ အစ္စယာသိ ဗြာဟ္မဏ ပဉှံ၊
နာသက္ခိ ပဉှဿ ပရိယန္တံ ဂဟေတုံ။

* ဗြာဟ္မဏ၊ ဥက္ကာဘပုဏ္ဏား။ တွံ၊ သင်သည်။ ပဉှံ၊ အမေးပုစ္ဆာပြဿနာကို ။ အစ္စယာသိ၊ ကျော်လွန်သွားခဲ့ပြီ။ ပဉှဿ၊ အမေးပုစ္ဆာ ပြဿနာ၏။ ပရိယန္တံ၊ အဆုံးကို။ ဂဟေတုံ၊ ဉာဏ်ဖြင့် ယူခြင်းငှာ။ တွံ၊ သင်သည်။ နာသက္ခိ၊ မစွမ်းနိုင်တော့။

ဥက္ကာဘပုဏ္ဏား သင်သည် အမေးပုစ္ဆာပြဿနာကို ကျော်လွန်၍သွားခဲ့ပြီ။ သင်သည် ယခုမေးသည့် အမေးပုစ္ဆာ ပြဿနာ၏ အဆုံးကို ဉာဏ်ဖြင့်ယူခြင်းငှာ မစွမ်းနိုင်တော့ဘူး။

♦ နိဗ္ဗာနောဂဓံ ဟိ ဗြာဟ္မဏ ဗြဟ္မစရိယံ
ဝုဿတိ နိဗ္ဗာနပရာယဏံ နိဗ္ဗာနပရိ-
ယောသာနံ ။

* ဟိ၊ မှန်၏။ ဗြာဟ္မဏ၊ ဥက္ကာဘပုဏ္ဏား။ ဗြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ပါးတရားကို ပွားများခြင်းဟူသော မြတ်သောအကျင့်သည်။ နိဗ္ဗာနောဂဓံ၊ နိဗ္ဗာန်သို့ သက်ဝင်သည်။ နိဗ္ဗာနပရာယဏံ၊ နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသည်။ နိဗ္ဗာနပရိယောသာနံ၊ နိဗ္ဗာန်လျှင် အဆုံးရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဗြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ပါးတရားကို ပွားများခြင်းဟူသော မြတ်သောအကျင့် ကို။ ဝုဿတိ၊ ကျင့်သုံးရ၏။

ဥဏ္ဏာဘပုဏ္ဏား နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင် မဂ္ဂင်ရှစ်ပါးတရားကို ပွားများအားထုတ်ခြင်းဟူသော မြတ်သော အကျင့်ကို ကျင့်သုံးကြရတာ။ နိဗ္ဗာန် ရောက်ပြီ–ဆိုလျှင် အကျင့် စခန်းလဲ ဆုံးပါပြီလို့ မြတ်စွာဘုရားက ဖြေလိုက်တော့ ဥဏ္ဏာဘပုဏ္ဏားသည် မြတ်စွာဘုရား၏ တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်ကာ နေရာမှ ထ၍ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးလျက် ပြန်သွားပါတယ်။ (သံ၊၃။၁၉၂။)

ဒီလောက်ဆိုလျှင် ဓမ္မယောဂီတို့ မူလကမ္မဋ္ဌာန်း ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်သည့်အခါ မိမိရဲ့ စိတ်ကို ဘယ်မှာထားရပါမလဲလို့ မေးမြန်း လျှောက်ထားဖို့ရာ ဆန္ဒလည်း ငြိမ်းလောက်မယ်လို့ ယုံကြည် ပါတယ်။

## စွန့်လွှတ်နိုင်မှချမ်းသာရ

နိဗ္ဗာန်ချမ်းသာကို အလိုရှိကြကုန်သော အမျိုး ကောင်းသား အမျိုးကောင်းသမီးများသည် ထိုနိဗ္ဗာန်ချမ်းသာကို ရခြင်း၏ အခြေခံမူလ အကြောင်းတရားကို ရှာဖွေ စိစစ်ရပါလိမ့် မည်။ နိဗ္ဗာန်ကိုရခြင်း၏ အခြေခံမူလ အကြောင်းတရားများ သည် "ဒါန သီလ ဘာဝနာ"အားဖြင့် ၃–မျိုးပင် ဖြစ်တယ် ဆိုတာ တွေ့ရပါလိမ့်မည်။ ထိုတွင်လည်း–

**ဒါနဟူသည်**– မိမိပိုင်ဆိုင်ရရှိထားသည့် ပစ္စည်းဝတ္ထုကို စွန့်လွှတ်ရခြင်းပင် ဖြစ်သည်။

**သီလဟူသည်**– သူ့အသက်ကို သတ်ဖြတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသည်ကို စွန့်လွှတ် ရှောင်ရှားရ ခြင်းပင် ဖြစ်သည်။

ဓမ္မယောဂီတို့၊ သီလကို တကယ်စောင့်ရှောက်သူသည် အလုံးစုံသော မိမိပိုင်ဆိုင်သည့် ပစ္စည်းဝတ္ထု, ခြေ, လက် အင်္ဂါ, မိမိရဲ့အသက်ကိုပါ စွန့်လွှတ်ရပေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာကလဲ ခြေ, လက် အင်္ဂါ အဖြာဖြာကို စောင့်ရှောက်လိုသောပုဂ္ဂိုလ်သည် မိမိပိုင်ဆိုင်သည့် ပစ္စည်းဝတ္ထုကို စွန့်လွှတ်ရမည်။

မိမိအသက်ကို စောင့်ရှောက်လိုသော ပုဂ္ဂိုလ်သည် မျက်စိ, နား, နှာ, ခြေ, လက် အင်္ဂါကြီးငယ်ကို စွန့်လွှတ်ရပေမည်။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော "သီလ"ကို စောင့်ရှောက်လိုသော ပုဂ္ဂိုလ်သည် အလုံးစုံသော မိမိပိုင်ဆိုင်သည့် ပစ္စည်းဝတ္ထု, မျက်စိ, နား, နှာ, ခြေ, လက် အင်္ဂါကြီးငယ်, မိမိရဲ့ အသက်ကိုပါ စွန့်လွှတ်ရပေမည်၊ ဤကဲ့သို့ မိန့်ဆိုထားပါသည်။ (ဝိသုဒ္ဓိမဂ္ဂ၊ဋ္ဌ၊၁။၄၄။)

ဘာဝနာသည်-

၁။ သမထဘာဝနာ

၂။ ဝိပဿနာဘာဝနာအားဖြင့် ၂-မျိုး ရှိသည်။

ထိုတွင် သမထဘာဝနာကမ္မဋ္ဌာန်း ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် မိမိပိုင်ဆိုင်ထားသည့် ကိလေသာ-ကာမ အစုစုကိုလည်းကောင်း၊ အထက်အထက် ဈာန်ချမ်းသာတို့ကို ရရှိလိုသော ပုဂ္ဂိုလ်တို့သည် အောက်အောက်ဖြစ်သော ဈာန်ချမ်းသာတို့ကိုလည်းကောင်း စွန့်လွှတ်ခဲ့ရပေသည်။

ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားဟူသော သုံးဆယ့်တစ်ဘုံ, အလုံးစုံသော လောက သင်္ခါရ အာရုံနိမိတ်

ပေါင်းစုံကို စွန့်လွှတ်ခဲ့ရပေသည်။

ဤသို့လျှင် နိဗ္ဗာန်ကိုရခြင်း၏ အခြေခံမူလဖြစ်သော ဒါန သီလ ဘာဝနာ တရားများသည် ဆိုင်ရာဆိုင်ရာတွေကို ပယ်စွန့်ခဲ့ရပေသည်၊ မပယ်စွန့်နိုင်လျှင် **ဒါန သီလ ဘာဝနာ** ကောင်းမှု မဖြစ်နိုင်ပေ၊ **ဒါန သီလ ဘာဝနာ** ကောင်းမှု မဖြစ်နိုင်ခဲ့လျှင် ဓမ္မယောဂီတို့အလိုရှိအပ်သော နိဗ္ဗာန်ချမ်းသာကို အဘယ်မှာ ရနိုင်ပါတော့အံ့နည်း။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ရရှိလိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် ထိုနိဗ္ဗာန်ချမ်းသာကို ရခြင်း၏ အခြေခံမူလဖြစ်သော **ဒါန သီလ ဘာဝနာ** ကောင်းမှု ၃-ပါးဖြစ်အောင် ဆိုင်ရာဆိုင်ရာ ပယ်စွန့်ခဲ့ရမည့် အချက်တွေကိုရှေးဦးစွာ ကြိုတင်သိထားနှင့်ဖို့ အလွန် အရေးကြီးပါသည်။

## ခန္ဓာ ၅-ပါးနှင့် တရားကိုယ်အရကောက်

၁။ ရုပ်အစု ရုပ် ၂၈-ပါးသည်=ရူပက္ခန္ဓာ ဖြစ်သည်။

၂။ ဝေဒနာအစု ဝေဒနာစေတသိက်သည်= ဝေဒနာက္ခန္ဓာ ဖြစ်သည်။

၃။ သညာအစု သညာစေတသိက်သည်=သညာက္ခန္ဓာ ဖြစ်သည်။

၄။ ဝေဒနာ,သညာမှ တစ်ပါးသော သင်္ခါရအစု စေတသိက် ၅၀-သည်=သင်္ခါရက္ခန္ဓာ ဖြစ်သည်။

၅။ စိတ်အစု စိတ် ၈၉-ခုသည်=ဝိညာဏက္ခန္ဓာ ဖြစ်သည်။

## ဥပါဒါနက္ခန္ဓာငါးပါးနှင့် တရားကိုယ်အရကောက်

၁။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရုပ်အစုသည် ရူပုပါဒါနက္ခန္ဓာ ဖြစ်သည်။
၂။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဝေဒနာ အစုသည် ဝေဒနုပါဒါနက္ခန္ဓာ ဖြစ်သည်။
၃။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သညာ အစုသည် သညုပါဒါနက္ခန္ဓာ ဖြစ်သည်။
၄။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သင်္ခါရ အစုသည် သင်္ခါရုပါဒါနက္ခန္ဓာ ဖြစ်သည်။
၅။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဝိညာဏ် အစုသည် ဝိညာဏုပါဒါနက္ခန္ဓာ ဖြစ်သည်။

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ဟောရခြင်း

ခန္ဓာဟူသော နာမည်အတွင်း၌ ရထိုက်သမျှသော လောကီ,လောကုတ္တရာတရားအားလုံးကို သိမ်းသွင်း၍ ခန္ဓာဖွဲ့ပြခြင်းငှါ ရှေးဦးစွာ ခန္ဓာဒေသနာကို ဟောတော်မူခဲ့တာ ဖြစ်ပါတယ်၊ ဓမ္မယောဂီတို့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများသောအခါ ဝိပဿနာရှုရန်အတွက် ဥပါဒါန်တို့၏ အာရုံဖြစ်သော လောကီတရားသက်သက်ကို ခန္ဓာဖွဲ့ပြခြင်းငှါ ခန္ဓာဒေသနာကို ဟောတော်မူပြီးနောက် ဥပါဒါနက္ခန္ဓာဒေသနာကို ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

## ဝိပဿနာတရား ရှုမှတ်ပွားများရမည့်ခန္ဓာ

ဥပါဒါနက္ခန္ဓာများသည် ခန္ဓဒေသနာ၌ အတွင်းဝင်ပြီး ဖြစ်၍ အဘယ်ကြောင့်များ ထိုဥပါဒါနက္ခန္ဓာကို ထပ်ဟောရ ပြန်သလဲဟု မေးလျှင် ဓမ္မယောဂီတို့ ဝိပဿနာရှုဖို့ရန်အတွက် ဥပါဒါနက္ခန္ဓာ ၅-ပါးကို ထပ်ဟောရပါသည်ဟုပင် ဖြေရပါမည်။

မှန်ပါသည်။ ပကတိမျက်စိဖြင့် မြင်တွေ့နေရသော ခန္ဓာကား သံဝေဂယူရမည့် ခန္ဓာပင် ဖြစ်သည်။ ဝိပဿနာ ဉာဏ်မျက်စိဖြင့် ရှုရမည့်ခန္ဓာကား ဓမ္မယောဂီတို့ စိတ်အစဉ်= မနောဒွါရမှာ ဖြစ်ပေါ်လာသည့် ဥပါဒါန်တို့၏ အာရုံဖြစ်သည့် ခန္ဓာငါးပါး=ဥပါဒါနက္ခန္ဓာ ၅-ပါးပင် ဖြစ်သည်။

## သမထနှင့်ဝိပဿနာ

ထို ဥပါဒါနက္ခန္ဓာ ၅-ပါးကို ပယ်စွန့်ခွါပြီး ရှုမှတ် ပွားများပါလျှင် **ဝိပဿနာ** ဖြစ်ပါတယ်။

အပြစ်ကင်းသည့် ဥပါဒါနက္ခန္ဓာ ၅-ပါးကို မပယ် မစွန့်ခွါဘဲ ထိုအပြစ်ကင်းသည့် ဥပါဒါနက္ခန္ဓာငါးပါးကို တစိုက်မတ်မတ် ရှုမှတ်ပွားများလျှင် **သမထ** ဖြစ်ပါတယ်။

ထိုမနောဒွါရ=စိတ်အစဉ်မှာ ဝိပဿနာရှုရတဲ့အကြောင်း ကို ဝိပဿီ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာမှ စ၍ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတိုင်အောင် ဘုရားခုနစ်ဆူတို့၏ သာသနာတော်၌ ပိဋကတ် ၃-ပုံဆောင် စာတတ်ပုဂ္ဂိုလ်ကျော် ဖြစ်သည့် အရှင်ပေါဋ္ဌိလမထေရ်ကြီးအား ခုနစ်နှစ်အရွယ်သာ ရှိသည့် ခီဏာသဝ ရဟန္တာ သာမဏေငယ်ကလေးက ပေးလိုက်သည့် ကမ္မဋ္ဌာန်းနည်းမှာ ကြည့်ရှုပါကလည်း

ဓမ္မယောဂီတို့၏ စိတ်အစဉ်=မနောဒွါရမှာ ဖြစ်ပေါ်လာသည့် ဥပါဒါနက္ခန္ဓာ ၅-ပါးတို့ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ရှုမှတ်ပွားများရမည်-ဆိုတာ ပိုမိုထင်ရှားပါသည်။ ထိုမထေရ်ကြီးအား ပေးသည့် ကမ္မဋ္ဌာန်းနည်းကို အကျဉ်းချုပ်မျှ ဖော်ပြပါဦးမည်။

## ခုနစ်နှစ်အရွယ်သာရှိသည့် ရဟန္တာသာမဏေငယ်က ပေးသည့်ကမ္မဋ္ဌာန်း

♦ ဘန္တေ ကေသို ဝမ္မိကေ သ ဆိဒ္ဒါနိ။

အရှင်ဘုရား တစ်ခုသော တောင်ပို့၌ အပေါက်ခြောက်ပေါက် ရှိကြပါတယ်ဘုရား။

♦ တတ္ထ ဧကေန ဆိဒ္ဒေန ဂေါဓာ အန္တော ပဝိဋ္ဌာ။

ထိုအပေါက်ခြောက်ပေါက်ရှိသော တောင်ပို့၌ တစ်ခုသော အပေါက်ဖြင့် ဖွတ်တွေ အတွင်းသို့ ဝင်သွားကြပါသည်ဘုရား။

♦ တံ ဂဏှိတုကာမော ဣတရာနိ ပဉ္စ ဆိဒ္ဒါနိ ထကေတွာ ဆဋ္ဌံ ဘိန္ဒိတွာ ပဝိဋ္ဌဆိဒ္ဒေနေဝ ဂဏှာတိ။

ထိုဖွတ်များကို ဖမ်းယူလိုသည့် ပုဂ္ဂိုလ်သည် ဖွတ်ဝင်သွားရာ အပေါက်မှ တစ်ပါးကုန်သော အပေါက် ၅-ပေါက်တို့ကို ပိတ်ဆို့ပြီး၍ ခြောက်ခုမြောက်ဖြစ်သော ဖွတ်ဝင်သွားရာ အပေါက်ကို ဖွင့်ပြီး ထိုဖွတ်ဝင်သွားရာအပေါက်မှ စောင့်ပြီး ဖမ်းယူရပါမည်ဘုရား။

♦ ဇဝံ တုမ္ဟေပိ ဆဒွါရိကေသု
အာရမ္မဏေသု သေသာနိ ပဥ္စဒွါရာနိ
ပိဓာယ မနောဒွါရေ ကမ္မံ ပဋ္ဌပေထ။

ထိုဥပမာနည်းတူစွာ အရှင်ဘုရားတို့သည် ခြောက်ဒွါရတို့၌ ဖြစ်ကုန်သော အာရုံတို့တွင် မနောဒွါရမှ ကြွင်းကုန်သော စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရတို့ကို ပိတ်ဆို့၍ မနောဒွါရ၌ ဝိပဿနာကမ္မဋ္ဌာန်းအမှုကို ဖြစ်စေတော်မူကြပါကုန်ဘုရား။ (ဓမ္မပဒဋ္ဌ၊၂။၂၆၃။)

ဓမ္မယောဂီတို့ မိမိတို့ ဘဝလွတ်မြောက်ရေးအတွက် ဝိပဿနာ ရှုမှတ်ပွားများရမည့် ခန္ဓာသည် ဥပါဒါနက္ခန္ဓာ-၅-ပါးပဲ ဖြစ်ပါတယ်။ ထိုဥပါဒါနက္ခန္ဓာ ၅-ပါးသည်လည်း စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရတို့မှာ ဖြစ်ပေါ်လာသည့် ဥပါဒါနက္ခန္ဓာ ၅-ပါး မဟုတ်ပါ၊ ဓမ္မယောဂီတို့ စိတ်အစဉ်=မနောဒွါရမှာ ဖြစ်ပေါ်လာသည့် ဥပါဒါနက္ခန္ဓာ ၅-ပါးပင် ဖြစ်ပါတယ်။ ထိုမနောဒွါရမှာ ဖြစ်ပေါ်လာသည့် ဥပါဒါနက္ခန္ဓာ ၅-ပါးကိုပင် ဝိပဿနာဉာဏ်မျက်စိဖြင့် ရှုမှတ်ပွားများရမည်ဆိုတာ အထက်ဖော်ပြပါ အဋ္ဌကထာဆရာ၏ စကားရပ်က သက်သေခံလျက် ရှိပါသည်။

## အရှင်အာနန္ဒာ သောတာပန် ဖြစ်အောင် ဘယ်သူက ဘယ်လိုဟောလိုက်သလဲ

အရှင်အာနန္ဒာမထေရ်မြတ်သည် မိမိတရားထူး မရသေးမီ ရှေးအခါက ဥပါဒါန်နှင့် အနုပါဒါန် ၂-ပါးတို့ကို မကွဲမပြား မထင်မရှား ဖြစ်နေ၍ မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်

သော အရှင်ပုဏ္ဏမထေရ်ထံ သွားပြီး တရားနာကြားရာမှ ဥပါဒါန်နှင့် အနုပါဒါန်နှစ်ပါးတို့ကို ကွဲပြားခြားနားစွာ သိရ၍ တရားထူး ရရှိခဲ့သည့်အကြောင်းကို အရှင်အာနန္ဒာမထေရ် ကိုယ်တိုင် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောကြားထားခဲ့ပါတယ်။ (သံ၊၂။၈၆။)

♦ ပုဏ္ဏော နာမ အာဝုသော အာယသ္မာ မန္တာဏိပုတ္တော အမှာကံ နဝကာနံ သတံ ဗဟူပကာရော ဟောတိ။ (သံ၊၂။၈၆။)

* အာဝုသော၊ ငါ့ရှင်တို့။ မန္တာဏိပုတ္တော၊ မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်သော။ အာယသ္မာ ပုဏ္ဏော နာမ၊ အရှင်ပုဏ္ဏ အမည်ရှိတဲ့ မထေရ်သည်။ နဝကာနံ၊ သီတင်းငယ် ဖြစ်ကုန်သော။ သတံ၊ သူတော်ကောင်းဖြစ်ကုန်သော။ အမှာကံ၊ တပည့်တော်တို့အား။ ဝါ၊ တပည့်တော်တို့၌။ ဗဟူပကာရော၊ များသောကျေးဇူးရှိသည်။ ဟောတိ၊ ဖြစ်၏။

ငါ့ရှင်တို့ မန္တာဏီပုဏ္ဏေးမ၏သားဖြစ်သော အရှင်ပုဏ္ဏ မထေရ်ဟာ သီတင်းငယ်ဖြစ်တဲ့ တပည့်တော်တို့ရဲ့အပေါ်မှာ အလွန်ကျေးဇူးများပါပေတယ်။

♦ သော အမှေ ဩဝဒေန ဩဝဒတိ။

* သော၊ ထိုအရှင်ပုဏ္ဏမထေရ်သည်။ အမှေ၊ သီတင်းငယ်ဖြစ်ကြတဲ့ တပည့်တော်တို့ကို။ ဣမိနာ ဩဝါဒေန၊ ဤသို့သော အဆုံးအမဖြင့်။ ဩဝဒတိ၊ ဆုံးမတော်မူခဲ့ပါပေ၏။

ငါ့ရှင်တို့ ထိုအရှင်ပုဏ္ဏမထေရ်သည် သီတင်းငယ်တွေ

ဖြစ်ကြတဲ့ တပည့်တော်တို့ကို ဤသို့သော အဆုံးအမဖြင့် ဆုံးမတော်မူခဲ့ပါတယ်။ ဘယ်လို အဆုံးအမတွေနဲ့ ဆုံးမတော်မူခဲ့ပါသလဲ။

♦ ဥပါဒါယ အာဝုသော အာနန္ဒ "အသ္မိ"တိ ဟောတိ နော အနုပါဒါယ။

* အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဥပါဒါယ၊ ဥပါဒါနက္ခန္ဓာငါးပါးကို စွဲမှီပြု၍။ "အသ္မိ"တိ၊ "အသ္မိ"ဟု ဖြစ်သော တဏှာ မာန ဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်၏။ အနုပါဒါယ၊ ဥပါဒါနက္ခန္ဓာငါးပါးကို မစွဲ မမှီမူ၍။ "အသ္မိ"တိ၊ "အသ္မိ"ဟု ဖြစ်သော တဏှာ မာန ဒိဋ္ဌိသည်။ နော ဟောတိ၊ မဖြစ်။

ငါ့ရှင်အာနန္ဒာ ဥပါဒါနက္ခန္ဓာငါးပါးကို စွဲမှီပြုလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိ တွေ ဖြစ်ပါတယ်။

ထိုဥပါဒါနက္ခန္ဓာငါးပါးကို မစွဲမမှီလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိတွေ-ဆိုတာ မဖြစ်ပါဘူးတဲ့။

♦ ကိဉ္စ ဥပါဒါယ "အသ္မိ"တိ ဟောတိ နော အနုပါဒါယ။

* အာဝုသော အာနန္ဒ၊ ငါ့ရှင် အာနန္ဒာ။ ကိဉ္စ၊ အဘယ်သို့သော ဥပါဒါနက္ခန္ဓာငါးပါးကို။ ဥပါဒါယ၊ စွဲမှီပြု၍။ "အသ္မိ"တိ၊ "အသ္မိ"ဟု ဖြစ်သော တဏှာ မာန ဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်သနည်း။

ကိဉ္စ၊ အဘယ်သို့သော ဥပါဒါနက္ခန္ဓာငါးပါးကို။ အနုပါဒါယ၊ မစွဲမမှီမူ၍။ "အသ္မိ"တိ၊ "အသ္မိ"ဟု ဖြစ်သော တဏှာ မာန ဒိဋ္ဌိသည်။ နော ဟောတိ၊ မဖြစ်ပါသနည်း။

ငါ့ရှင်အာနန္ဒာ၊ အဘယ်သို့သော ဥပါဒါနကြွန္ခာငါးပါးကို စွဲမှီပြုလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာမာနဒိဋ္ဌိ ဖြစ်ပါသလဲ၊ အဘယ်သို့သော ဥပါဒါနကြွန္ခာငါးပါးကို မစွဲမှီရလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိ မဖြစ်ပါသလဲ–လို့ တရားနာနေတဲ့ အရှင်အာနန္ဒာ နားလည်လွယ်အောင် ကိုယ်တိုင်မေးပြီးတော့ ဖြေပြတာ ဖြစ်ပါတယ်။

♦ ရူပံ ဥပါဒါယ "အသ္မိ"တိ ဟောတိ
နော အနုပါဒါယ။

* အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ရူပံ၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်တရားအစုကို။ ဥပါဒါယ၊ စွဲမှီပြု၍။ "အသ္မိ"တိ၊ "အသ္မိ"ဟု ဖြစ်သော တဏှာ မာန ဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်၏။

ရူပံ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်တရားအစုကို။ အနုပါဒါယ၊ မစွဲမှီမူ၍။ "အသ္မိ"တိ၊ "အသ္မိ"ဟု ဖြစ်သော တဏှာ မာန ဒိဋ္ဌိသည်။ နော ဟောတိ၊ မဖြစ်တော့။

ငါ့ရှင်အာနန္ဒာ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်တရားအစုကို စွဲမှီပြုလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိတွေ ဖြစ်ပါတယ်။ ထိုဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်တရားအစုကို မစွဲမှီလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိဆိုတာ မဖြစ်ပါဘူး။

♦ ဝေဒနံ ဥပါဒါယ "အသ္မိ"တိ ဟောတိ
နော အနုပါဒါယ။

ငါ့ရှင်အာနန္ဒာ– ဥပါဒါန်တို့၏ အာရုံဖြစ်သော ဝေဒနာ

တရားအစုကို စွဲမှီပြုလျှင် အသွိလို့ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိတွေ ဖြစ်ပါတယ်။

ထိုဥပါဒါန်တို့၏ အာရုံဖြစ်သော ဝေဒနာတရားအစုကို မစွဲမှီလျှင် "အသွိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိ တရားတွေ ဆိုတာ မဖြစ်ပါဘူး။

♦ သညံ။ သင်္ခါရေ။ ဝိညာဏံ ဥပါဒါယ
အသ္မိတိ ဟောတိ နော အနုပါဒါယ။

ငါ့ရှင်အာနန္ဒာ၊ ဥပါဒါန်တို့၏အာရုံဖြစ်သော သညာ, သင်္ခါရ, ဝိညာဉ်တရားအစုကို အစွဲပြုလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိတွေ ဖြစ်ပါတယ်။

ထိုဥပါဒါန်တို့၏အာရုံဖြစ်သော သညာ, သင်္ခါရ, ဝိညာဉ် တရားအစုကို မစွဲမှီလျှင် "အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိ–ဆိုတာ မဖြစ်ပါဘူး။

ဓမ္မယောဂီတို့၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားကို အစွဲပြုထားလျှင် အမှီပြုထားလျှင် တဏှာ မာန ဒိဋ္ဌိလို့ ခေါ်တဲ့ သံသရာကို ကျယ်အောင် ချဲ့ထွင်တတ်တဲ့ ပပဉ္စတရားတွေ ဖြစ်ပါတယ်။

ထိုဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကို မစွဲထားလျှင် အမှီမပြုလျှင် သံသရာကြီးကို ကျယ်အောင် ချဲ့ထွင်တတ်တဲ့ တဏှာ မာန ဒိဋ္ဌိ–ဆိုတဲ့ ပပဉ္စတရားဆိုတာ မဖြစ်ပါဘူးလို့ အရှင်ပုဏ္ဏမထေရ်က ဟောပြလိုရင်းပဲ ဖြစ်ပါတယ်။

ဒီလောက်ဆို ဓမ္မယောဂီတို့အနေနဲ့ ထိုဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်တရားကို "ဘာလုပ်ရမလဲ ဆိုတာ" အရှင် အာနန္ဒာမထေရ် သဘောပေါက်သလို ပေါက်လောက်ပါပြီ။

ဓမ္မယောဂီတို့၊ ဓမ္မကထိကပုဂ္ဂိုလ်ဖြစ်တဲ့ အရှင်ပုဏ္ဏမထေရ်က သူ့ရဲ့တရားကို နာကြားနေတဲ့ အရှင်အာနန္ဒာမထေရ်ရဲ့ သဘောမပေါက်မှာစိုးလို့ ဥပမာတွေထပ်ပြီးတော့ ရှင်းပြပြန်ပါတယ်။

အမှန်မှာတော့ အရှင်အာနန္ဒာ သဘောမပေါက်မှာစိုးလို့ မဟုတ်ပါဘူး။ နောက်လာနောက်သားတွေ သဘောပေါက် နားလည်အောင်လို့ အရှင်ပုဏ္ဏမထေရ်က ဥပမာတွေနဲ့ ထပ်ပြီး ရှင်းပြပြန်တယ်လို့ မှတ်လိုက်ပါ။

♦ သေယျထာပိ အာဝုသော အာနန္ဒ ဣတ္ထီ ဝါ ပုရိသော ဝါ ဒဟရော ယုဝါ မဏ္ဍနက-ဇာတိကော အာဒါသေ ဝါ ပရိသုဒ္ဓေ ပရိယောဒါတေ အစ္ဆေ ဝါ ဥဒကပတ္တေ သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ဥပါဒါယ ပဿေယျ နော အနုပါဒါယ။

* အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဒဟရော၊ ငယ်ရွယ်သော။ ယုဝါ၊ နုပျိုသော။ မဏ္ဍနက-ဇာတိကော၊ တန်ဆာဆင်ခြင်းသဘောရှိသော။ ဣတ္ထီ ဝါ၊ မိန်းမပျိုသည်လည်းကောင်း။ ပုရိသော ဝါ၊ ယောကျ်ားပျိုသည်လည်းကောင်း။ ပရိသုဒ္ဓေ၊ ထက်ဝန်းကျင်စင်ကြယ်သော။ ပရိယောဒါတေ၊ ထက်ဝန်းကျင်ဖြူစင်သော။ အာဒါသေ ဝါ၊ မှန်၌သော်လည်းကောင်း။ အစ္ဆေ၊ ကြည်လင်သော။ ဥဒက-ပတ္တေ ဝါ၊ ရေခွက်၌သော်လည်းကောင်း။ သကံ မုခနိမိတ္တံ၊ မိမိမျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ကြည့်ရှု ဆင်ခြင်သည်ရှိသော်။ (အာဒါသံ၊ မှန်ကို။) ဥပါဒါယ၊ စွဲမှီပြု၍။ ပဿေယျ

သေယျထာပိ၊ မြင်ရာသကဲ့သို့။ (အာဒါသံ၊ မှန်ကို။) အနုပါဒါယ၊ မစွဲမှီမူ၍။ နော ပဿေယျ သေယျထာပိ၊ မမြင်ရာသကဲ့သို့။ (ဟောတိ၊ ဖြစ်၏။)

ငါ့ရှင်အာနန္ဒာ၊ လောက၌ ငယ်ရွယ် နုပျိုပြီး အဆင်တန်ဆာ ဆင်ခြင်းသဘောရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် စင်ကြယ် သန့်ရှင်းဖြူစင်တဲ့ မှန်ကို ကြည့်ရှုလိုက်တဲ့အခါ- ထိုမှန်ကို အမှီပြုပြီး မိမိရဲ့ မျက်နှာရိပ်ကို ထင်ထင်ရှားရှား တွေ့မြင်သလို-

ထို့အတူပါပဲ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို စွဲမှီပြုထားလျှင် သံသရာကို ကျယ်အောင်ချဲ့ထွင်တတ်တဲ့ တဏှာ မာန ဒိဋ္ဌိတွေ ဖြစ်ပါတယ်။

ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးဟာ စင်ကြယ် သန့်ရှင်း ဖြူစင်တဲ့ မှန်ကို မကြည့်ရှုလျှင် မိမိရဲ့ မျက်နှာရိပ်ကို မတွေ့မြင်ရသကဲ့သို့ ထိုနည်းတူစွာ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို မစွဲထားလျှင် အမှီမပြုလျှင် သံသရာကို မကျယ်ကျယ်အောင် ချဲ့ထွင်တတ်တဲ့ တဏှာ မာန ဒိဋ္ဌိဆိုတာ မဖြစ်ပါဘူး။

ဓမ္မယောဂီတို့ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားသည် မှန်နှင့် တူပါတယ်။

"အသ္မိ"လို့ ခေါ်တဲ့ တဏှာ မာန ဒိဋ္ဌိသည်ကား မှန်ထဲမှာ ထင်နေတဲ့ မျက်နှာရိပ်နှင့် တူပါတယ်။

ဓမ္မယောဂီတို့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေဟာ ဘာကြောင့် ဖြစ်ရသလဲဆိုရင် ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို အမှီပြုရသောကြောင့် ဖြစ်တာလို့ပဲ ဖြေရပါမယ်။

တဏှာ မာန ဒိဋ္ဌိလို့ ဆိုတဲ့ ပပဉ္စတရားတွေကို မဖြစ်စေချင်လျှင် ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို အမှီမပြုနဲ့ပေါ့ ရှင်းနေတာပဲ မဟုတ်လား?

ပြီးတော့ အရှင်ပုဏ္ဏမထေရ်က ဆက်ဟောပြန်ပါတယ်။

♦ တံ ကိံ မညသိ အာဝုသော အာနန္ဒ။

* အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ တံ၊ ထိုအရာကို။ ကိံ မညသိ၊ အဘယ်သို့ မှတ်ထင်ပါသလဲ။

ငါ့ရှင်အာနန္ဒာ၊ ယခုမေးသော အကြောင်းအရာကို သင် ဘယ်လို မှတ်ထင်သလဲ၊ သင် ဘယ်လို ဖြေမလဲ။

♦ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

* အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ရူပံ၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်တရားအစုသည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံ ဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ အဝေါစ၊ မေးမြန်းတော်မူ၏။

ငါ့ရှင်အာနန္ဒာ၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်တရားအစုသည် မြဲသလော၊ မမြဲသလောလို့ မေးတော့ အရှင်အာနန္ဒာမထေရ်က-

♦ အနိစ္စံ အာဝုသော၊ မမြဲပါ ငါ့ရှင်။ ဣတိ၊ ဤသို့။ အဝေါစ၊ ဖြေဆိုတော်မူ၏။

ထိုဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်တရားအစုဟာ မမြဲပါဘူးလို့ ဖြေပါတယ်။

♦ အာဝုသော အာနန္ဒ ဝေဒနာ၊ သညာ၊
သင်္ခါရာ၊ ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

ငါ့ရှင်အာနန္ဒာ၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တရားအစုကော မြဲသလား၊ မမြဲဘူးလား မေးတော့–

အရှင်အာနန္ဒာမထေရ်ကလည်း မမြဲပါလို့ ဖြေပါတယ်။

ဓမ္မယောဂီတို့၊ အရှင်ပုဏ္ဏမထေရ်က အခုလို ဥပါဒါန်နှင့် အနုပါဒါန်ကို ခွဲခြားပြီး ဟောကြားလိုက်တော့ အရှင်အာနန္ဒာ–မထေရ်ဟာ အဲဒီအခါမှ ဥပါဒါန်နှင့် အနုပါဒါန် နှစ်ပါးကို ကွဲကွဲပြားပြား နားလည်ပြီး သောတာပန် အရိယာ အဖြစ်သို့ ရောက်ခဲ့ပါတယ်။

ဓမ္မယောဂီတို့ အရှင်အာနန္ဒာ သောတာပန် အရိယာ ဖြစ်အောင် အရှင်ပုဏ္ဏမထေရ်က ဥပါဒါန်နှင့်+အနုပါဒါန် အကြောင်း ဤကဲ့သို့ ဟောကြားခဲ့တယ်လို့ မှတ်လိုက်ပါ။

## ဥပါဒါနက္ခန္ဓာ ၅–ပါးကို ဘာလုပ်ရမလဲ (ဥပါဒါနက္ခန္ဓာ ၅–ပါး ရုပ်နာမ်တရားကို ပယ်စွန့်ကြ)

ဓမ္မယောဂီတို့၊ ဥပါဒါနက္ခန္ဓာ ၅–ပါး ရုပ်နာမ်တရားကို မိမိပိုင်ဆိုင်သည့် ဥစ္စာဟု စွဲယူ သိမ်းပိုက်ထားလျှင် သံသရာမှာ များပြားလှစွာသော ဆင်းရဲဒုက္ခ အမျိုးမျိုး အဖုံဖုံနဲ့ တွေ့ကြုံရပါလိမ့်မယ်။

ထိုဥပါဒါနက္ခန္ဓာ ၅–ပါး ရုပ်နာမ်တရားကို စွန့်ပစ်လိုက်လျှင် ရှည်စွာသော နေ့ညဥ့်ပတ်လုံး စီးပွားချမ်းသာဖို့ရန် ဖြစ်ပေလိမ့်မယ်လို့ မြတ်စွာဘုရားက ဤသို့ ဟောကြား

ခဲ့ပါတယ်။

♦ ယံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ (သံ၊၂။၂၈၊၃၁၂။)

ရဟန်းတို့၊ အကြင်တရားသည် သင်ချစ်သားတို့၏ ကိုယ်ပိုင်ဥစ္စာ မဟုတ်၊ ထိုကိုယ်ပိုင်ဥစ္စာမဟုတ်သော တရားကို ပယ်စွန့်ကြပါကုန်လော။

ထိုကိုယ်ပိုင်ဥစ္စာမဟုတ်သော တရားကို ပယ်စွန့်အပ်သည်ရှိသော် ပယ်စွန့်လိုက်မယ်ဆိုလျှင် သင်ချစ်သားတို့အား ရှည်စွာသောနေ့ညဥ့်ပတ်လုံး စီးပွါးချမ်းသာ ဖြစ်ပေလိမ့်မည်။

♦ ကိဉ္စ ဘိက္ခဝေ န တုမှာကံ။

ချစ်သားတို့၊ အဘယ်ဟာသည် သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်သနည်း လို့ ဗုဒ္ဓကိုယ်တော်တိုင် မေးတော်မူတာ ဖြစ်ပါတယ်။

♦ ရူပံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။

ချစ်သားတို့၊ ဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်တရားအစုသည် သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ထိုသင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်တရားအစုကို (ရုပ်တရား၌ တပ်မက်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြပါ။ ထို

သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ်တရားအစုကို (ရုပ်တရား၌ တပ်မက်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြမယ်ဆိုရင် သင်ချစ်သားတို့အား စီးပွားချမ်းသာ ဖြစ်ပါလိမ့်မယ်။

♦ ဝေဒနာ န တုမှာကံ တံ ပဇဟထ၊ သာ ဝေါ ပဟီနာ ဟိတာယ သုခါယ ဘဝိဿတိ။

ဥပါဒါန်တို့၏အာရုံဖြစ်သော ဝေဒနာတရားအစုသည် သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏အာရုံဖြစ်သော ဝေဒနာတရားအစုကို (ဝေဒနာတရားအစု၌ တပ်မက်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြပါ၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏ အာရုံဖြစ်သော ဝေဒနာတရားအစုကို (ဝေဒနာတရားအစု၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြမယ်-ဆိုရင် သင်ချစ်သားတို့အား စီးပွားချမ်းသာတွေ ဖြစ်ကြပါလိမ့်မယ်။

♦ သညာ န တုမှာကံ တံ ပဇဟထ၊ သာ ဝေါ ပဟီနာ ဟိတာယ သုခါယ ဘဝိဿတိ။

ဥပါဒါန်တို့၏အာရုံဖြစ်သော သညာတရားအစုသည် သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏အာရုံဖြစ်သော သညာတရားအစုကို (သညာတရားအစု၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြပါ။ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့်

ဥပါဒါန်တို့၏အာရုံဖြစ်သော သညာတရားအစုကို (သညာတရားအစု၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြမယ်ဆိုရင် သင်ချစ်သားတို့အား စီးပွားချမ်းသာတွေ ဖြစ်ကြပါလိမ့်မယ်။

♦ သင်္ခါရာ န တုမှာကံ တေ ပဇဟထ၊ တေ ဝေါ ပဟီနာ ဟိတာယ သုခါယ ဘဝိဿန္တိ။

ဥပါဒါန်တို့၏အာရုံဖြစ်ကုန်သော သင်္ခါရတရားအစုတို့သည် သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ကြဘူး၊ ထိုကိုယ်ပိုင်ဥစ္စာမဟုတ်ကြသည့် ဥပါဒါန်တို့၏အာရုံဖြစ်ကုန်သော သင်္ခါရတရားအစုတို့ကို (သင်္ခါရတရားအစုတို့၌ တပ်မက်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြပါ၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏အာရုံဖြစ်ကုန်သော သင်္ခါရတရားအစုတို့ကို (သင်္ခါရတရားအစုတို့၌ တပ်မက်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြမယ်-ဆိုရင် သင်ချစ်သားတို့အား စီးပွားချမ်းသာတွေ ဖြစ်ကြပါလိမ့်မယ်။

♦ ဝိညာဏံ န တုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။

ဥပါဒါန်တို့၏အာရုံဖြစ်သော ဝိညာဉ်တရားအစုသည် သင်ချစ်သားတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့် ဥပါဒါန်တို့၏အာရုံဖြစ်သော ဝိညာဉ်တရားအစုကို (ဝိညာဉ်တရားအစု၌ တပ်မက်သော ဆန္ဒရာဂကို ပယ်သော အားဖြင့်) စွန့်လိုက်ကြပါ၊ ထိုကိုယ်ပိုင်ဥစ္စာ မဟုတ်သည့်

ဥပါဒါန်တို့၏အာရုံဖြစ်သော ဝိညာဉ်တရားအစုကို (ဝိညာဉ်တရားအစု၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြမယ်-ဆိုရင် သင်ချစ်သားတို့အား စီးပွားချမ်းသာတွေ ဖြစ်ကြပါလိမ့်မယ်။

ဓမ္မယောဂီတို့၊ ဗုဒ္ဓကိုယ်တော်တိုင်ကလဲ ဥပါဒါန်တို့၏အာရုံဖြစ်ကုန်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်လို့ဆိုတဲ့ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ သင်တို့ရဲ့ကိုယ်ပိုင်ဥစ္စာ မဟုတ်ကြဘူး၊ အဲဒီ ကိုယ်ပိုင်ဥစ္စာ မဟုတ်ကြတဲ့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ဘာပြုလို့ သာယာတပ်မက် နှစ်သက်သောအားဖြင့် လက်ခံသိမ်းပိုက် ထားချင်ကြသလဲ၊ (ထိုတရားတို့၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်ခွါလိုက်ကြပါတဲ့။

သင်ချစ်သား ချစ်သမီးတို့ကများ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို (ထိုတရားတို့၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြမယ်-ဆိုရင် သင်ချစ်သားချစ်သမီးတို့အတွက် ရှည်စွာသော များပြားလှစွာသော နေ့ညဉ့်ပတ်လုံး ချမ်းသာစီးပွားတွေ ဖြစ်ကြပါလိမ့်မယ်လို့ ဗုဒ္ဓကိုယ်တော်တိုင် အာမခံပေးနေတာပဲ မဟုတ်ပါလား?

ဓမ္မယောဂီတို့၊ ဒီဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားအစုတွေကို ကိုယ်ပိုင်ဥစ္စာအဖြစ်ဖြင့် တွယ်တာတပ်မက် လက်ခံသိမ်းပိုက်ထားမယ်-ဆိုရင် ထိုလက်ခံသိမ်းပိုက်ထားတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ သံသရာကို မကျယ်ကျယ်အောင် ချဲ့ထွင်တတ်တဲ့ တဏှာ မာန ဒိဋ္ဌိလို့ ခေါ်တဲ့ ပပဉ္စတရား ၃-ပါး ဖြစ်ပွားပါလိမ့်မယ်။

## သက္ကာယ ဆိုတာ ဘယ်ဟာလဲ

ထို့အပြင် ဒီဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကိုပင် ဗုဒ္ဓမြတ်စွာဘုရားက-

♦ ကတမော စ ဘိက္ခဝေ သက္ကာယော၊
ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။ (သံ၊၂။၁၂၉။)

ချစ်သားတို့၊ သက္ကာယ, သက္ကာယ-ဆိုတာ အခြားကို ပြောတာမဟုတ်ဘူး၊ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကိုပင် "သက္ကာယ"လို့ ခေါ်တယ်။

## သက္ကာယဒိဋ္ဌိ ဖြစ်ပုံ

အဲဒီ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကိုပင် "ငါ့ဥစ္စာ, ငါငါ ငါ့ကိုယ်"ဟု စွဲလမ်းပြန်တော့ တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရားတွေလဲ ဖြစ်ပြန်တယ်၊ သက္ကာယဒိဋ္ဌိ တွေလဲ ဖြစ်ပြန်တယ်တဲ့။ ဒါတင်ပဲလားဆိုတော့-

## လူသတ်ယောကျ်ား ၅-ယောက်ဆိုတာ ဘာကို ခေါ်သလဲ

♦ "ပဉ္စ ဝဓကာ ပစ္စတ္ထိကာ"တိ ခေါ
ဘိက္ခဝေ ပဉ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ
အဓိဝစနံ။ (သံ၊၂။၃၈၃။)

ချစ်သားတို့၊ မိမိရဲ့ ဆန့်ကျင်ဘက်ကို အလိုရှိနေကြကုန်သော လူသတ်ယောကျ်ား ငါးယောက်-ဆိုတာ တခြားကို ပြောတာ မဟုတ်ဘူး၊ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကိုပဲ

ပြောတာ ဖြစ်တယ်။

အဲဒီ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားဟာ ဓမ္မယောဂီတို့ရဲ့ ဘဝသံသရာတစ်လျှောက်လုံး အမြဲတမ်း "ဆန့်ကျင်ဘက်ကို အလိုရှိနေကြတဲ့ လူသတ်ယောက်ျား ငါးယောက်ပဲ" ဖြစ်ပါတယ်။

မှန်ပါသည်။ ထိုဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ "စေတနာ"ဟူသော သင်္ခါရုပါဒါနက္ခန္ဓာသည် ထိုဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို လက်ခံသိမ်းပိုက်ထားတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကမ္မသတ္တိအဖြစ်ဖြင့် ကိန်းလျက် ကျန်ရှိခဲ့ပေသည်။

ထိုကမ္မသတ္တိသည် ကုသိုလ်ကမ္မသတ္တိ၊ အကုသိုလ်ကမ္မသတ္တိအားဖြင့် နှစ်မျိုး ရှိပြန်သည်။ ထိုနှစ်မျိုးသော ကမ္မသတ္တိသည် ပုထုဇဉ်တစ်ဦးရဲ့သန္တာန်မှာ ဘယ်ဟာက ပိုပြီး အဖြစ်များသလဲဟု စဉ်းစားရပြန်ဦးမည်။

ဗုဒ္ဓရှင်တော်မြတ်က-

ပါပသ္မိံ ရမတိ မနော၊ (ဓမ္မပဒ။၁၁၆-ဂါထာ)

မနော၊ ပုထုဇဉ်သူငါ သတ္တဝါတို့၏ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ နှစ်လိုအားရ ဝမ်းပန်းတသာ မွေ့လျော်၍ နေတတ်ပေ၏။

"ပုထုဇဉ်သူငါ သတ္တဝါတို့၏ စိတ်သည် မကောင်းမှု၌ အလွန်မွေ့လျော် ပျော်၍နေတတ်ပါတယ်"လို့ ဟောထားပါတယ်။

မှန်ပါသည်။ ပုထုဇဉ်သူငါ သတ္တဝါအများရဲ့ စိတ်သည် ကောင်းမှုကုသိုလ်ပြုနေချိန်၌သာလျှင် ကုသိုလ်ကောင်းမှုမှာ

မွေ့လျော်၍ နေတတ်ပါတယ်။ ကောင်းမှုကုသိုလ်လုပ်ငန်း ဆောင်ရွက်လို့ ပြီးသည့်အခါ၌ကား မကောင်းမှုဘက်မှာပဲ စိတ်ဟာ ညွတ်လျက် ကိုင်းလျက် ရှိနေတတ်ပါတယ်။

ရေများဟာ နိမ့်ရှိုင်းရာ အရပ်ဘက်သို့ စီးသွားသလိုပဲ ပုထုဇဉ်အများသူငါ သတ္တဝါအများရဲ့ စိတ်ဟာလဲ မကောင်းမှု ဘက်မှာပဲ ပြန်ပြန် ရောက်သွားတတ်ပါတယ်။

ဒီတော့ ပုထုဇဉ် တစ်ဦးရဲ့သန္တာန်မှာ အကုသိုလ် ကမ္မသတ္တိက အဖြစ်များတယ်–ဆိုတာ သေချာသွားပြီ၊

ထိုအကုသိုလ်ကမ္မသတ္တိက ငရဲဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ, အသူရကာယ်ဘဝတွေမှာ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်ပြီး, အကြိမ်ကြိမ် အဖန်ဖန် သေရဖို့အတွက် စီမံဆောင်ရွက် ပါလိမ့်မည်။

ကုသိုလ်ကမ္မသတ္တိက ပုထုဇဉ်သတ္တဝါတွေရဲ့ သန္တာန်မှာ အဖြစ်နည်းပေမယ့် ထိုကုသိုလ်ကမ္မသတ္တိကလဲ လူဖြစ်၍ သေရမည့်ဘဝ, နတ်ဖြစ်၍ သေရမည့်ဘဝတွေကို စီမံ ဆောင်ရွက်ပါလိမ့်မည်။ ဒါကြောင့် ဥပါဒါနက္ခန္ဓာ ၅–ပါးကို လက်ခံသိမ်းပိုက်ထားသည့် ပုဂ္ဂိုလ်တစ်ယောက်ရဲ့အဖို့ရာ သံသရာတစ်လျှောက်လုံးမှာ ချမ်းသာဖို့ အခွင့်အလမ်းဟာ ၉၅%နှုန်းလောက် များစွာ ဆုံးရှုံးလျက် ရှိနေပေသည်။

ထိုကဲ့သို့ အမျိုးမျိုးအဖုံဖုံသော ဆင်းရဲဒုက္ခပေါင်းစုံနှင့် ကြုံတွေ့မှာကို သိတော်မူ မြင်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားက– "ချစ်သား ချစ်သမီးတို့ ဥပါဒါနက္ခန္ဓာ ၅–ပါး ရုပ်နာမ်တရားသည် သင်တို့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ထိုဥပါဒါနက္ခန္ဓာ ၅–ပါး ရုပ်နာမ်တရားကို (ထိုတရားတို့၌ တပ်မက်သောဆန္ဒရာဂကို ပယ်သောအားဖြင့်) စွန့်လိုက်ကြ၊ ထိုသို့ ပယ်စွန့်လိုက်ကြမယ်

ဆိုရင် သင်ချစ်သား ချစ်သမီးတို့အား ရှည်စွာသော နေ့ညဉ့် ပတ်လုံး ချမ်းသာစီးပွား ဖြစ်ပေလိမ့်မယ်”ဟု ဟောကြား တော်မူခဲ့တာ ဖြစ်ပါတယ်။

## မနောဒွါရ၌ ဥပါဒါနက္ခန္ဓာ ၅-ပါးဖြစ်ပုံ

ဓမ္မယောဂီတို့၊ မနောဒွါရ=စိတ်အစဉ်မှာ ဥပါဒါနက္ခန္ဓာ ၅-ပါး ဖြစ်ပေါ်လာပုံကို အရှင်သာရိပုတြာ မထေရ်မြတ်က ဤသို့ ဟောကြားတော်မူခဲ့ပါတယ်။

♦ ယတော စ ခေါ အာဝုသော
အဇ္ဈတ္တိကော စေဝ မနော အပရိဘိန္နော
ဟောတိ။

* အာဝုသော၊ ငါ့ရှင်တို့။ ယတော စ ခေါ၊ အကြင်အခါ၌ကား။ အဇ္ဈတ္တိကော၊ မိမိသန္တာန်၌ဖြစ်သော၊ဝါ- အတွင်း၌ဖြစ်သော။ မနော စေဝ၊ ဘဝင်စိတ်သည်လည်း။ အပရိဘိန္နော၊ မပျက်စီးသည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။

♦ ဗာဟိရာ စ ဓမ္မာ အာပါထံ အာဂစ္ဆန္တိ။

* ဗာဟိရာ၊ အပဖြစ်ကုန်သော။ ဓမ္မာ စ၊ လောက သင်္ခါရ အာရုံနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံတို့သည် လည်း။ အာပါထံ၊ မနောဒွါရတည်းဟူသော စိတ်၌ ထင်ဟပ် ခြင်းသို့။ စေ အာဂစ္ဆန္တိ၊ အကယ်၍ ရောက်ကုန်သည်ဖြစ်အံ့။

♦ တဇ္ဇော စ သမန္နာဟာရော ဟောတိ။

* တဇ္ဇော စ သမန္နာဟာရော၊ ထိုမနောဒွါရ တည်းဟူသော စိတ်၌ ထင်ဟပ်ခြင်းသို့ ရောက်လာသော

လောက သင်္ခါရ အာရုံနိမိတ်ဟုဆိုအပ်သော ဓမ္မာရုံကို အောက်မေ့ရှေးရှု ဆင်ခြင်ခြင်းသည်လည်း။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။

♦ ဧဝံ တဇ္ဇသ ဝိညာဏဘာဂဿ
ပါတုဘာဝေါ ဟောတိ။

* ဧဝံ၊ ဤသို့။ တဇ္ဇဿ၊ ထိုဘဝင်စိတ်, ဓမ္မာရုံ, နှလုံးသွင်းဆင်ခြင်ခြင်းအားလျော်သော။ ဝိညာဏဘာဂဿ၊ ဝိညာဉ်အစု၏၊ ဝါ- ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

♦ ယံ တထာဘူတဿ ရူပံ၊
တံ ရူပုပါဒါနက္ခန္ဓေ သင်္ဂဟံ ဂစ္ဆတိ။

* တထာဘူတဿ၊ ထိုမနောဝိညာဉ်စိတ်နှင့် တကွဖြစ်သော ပုဂ္ဂိုလ်၏၊ ဝါ- ထိုမနောဝိညာဉ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏။ ယံ ရူပံ၊ အကြင်အပဖြစ်သော လောက, သင်္ခါရ, အာရုံနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံဟူသော ရုပ်တရားသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုရုပ်တရားသည်။ ရူပုပါဒါနက္ခန္ဓေ၊ ရုပ်ဟူသော ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာ၌။ သင်္ဂဟံ၊ သိမ်းယူရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

♦ ယာ တထာဘူတဿ ဝေဒနာ၊
သာ ဝေဒနုပါဒါနက္ခန္ဓေ သင်္ဂဟံ ဂစ္ဆတိ။

* တထာဘူတဿ၊ ထိုမနောဝိညာဉ်စိတ်နှင့် တကွဖြစ်သော ပုဂ္ဂိုလ်၏။ ဝါ ထိုမနောဝိညာဉ်စိတ်ဖြစ်ခိုက်

ပုဂ္ဂိုလ်၏။ ယာ ဝေဒနာ၊ အကြင်ခံစားခြင်း=ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ သာ ဝေဒနာ၊ ထိုခံစားခြင်း=ဝေဒနာသည်။ ဝေဒနုပါဒါနက္ခန္ဓေ၊ ဝေဒနာဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၌။ သင်္ဂဟံ၊ သိမ်းယူရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

♦ ယာ တထာဘူတဿ သညာ၊
သာ သညုပါဒါနက္ခန္ဓေ သင်္ဂဟံ ဂစ္ဆတိ။

* တထာဘူတဿ၊ ထို မနောဝိညာဉ်စိတ်နှင့် တကွဖြစ်သော ပုဂ္ဂိုလ်၏။ ဝါ-မနောဝိညာဉ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏။ ယာ သညာ၊ အကြင်မှတ်သားခြင်း=သညာသည်။ အတ္ထိ၊ ၏။ သာ သညာ၊ ထိုမှတ်သားခြင်း=သညာသည်။ သညုပါဒါနက္ခန္ဓေ။ သညာဟူသော ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာ၌။ သင်္ဂဟံ၊ သိမ်းယူရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

♦ ယေ တထာဘူတဿ သင်္ခါရာ၊
တေ သင်္ခါရုပါဒါနက္ခန္ဓေ သင်္ဂဟံ ဂစ္ဆန္တိ။

* တထာဘူတဿ၊ ထိုမနောဝိညာဉ်စိတ်နှင့် တကွဖြစ်သော ပုဂ္ဂိုလ်၏၊ ဝါ- ထိုမနောဝိညာဉ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏။ ယေ သင်္ခါရာ၊ အကြင်စေ့ဆော်အားထုတ်မှုတို့သည်။ သန္တိ၊ ရှိကုန်၏။ ကေ သင်္ခါရာ၊ ထိုစေ့ဆော်အားထုတ်မှုတို့သည်။ သင်္ခါရုပါဒါနက္ခန္ဓေ၊ သင်္ခါရဟူသော ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာ၌။ သင်္ဂဟံ၊ သိမ်းယူရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

♦ ယံ တထာဘူတဿ ဝိညာဏံ၊
တံ ဝိညာဏုပါဒါနက္ခန္ဓေသင်္ဂဟံ ဂစ္ဆတိ။

* တတောဘူတဿ၊ ထိုမနောဝိညာဉ်စိတ်နှင့် တကွဖြစ်သော ပုဂ္ဂိုလ်၏။ ဝါ-ထိုမနောဝိညာဉ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏။ ယံ ဝိညာဏံ၊ အကြင် သိမှု မနောဝိညာဉ်စိတ်သည်။ အတ္ထိ၊ ရှိ၏။ တံ ဝိညာဏံ၊ ထို သိမှု မနောဝိညာဉ်စိတ်သည်။ ဝိညာဏုပါဒါနက္ခန္ဓေ၊ ဝိညာဉ်ဟူသော ဥပါဒါန်တို့၏အာရုံ ဖြစ်သော ခန္ဓာ၌။ သင်္ဂဟံ၊ သိမ်းယူရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ (မ၁။ ၂၄၉။)

မမွယောဂီတို့၊ မနောဒွါရ=စိတ်အစဉ်မှာ ဥပါဒါနက္ခန္ဓာ ၅-ပါးဖြစ်ခြင်း၌ ပြည့်စုံရမည့်အင်္ဂါ ၃-ချက် ရှိပါတယ်။

၁။ မိမိရဲ့ အတွင်းသန္တာန်၌ဖြစ်သော စိတ် မပျက်စီးခြင်း။

၂။ အပြင်ပဖြစ်သော လောက သင်္ခါရ အာရုံနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံဟူသော ရုပ်တရားသည် စိတ်၌ ထင်ဟပ်ခြင်းသို့ ရောက်ခြင်း။

၃။ မနောဒွါရတည်းဟူသော စိတ်အစဉ်၌ ထင်ဟပ်ခြင်းသို့ ရောက်လာသော လောက သင်္ခါရ အာရုံနိမိတ်အားလျော်စွာ အောက်မေ့ရှေ့ရှု ဆင်ခြင်ခြင်း။

ဤအင်္ဂါ ၃-ချက်နှင့် ညီလျှင် ထိုပုဂ္ဂိုလ်၏သန္တာန်မှာ ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရား ဖြစ်ပါတယ်။

ဥပမာ- ဓမ္မယောဂီတို့ မိမိရဲ့ မိဘဆွေမျိုး တစ်ယောက် ယောက်ကို အောက်မေ့ရှေ့ရှု စိတ်ကူးလိုက်လျှင် ထိုမိမိရဲ့ မိဘဆွေမျိုး တစ်ယောက်ယောက်ဆိုတဲ့ အာရုံဟာ အောက်မေ့ ရှေ့ရှု စိတ်ကူးသူရဲ့ စိတ်ထဲမှာ ထင်ဟပ်လာပါတယ်။

ထိုအောက်မေ့ရှေ့ရှု ကူးယူဆက်သွယ်တဲ့ စိတ်ဖြစ် တယ်ဆိုလျှင် ထိုစိတ်နှင့်တကွ နာမက္ခန္ဓာ ၄-ပါးဟာ တစ်ပြိုင်နက် ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကို ပဋ္ဌာန်းပါဠိတော်

ပဋိစ္စဝါရမှာ–

"ကော ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ" ဟု ဟောတော်မူခဲ့ပါတယ်။

ဒီတော့ အောက်မေ့ရှေးရှု ကူးယူဆက်သွယ်တဲ့ စိတ်နှင့် တကွ နာမက္ခန္ဓာ ၄–ပါး၊ မိမိရဲ့ စိတ်ထဲမှာ ထင်ဟပ်ခြင်းသို့ ရောက်လာတဲ့ မိမိရဲ့ မိဘဆွေမျိုးဟူသော အာရုံ ရုပ်က ရူပုပါဒါနက္ခန္ဓာ ဖြစ်တယ်။

ဤသို့ မနောဒွါရ=စိတ်အစဉ်မှာ ဉပါဒါနက္ခန္ဓာငါးပါး ဖြစ်ပါတယ်။

| အောက်မေ့ရှေးရှု ကူးယူဆက်သွယ်တဲ့စိတ်။ | ထင်ဟပ်ခြင်းသို့ ရောက်လာသည့်အာရုံ |
|---|---|
| ၁။ ဝေဒနုပါဒါနက္ခန္ဓာ၊ | ရူပုပါဒါနက္ခန္ဓာ |
| ၂။ သညုပါဒါနက္ခန္ဓာ၊ | |
| ၃။ သင်္ခါရုပါဒါနက္ခန္ဓာ၊ | |
| ၄။ ဝိညာဏုပါဒါနက္ခန္ဓာ၊ | |

နာမက္ခန္ဓာလေးပါး + ရူပုပါဒါနက္ခန္ဓာ
ဉပါဒါနက္ခန္ဓာငါးပါး။

## ဉပါဒါနက္ခန္ဓာ ၅–ပါးကို ဝိပဿနာရှုရကျိုး

ဓမ္မယောဂီတို့ ဉပါဒါနက္ခန္ဓာ ၅–ပါး ရုပ်နာမ်တရားကို ဝိပဿနာရှုလို့ ရရှိတဲ့ အကျိုးတရားတွေကို ခန္ဓဝဂ္ဂသံယုတ်

ပါဠိတော်မှာ ဟောထားခဲ့သည်တို့ကို အကျဉ်းချုပ်၍ ဖော်ပြပါ ဦးမယ်။

အရှင်သာရိပုတြာနှင့် အရှင်မဟာကောဋ္ဌိက မထေရ်တို့ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးလျက် နေတော်မူကြပါတယ်။

ထိုအခါမှာ အရှင်မဟာကောဋ္ဌိကမထေရ်က အရှင်-သာရိပုတြာမထေရ်ထံသို့ သွားပြီး မေးမြန်းလျှောက်ထား ပါတယ်။

အရှင်ဘုရားသာရိပုတြာ၊ သီလ,သုတနှင့် ပြည့်စုံ နေသော ဓမ္မယောဂီပုဂ္ဂိုလ်သည် အဘယ်တရားကို ရှုမှတ် ပွါးများဆင်ခြင် နှလုံးသွင်းရပါမလဲဘုရားလို့ မေးမြန်း လျှောက်ထားတဲ့အခါ-

အရှင်သာရိပုတြာမထေရ်က "ငါ့ရှင်ကောဋ္ဌိက သီလ, သုတနှင့် ပြည့်စုံနေသော ဓမ္မယောဂီပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို ပယ်စွန့်ခွါပြီး ရှုမှတ်ပွားများဆင်ခြင် နှလုံးသွင်းရပါမယ်"လို့ ဖြေကြားပါတယ်။

ငါ့ရှင်ကောဋ္ဌိက၊ သီလ,သုတနှင့် ပြည့်စုံသော ဓမ္မယောဂီပုဂ္ဂိုလ်သည် ထိုဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ် တရားကို ပယ်စွန့်ခွါပြီး ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းလျှင် သောတာပတ္တိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါတယ်။

တစ်ခါ အရှင်မဟာကောဋ္ဌိကမထေရ်က ဆက်ပြီး-တော့ မေးမြန်းလျှောက်ထားပြန်ပါတယ်၊

အရှင်ဘုရားသာရိပုတြာ သောတာပတ္တိမဂ်ဉာဏ်+ ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ သောတာပန်အရိယာ ပုဂ္ဂိုလ်သည် အဘယ်တရားကို ရှုမှတ် ပွားများဆင်ခြင်

နှလုံးသွင်းရပါမလဲဘုရားလို့ မေးမြန်းလျှောက်ထားပြန်တဲ့အခါ-

အရှင်သာရိပုတြာမထေရ်က "ငါ့ရှင်ကောဋ္ဌိက၊ သောတာပတ္တိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ သောတာပန်အရိယာပုဂ္ဂိုလ်သည် ဤဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကိုပင် ပယ်စွန့်ခွါပြီး ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းရပါမယ်။ ထိုကဲ့သို့ ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းလျှင် သကဒါဂါမိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါတယ်လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

အရှင်ဘုရားသာရိပုတြာ၊ သကဒါမိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ သကဒါဂါမ်အရိယာပုဂ္ဂိုလ်သည် အဘယ်တရားကို ရှုမှတ် ပွါးများဆင်ခြင် နှလုံးသွင်းရပါမလဲ ဘုရား"လို့ မေးမြန်းလျှောက်ထားပြန်ပါတယ်၊

ထိုအခါ အရှင်သာရိပုတြာမထေရ်က "ငါ့ရှင်ကောဋ္ဌိက၊ သကဒါဂါမိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ ထိုသကဒါဂါမ်အရိယာပုဂ္ဂိုလ်လဲ ဤဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကိုပင် ပယ်စွန့်ခွါပြီး ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းရပါမယ်။

ထိုကဲ့သို့ ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းလျှင် အနာဂါမိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါတယ်လို့ ဖြေကြားခဲ့ပြန်ပါတယ်။

အရှင်ဘုရား သာရိပုတြာ၊ အနာဂါမိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ အနာဂါမ်အရိယာပုဂ္ဂိုလ်သည် အဘယ်တရားကို ရှုမှတ် ပွားများ ဆင်ခြင် နှလုံးသွင်းရပါမလဲဘုရား"လို့ မေးမြန်းလျှောက်ထားခဲ့ပြန်ပါတယ်။

ထိုအခါ အရှင်သာရိပုတြာမထေရ်က- "ငါ့ရှင်

ကောဠိက၊ အနာဂါမိမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ အနာဂါမ်အရိယာပုဂ္ဂိုလ်လဲ ဤဥပါဒါနက္ခန္ဓာ ၅-ပါး ရုပ်နာမ် တရားကိုပင် ပယ်စွန့်ခွါပြီး ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းရ ပါမယ်။

ထိုကဲ့သို့ ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းလျှင် အရဟတ္တမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါတယ်လို့ ပြန်လည် ဖြေကြားခဲ့ပြန်ပါတယ်။

တစ်ခါ အရှင်မဟာကောဋ္ဌိကမထေရ်က ဆက်ပြီး မေးမြန်းလျှောက်ထားပြန်ပါတယ်၊

အရှင်ဘုရားသာရိပုတြာ "အရဟတ္တမဂ်ဉာဏ်+ ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်သည် အဘယ် တရားကို ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းရပါမလဲဘုရား"လို့ မေးမြန်းလျှောက်ထားတဲ့အခါ-

အရှင်သာရိပုတြာမထေရ်က "ငါ့ရှင်ကောဋ္ဌိက၊ အရဟတ္တမဂ်ဉာဏ်+ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်လဲပဲ ဤဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကိုပင် ပယ်စွန့်ခွါပြီး ရှုမှတ် ပွားများဆင်ခြင် နှလုံးသွင်းရပါမယ်။

ငါ့ရှင်ကောဋ္ဌိက၊ ရဟန္တာပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော ရဟန်းကိစ္စကို နောက်ထပ် ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်သော ရဟန်းတရားကိုလည်း ထပ်၍ ပွားများဖွယ် မရှိတော့ပြီ။ စင်စစ်သော်ကား- ထိုကဲ့သို့ ရှုမှတ် ပွားများ ဆင်ခြင် နှလုံး သွင်းလျှင် "ယခုမျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း သတိသမ္ပဇဉ်အကျိုးရှိခြင်း ဤအကျိုးတရားများ ရရှိပါ သည်" ဟု ပြန်လည်ဖြေကြားခဲ့ပါတယ်။

ဓမ္မယောဂီတို့၊ ထိုမထေရ်နှစ်ပါးတို့ မေးဖြေထားတာကို ချုံးပြီး သုံးသပ်ကြည့်ပါလျှင် သီလ,သုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မည်သူမဆို ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကို ပယ်စွန့်ခဲ့ပြီး ရှုမှတ် ပွါးများဆင်ခြင် နှလုံးသွင်းနိုင်လျှင် အရိယာစခန်းသို့ တက်ရောက်နိုင်ပါတယ်။ ဒါကြောင့် သီလ,သုတနှင့် ပြည့်စုံအောင် ဖြည့်ကျင့်လျက် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကို ပယ်စွန့်ခဲ့ပြီး ရှုမှတ် ပွါးများဆင်ခြင် နှလုံးသွင်းနိုင်ကြသဖြင့် အရိယာစခန်းသို့ ပေါက်ရောက်အောင် ကြိုးစားအားထုတ် နိုင်ကြပါစေကုန်သတည်းဟူ၍ တိုက်တွန်းလိုက်ပါသည်။

ဓမ္မယောဂီတို့၊ ချမ်းသာမှုကို အလိုရှိကြသည့် ပုဂ္ဂိုလ်တို့ ပြုလုပ်ဆောင်ရွက်ကြသော ဘာဝနာအလုပ်သည်-

၁။ သမထဘာဝနာ အလုပ်၊

၂။ ဝိပဿနာ ဘာဝနာအလုပ်အားဖြင့် ၂-မျိုး ရှိပါသည်။

ထိုတွင် **သမထဘာဝနာအလုပ်**ကို ပေါက်ရောက်အောင် စနစ်တကျ ပွားများအားထုတ်နိုင်ခဲ့ပါလျှင် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ အကျိုးတရားများကို ရရှိနိုင်ပါသည်၊ နိဗ္ဗာန်ချမ်းသာကိုကား မရရှိနိုင်ပါ၊ ထိုနိဗ္ဗာန်ချမ်းသာကို ရရှိလိုလျှင် မိမိလုပ်နေသော သမထဘာဝနာအလုပ်မှ ဝိပဿနာဘာဝနာအလုပ်သို့ ကူးပြောင်းရပါဦးမည်။

**ဝိပဿနာဘာဝနာအလုပ်**ကိုလည်း စနစ်တကျ ပွားများအားထုတ်နိုင်ခဲ့ပါလျှင် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ နိဗ္ဗာန်ချမ်းသာတိုင်အောင်သော အကျိုးတရားများကို

ရရှိနိုင်ပါသည်။ ဒီတော့ ဖော်ပြခဲ့သည့် အကျိုးတရားများကို အလိုရှိကြတဲ့ ဓမ္မယောဂီပုဂ္ဂိုလ်တို့၏ ဆန္ဒကား ကွဲပြားခြားနား ပါလိမ့်မည်၊

အချို့ကား နိဗ္ဗာန်ချမ်းသာကိုသာ အလိုရှိကြသည်၊ အချို့ကား လောကချမ်းသာများဖြစ်သည့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကိုသာ အလိုရှိကြသည်၊ နိဗ္ဗာန်ချမ်းသာကိုကား မလိုချင်ကြသေး။

များသောအားဖြင့်တော့ သူတော်စင်ပုဂ္ဂိုလ်များသည်ကား နိဗ္ဗာန်ချမ်းသာကိုသာ အလိုရှိကြသည်၊ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကိုကား အလိုမရှိကြ၊ ဗုဒ္ဓမြတ်စွာဘုရားကလည်း ဝေနေယျသတ္တဝါများကို နိဗ္ဗာန်ချမ်းသာကိုသာ ရယူစေချင်သည်။

မှန်ပါသည်။ သတ္တဝါတွေက ချမ်းသာတယ်ဟု ထင်နေကြသည့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဆိုသည်ကား အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း ကိုယ်စိတ်နှစ်ပါး ဆင်းရဲရခြင်း အစရှိသော ဆင်းရဲဒုက္ခ အပေါင်းနှင့် ယှဉ်တွဲလျက် ရှိနေသည်ဖြစ်၍ တကယ်ချမ်းသာ အစစ် မဟုတ်ပါ၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝဟူသည် အလွန်စက်ဆုပ်စရာကောင်းသည့် မစင်ဘင်ပုပ်နှင့် တူပါသည်၊ မစင်ဘင်ပုပ်၏သဘောသည် အလွန်သေးငယ်သည့် မစင်စက်ပင် ဖြစ်သော်လည်း မကောင်းသောအနံ့ စက်ဆုပ်ဖွယ် အနံ့ ရှိပါသည်၊ အလွန်ကြီးကျယ်များပြားသော မစင် ဖြစ်ပါမူကား အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း။

ထို့အတူပါပဲ၊ ဘဝဟူသည် ဘယ်ဘဝပင် ဖြစ်ဖြစ် အိုခြင်း နာခြင်း သေခြင်း အစရှိသော ဆင်းရဲဒုက္ခအမျိုးမျိုး

တွေနဲ့ ယှဉ်တွဲလျက် ရှိနေပါသည်၊ ထို့ကြောင့် သူတော်စင် ပုဂ္ဂိုလ်များသည် လူနတ်ဗြဟ္မာချမ်းသာကို အလိုမရှိကြ၊ နိဗ္ဗာန်ချမ်းသာကိုသာ အလိုရှိကြသည်ဖြစ်၍ ကမ္မဋ္ဌာန်းဘာဝနာ အလုပ်ကို ကြိုးစားအားထုတ်ကြပါသည်။

ထိုဖော်ပြခဲ့သည့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကိုသာ အလိုရှိကြတဲ့ ပုဂ္ဂိုလ်များသည် ကမ္မဋ္ဌာန်း လေးဆယ်ထဲမှ မိမိစရိုက်နှင့် သင့်လျော်မည့် ကမ္မဋ္ဌာန်း တစ်ခုခုကို ယူပြီး ထိုကမ္မဋ္ဌာန်းအာရုံကို လုံးဝ မပျောက် ပျက်အောင် တစိုက်မတ်မတ် ရှုမှတ်ပွားများ အားထုတ်ရပါမည်။

လူနတ်ဗြဟ္မာ နိဗ္ဗာန်ချမ်းသာတိုင်အောင် အလိုရှိကြတဲ့ ပုဂ္ဂိုလ်များသည် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကို ချုပ်ဆုံး ကွယ်ပျောက်အောင် ပယ်စွန့်၍ပြီး ရှုမှတ်ပွားများ အားထုတ်ရ ပါမည်၊ ထိုဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကို ချုပ်ဆုံး ကွယ်ပျောက်အောင် ပယ်စွန့်၍ပြီး ရှုမှတ်ပွားများ အားထုတ်နိုင် လျှင် ဓမ္မယောဂီတို့ အလိုရှိကြသည့် နိဗ္ဗာန်ချမ်းသာကို ရရှိကြပါလိမ့်မည်ဟု ပြောလိုရင်းပဲ ဖြစ်ပါသည်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားက အင်္ဂါရှစ်ချက်မှ ကင်း လွတ်အောင် အားထုတ်နိုင်ပါလျှင် ဓမ္မယောဂီတို့ အလိုရှိကြတဲ့ နိဗ္ဗာန်သို့ ရောက်ကြပါလိမ့်မည်ဟု ဟောကြားခဲ့ပါသည်။

တစ်ချိန်က ဗုဒ္ဓမြတ်စွာဘုရားသည် ကောသမ္ဗီမြို့အနီး ဂင်္ဂါမြစ်ကမ်းနားမှာ များပြားလှစွာသော ရဟန်းသံဃာတော်များ ခြံရံလျက် သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီချိန်ခါမှာ ဗုဒ္ဓမြတ်စွာဘုရားက ဂင်္ဂါမြစ် ရေအလျဉ်ဖြင့် မျောပါလာတဲ့ သစ်တုံးကြီးကို မြင်တော်မူလိုက်ပါတယ်၊ အဲဒီလို ဂင်္ဂါမြစ်ထဲမှာ ရေအလျဉ်ဖြင့် မျောပါလာတဲ့ သစ်တုံးကြီးကို မြင်တော်မူတဲ့

အခါ ထိုသစ်တုံးကြီးကို ဥပမာထားပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း တရားတစ်ပုဒ် ဟောရလျှင် ကောင်းမှာပဲလို့ အကြံအစည် ရှိတော်မူတဲ့အတွက် ဗုဒ္ဓမြတ်စွာဘုရားက လက်ျာလက်တော် ဆန့်တန်းတော်မူပြီး ထိုဂင်္ဂါမြစ်ထဲမှာ ရေအလျဉ်ဖြင့် မျောပါလာတဲ့ သစ်တုံးကြီးကို ညွှန်ပြ၍ ရဟန်းတော်တွေကို မေးတော်မူလိုက်ပါတယ်။

ရဟန်းတို့၊ ဟောဟိုမှာ ကြည့်လိုက်ကြစမ်း၊ ဂင်္ဂါမြစ်ထဲမှာ ရေအလျဉ်ဖြင့် မျောပါလာတဲ့ သစ်တုံးကြီးကို သင်ချစ်သားတို့ မြင်ကြပါရဲ့လားလို့ မေးတော်မူလိုက်တဲ့အခါ ရဟန်းသံဃာတော်များကလဲ ဗုဒ္ဓမြတ်စွာဘုရား ညွှန်ပြတဲ့ဆီကို လှမ်းပြီးတော့ ကြည့်လိုက်ကြပါတယ်၊ ဂင်္ဂါမြစ် ရေအလျဉ်မှာ မျောပါလာတဲ့ သစ်တုံးကြီးကို တွေ့မြင်ရပါတယ်ဆိုတဲ့ အကြောင်းကို ပြန်ကြားလျှောက်ထားတော့ ဗုဒ္ဓမြတ်စွာဘုရားက ချစ်သားတို့၊ ထိုဂင်္ဂါမြစ်ထဲမှာ ရေအလျဉ်ဖြင့် မျောပါလာတဲ့ သစ်တုံးကြီးသည်-

## သမုဒ္ဒရာရောက်ရန် အင်(၈)တန်

၁။ နဩရိမံ တီရံ ဥပဂစ္ဆတိ=ဤမှာဘက်ကမ်း ဒီဘက်ကမ်းမှာလဲ ကပ်ပြီးတော့ မတင်နေခဲ့ဘူးဆိုရင်၊

၂။ နပါရိမံ တီရံ ဥပဂစ္ဆတိ=ထိုမှာဘက်ကမ်း ဟိုဘက်ကမ်းမှာလဲပဲ ကပ်ပြီးတော့ မတင်နေခဲ့ဘူးဆိုရင်၊

၃။ န မဇ္ဈေ သံသီဒိဿတိ=ရေအလယ်ကောင်မှာလဲပဲ မနစ်မြုပ်ခဲ့ဘူးဆိုရင်၊

၄။ န ထလေ ဥဿီဒိဿတိ=သောင်ကျွန်းပေါ်မှာလဲပဲ မတင်နေခဲ့ဘူးဆိုရင်၊

၅။ နှ မနုဿဂ္ဂါဟော ဂဟေဿတိ=လူတွေကလဲပဲ မဆယ်ယူခဲ့ဘူးဆိုရင်၊

၆။ နှ အမနုဿဂ္ဂါဟော ဂဟေဿတိ=နတ်တွေကလဲပဲ မဆယ်ယူခဲ့ဘူးဆိုရင်၊

၇။ နှအာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ=ဝဲလဲ မစုပ်ခဲ့ဘူး ဆိုရင်၊

၈။ နှ အန္တောပူတိ ဘဝိဿတိ=အတွင်းကလဲပဲ မပုပ် မဆွေးခဲ့ဘူးဆိုရင်၊

ထိုသစ်တုံးကြီးသည် ပင်လယ်သမုဒ္ဒရာတိုင်အောင် ရောက်ပါလိမ့်မည်။

ချစ်သားတို့၊ "အဲဒီဂင်္ဂါမြစ်ထဲမှာ ရေအလျဉ်ဖြင့် မျောပါ လာတဲ့ သစ်တုံးကြီးသည် ပင်လယ်သမုဒ္ဒရာတိုင်အောင် ရောက်ပါလိမ့်မည်"လို့ အဘယ်ကြောင့် ငါဘုရားပြောနိုင်ရသလဲ မေးရင်–

ချစ်သားတို့၊ မြင်တွေ့နေရတဲ့ ဂင်္ဂါမြစ်ရေအလျဉ်သည် ပင်လယ်သမုဒ္ဒရာရောက်အောင် မရပ်မနား စီးဆင်းနေသည့် အတွက်ကြောင့်–လို့ပဲ ဖြေရလိမ့်မည်။

ဓမ္မယောဂီတို့ စဉ်းစားကြည့်ပါ၊ ဂင်္ဂါမြစ် ရေအလျဉ်နှင့် အတူ မျောပါလာတဲ့ သစ်တုံးကြီးဟာ ဗုဒ္ဓမြတ်စွာဘုရား ဖော်ပြ ခဲ့တဲ့ အင်္ဂါ ၈–ချက်နှင့် ကင်းလွတ်လျှင် ဂင်္ဂါမြစ် ရေအလျဉ်နှင့် အတူ ပင်လယ်သမုဒ္ဒရာထဲ ရောက်သွားမယ်ဆိုတာ သံသယ ဖြစ်စရာ လိုမယ်မထင်ပါ။

ဓမ္မယောဂီတို့၊ ဗုဒ္ဓမြတ်စွာဘုရားက ဖော်ပြခဲ့သည့် ဥပမာတွေကို အရင်သဘောပေါက်အောင် စဉ်းစားကြည့်ပါ၊ အဲဒီ ဥပမာတွေထဲမှာ–

၁။ ပင်လယ်သမုဒ္ဒရာကြီးရယ်၊
၂။ ဂင်္ဂါမြစ်ရယ်၊
၃။ သစ်တုံးကြီးရယ်၊
၄။ ထိုသစ်တုံးကြီးကို တားမြစ် နှောင့်ယှက်မည့် အန္တရာယ် ၈–ချက်ရယ်။

အဲဒီ အချက်အလက်တွေကို ဓမ္မယောဂီတို့ တန်းစီပြီးတော့ မှတ်ထားကြပါ။ ပြီးတော့မှ ဗုဒ္ဓမြတ်စွာဘုရားက ဥပမေယျကို ထပ်ပြီးတော့ ဟောပြန်ပါတယ်။

ချစ်သားတို့၊ ထိုသစ်တုံးကြီးဥပမာ နည်းတူစွာပဲ သင်ချစ်သားတို့တစ်တွေဟာလဲပဲ–

## နိဗ္ဗာန်ရောက်ရန် အင်(၈)တန်

၁။ နဩရိမံ တီရံ ဥပဂစ္ဆထ=ဤမှာဘက်ကမ်း ဒီဘက်ကမ်းပေါ်မှာလဲ တင်ပြီးတော့ မနေခဲ့ကြဘူးဆိုရင်၊
၂။ န ပါရိမံ တီရံ ဥပဂစ္ဆထ=ဟိုမှာဘက်ကမ်း ဟိုဘက်ကမ်းပေါ်မှာလဲ တင်ပြီးတော့ မနေခဲ့ကြဘူးဆိုရင်၊
၃။ န မဇ္ဈေ သံသီဒိဿထ=ရေအလယ်ကောင်မှာလဲပဲ မနစ်မြုပ်ခဲ့ကြဘူးဆိုရင်၊
၄။ န ထလေ ဥဿီဒိဿထ=သောင်ကျွန်းပေါ်မှာလဲပဲ တင်ပြီးတော့မနေခဲ့ကြဘူးဆိုရင်၊
၅။ န မနုဿဂ္ဂါဟော ဂဟေဿတိ=သင်ချစ်သားတို့ကို လူတွေကလဲပဲ မဆယ်ယူခဲ့ဘူးဆိုရင်၊
၆။ န အမနုဿဂ္ဂါဟော ဂဟေဿတိ=သင်ချစ်သားတို့ကို နတ်တွေကလဲ မဆယ်ယူခဲ့ဘူးဆိုရင်၊

၇။ နှ အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ=သင်ချစ်သားတို့ကို
ဝဲလဲ မစုပ်ခဲ့ဘူးဆိုရင်၊

၈။ နှ အန္တောပူတိ ဘဝိဿထ=သင်ချစ်သားတို့
တစ်တွေဟာ အတွင်းကလဲပဲ မပုပ်မဆွေးခဲ့ကြဘူး
ဆိုရင်၊

သင်ချစ်သားတို့တစ်တွေလဲ နိဗ္ဗာန်သို့ ရောက်ကြပါလိမ့်မယ်။

ချစ်သားတို့၊ ယခုပြောပြခဲ့တဲ့ အင်္ဂါရှစ်ချက် ကင်းလွတ်လို့ရှိရင် သင်ချစ်သားတို့တစ်တွေလဲ နိဗ္ဗာန်သို့ ရောက်ကြပါလိမ့်မယ်လို့ အဘယ်ကြောင့် ပြောပြနိုင်သလဲဆိုရင်။

ချစ်သားတို့၊ အပ္ပမာဒတရားနှင့် အတူတကွဖြစ်သည့် သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့ ညွတ်ပြီးတော့ နေပါတယ်၊ နိဗ္ဗာန်သို့ ကိုင်းပြီးတော့ နေပါတယ်၊ နိဗ္ဗာန်ဘက်သို့ ရှိုင်းပြီးတော့ နေပါတယ်။ ဒါကြောင့် သင်ချစ်သားတို့တစ်တွေလဲ နိဗ္ဗာန်သို့ ရောက်ကြပါလိမ့်မယ်လို့ ငါဘုရား ဟောတာပါ။

ဓမ္မယောဂီတို့၊ အပ္ပမာဒတရားနှင့် အတူတကွဖြစ်သည့် သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့ ကိုင်းပြီး ရှိုင်းပြီး နေတယ်ဆိုတာ နိဗ္ဗာန်ကို အာရုံပြုပြီး နေပါတယ်လို့ ဆိုလိုပါတယ်။

ဓမ္မယောဂီတို့၊ ဗုဒ္ဓမြတ်စွာဘုရားက ဟောပြခဲ့တဲ့ ဥပမာ+ဥပမေယျကို စပ်ဟပ်ပြီးတော့ နားလည်အောင် ယှဉ်တွဲ စပ်ဟပ်ပြပါမယ်-

## ဥပမာ+ဥပမေယျစပ်ဟပ်ပြပုံ

၁။ နိဗ္ဗာန်သည် ပင်လယ်သမုဒ္ဒရာကြီးနဲ့ တူပါတယ်။
၂။ မဂ္ဂင်(၈)ပါး အကျင့်တရားသည် ဂင်္ဂါမြစ် ရေအလျဉ်နှင့် တူပါတယ်။
၃။ အပ္ပမာဒတရားနှင့် အတူတကွဖြစ်သည့် သမ္မာဒိဋ္ဌိကို ရရှိအောင် အားထုတ်ကြသည့် ဓမ္မယောဂီတို့သည် သစ်တုံးကြီးနှင့် တူပါတယ်။
၄။ ထိုအပ္ပမာဒတရားနှင့် အတူတကွဖြစ်သည့် သမ္မာဒိဋ္ဌိကို ရရှိအောင် အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တို့ တွေ့ရမည့် အန္တရာယ်ရှစ်ချက်နှင့် သစ်တုံးကြီးကို တားဆီးနှောက်ယှက်မည့် အန္တရာယ်ရှစ်ချက် တူကြပါတယ်။ အဲဒီလို ယှဉ်စပ်ပြီး နားလည်ထားရပါမယ်။

ဓမ္မယောဂီတို့၊ နိဗ္ဗာန်ချမ်းသာကို ရချင်တဲ့ပုဂ္ဂိုလ်များသည် ဗုဒ္ဓမြတ်စွာဘုရားက ဟောပြခဲ့သည့် အန္တရာယ်ရှစ်ချက်ကို သိထားပါမှ ရှောင်ရှား၍ ရပေမည်။ ဒီတော့ အဲဒီ အန္တရာယ်ရှစ်ချက်ကို သေသေချာချာကြီး သိထားနှင့်ဖို့ လိုအပ်လာပါသည်။

ဗုဒ္ဓမြတ်စွာဘုရားဟာ အဲဒီလို ဥပမာ+ဥပမေယျတွေနဲ့ ဟောပြီး ထိုဥပမာတွေရဲ့ အဓိပ္ပာယ်တွေကို မဖော်ပြသေးဘဲ စကားရပ်လိုက်ပြီး ဆိတ်ငြိမ်စွာ နေတော်မူတဲ့အချိန်မှာ တရားနာနေကြတဲ့ သံဃာ့ပရိသတ်ထဲမှ ရဟန်းတစ်ပါးက မြတ်စွာဘုရားဘက် လက်အုပ်ချီပြီး–

## ဒိဘက်ကမ်းဆိုတာ ဘယ်ဟာကို ခေါ်ပါသလဲ

♦ ၁။ ကိံ နုခေါ ဘန္တေ ဩရိမံ တီရံ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား "ဤမှာဘက်ကမ်း ဒီဘက်ကမ်း"ဟူသောအမည်သည် အဘယ်ပါနည်းဘုရား၊ ဤမှာဘက်ကမ်း ဒီဘက်ကမ်းဆိုတာ ဘယ်ဟာကို ခေါ်ပါသလဲဘုရားလို့ မေးလျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက-

♦ "ဩရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ
အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ"

လို့ ဟောတော်မူပြန်ပါတယ်။

ချစ်သားရဟန်း၊ ဤမှာဘက်ကမ်း ဒီဘက်ကမ်းဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ "မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်"လို့ ခေါ်တဲ့ အတွင်းအာယတန ခြောက်ပါးကို ပြောတာပါ၊ အဲဒီတော့ "မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်"လို့ ခေါ်တဲ့ အတွင်းအာယတနခြောက်ပါးသည် ဂင်္ဂါမြစ်ကြီးရဲ့ ဒီဘက်ကမ်းနဲ့ တူပါတယ်။

ဓမ္မယောဂီတို့ရဲ့ စိတ်ဟာ "မိမိရဲ့ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်ကို အာရုံပြုပြီးတော့ ဖြစ်နေမယ်ဆိုရင် ဒီဘက်ကမ်းမှာ တင်နေပါပြီလို့ သဘောပေါက်ပါ။

ဓမ္မယောဂီတို့ရဲ့စိတ်ဟာ အတွင်းအာယတန ခြောက်ပါးထဲမှာ တစ်ပါးပါးကို အာရုံပြုမိနေလျှင် ဒီမှာဘက်ကမ်းနဲ့ တူတဲ့ သဿတဒိဋ္ဌိအစွန်းဘက် ကပ်ရောက်နေသည့်အတွက်ကြောင့် ထိုဓမ္မယောဂီပုဂ္ဂိုလ်ရဲ့ အားထုတ်မှုသည် နိဗ္ဗာန်သို့ မရောက်နိုင်ပါဘူးဟု မှတ်လိုက်ပါ။

ဓမ္မယောဂီတို့၊ တရားအားထုတ်ရင်းနဲ့ မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေကို ရှုမှတ်တာဟာ ဒီဘက်ကမ်းပေါ်မှာ တင်နေတယ်လို့ မှတ်လိုက်ပါ။ ဒီဘက်ကမ်းတင်ခြင်းဆိုတဲ့ အန္တရာယ်မှ လွတ်မြောက်အောင် ယောဂီတို့ရဲ့ စိတ်ဟာ "မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်လို့ခေါ်တဲ့ အဇ္ဈတ္တတရားတွေကို အာရုံမပြုမိအောင် ခွါပြီး ရှုမှတ် ပွားများရပါမယ်။

ဓမ္မယောဂီတို့၊ ဝိပဿနာတရား ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ လောက သခါရ အာရုံနိမိတ်နှင့် ဆက်သွယ်ကူးယူနေလျှင် ကမ်းတင်နေပါပြီဆိုတာ နားလည်ရပါမယ်။

ဒါကြောင့် စူဠနိဒ္ဒေသ မဟာနိဒ္ဒေသပါဠိတော်မှာ-

- ♦ ဆ အဇ္ဈတ္တိကာနိ အာယတနာနိ ဩရော အန္တော၊
- ♦ ဆ ဗာဟိရာနိ အာယတနာနိ ဒုတိယော အန္တော၊
- ♦ ဝိညာဏံ မဇ္ဈေ။

လို့ ဟောထားပါတယ်။ (စူဠနိ၊၄၄။မဟာနိ၊၈၄။)

* ဆ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနိ၊ အတွင်းသန္တာန်၌ ဖြစ်ကုန်သော။ အာယတနာနိ၊ ဥပါဒ် ဌီ ဘင် ကင်းသော အာယတနတို့သည်။ ဩရော၊ တစ်ခုသော။ အန္တော၊ သဿတဒိဋ္ဌိဟု ဆိုအပ်သော အယုတ်တရားသည်။ ဟောတိ၊ ဖြစ်၏။

* ဆ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနိ၊ အပ၌ ဖြစ်ကုန်သော။ အာယတနာနိ၊ ဥပါဒ် ဌီ ဘင် ကင်းသော အာယတနတို့သည်။ ဒုတိယော၊ နှစ်ခုမြောက်သော။ အန္တော၊

ဥစ္ဆေဒဒိဋ္ဌိဟုဆိုအပ်သော အယုတ်တရားသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏံ၊ ဥပါဒ် ဌီ ဘင်ရှိသော ဝိညာဏ်သည်။ မဇ္ဈေ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့မှ ကင်းသော အလယ်လမ်းသည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မယောဂီတို့၊ ဥပါဒ် ဌီ ဘင်ကင်းသည့် အတွင်း အာယတနခြောက်ပါးသည်။ တစ်ခုသော သဿတဒိဋ္ဌိ အယုတ်တရားဖြစ်ပါတယ်။

ဥပါဒ် ဌီ ဘင်ကင်းသည့် အပြင် အာယတနခြောက်ပါးသည် နှစ်ခုမြောက်ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိ အယုတ်တရားဖြစ်ပါတယ်။

ထိုသဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့မှ ကင်းသော ဥပါဒ် ဌီ ဘင်ရှိသော မဇ္ဈေဝိညာဉ်သည် ဓမ္မယောဂီတို့ လျှောက်လှမ်းရမည့် မဇ္ဈိမပဋိပဒါလမ်း ဖြစ်ပါတယ်။

ဒါကြောင့် ဝိပဿနာတရား ပွားများအားထုတ်သည့် ဓမ္မယောဂီတို့ရဲ့စိတ်သည် အဇ္ဈတ္တကိုလည်း အာရုံမပြုပါနဲ့၊ အဲဒီလို အဇ္ဈတ္တကို အာရုံမပြုမိအောင် အားထုတ်ရင် ဒိဘက်ကမ်းတင်ခြင်း-အန္တရာယ်မှ လွတ်မြောက်ပါပြီ။

ပြီးတော့ ထပ်မေးလျှောက်ပြန်ပါတယ်-

## ဟိုဘက်ကမ်းဆိုတာ ဘယ်ဟာကို ခေါ်ပါသလဲ

♦ ၂။ ကိံ ပါရိမံ တီရံ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟိုဘက်ကမ်း ဟိုဘက်ကမ်းဟူသော အမည်သည် အဘယ်ပါနည်း ဘုရား။

ဓမ္မယောဂီတို့၊ ဟိုဘက်ကမ်းဆိုတာ ဘယ်ဟာကို ခေါ်ပါသလဲဘုရားလို့ မေးလိုရင်း ဖြစ်ပါတယ်။

♦ "ပါရိမံ တီရ"န္တိ ခေါ ဘိက္ခု သန္တေတံ
ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။

ချစ်သားရဟန်း၊ ဟိုဘက်ကမ်းဆိုတာ တခြားကို ပြောတာ မဟုတ်ပါဘူး၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-ဟု ဆိုအပ်သော အပြင်အာယတန ၆-ပါးကို ပြောတာ ဖြစ်တယ်လို့ ဗုဒ္ဓမြတ်စွာဘုရားက ဖြေကြားခဲ့ပါတယ်။

ဓမ္မယောဂီတို့ရဲ့ စိတ်ဟာ "ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ"ဟူသော ပြင်ပအာယတန ၆-ပါးထဲမှာ တစ်ပါးပါးကို အာရုံပြုနေလျှင် ဟိုဘက်ကမ်းမှာ တင်နေတဲ့ သစ်တုံးကြီး ပင်လယ်သမုဒ္ဒရာသို့ မရောက်နိုင်သလို ထိုဓမ္မယောဂီပုဂ္ဂိုလ်လည်း နိဗ္ဗာန်သို့ မရောက်နိုင်ဘူးလို့ နားလည်သဘောပေါက်ပါ။

ဓမ္မယောဂီတို့ရဲ့ စိတ်ဟာ အပြင်အာယတန ၆-ပါးထဲမှာ တစ်ပါးပါးကို အာရုံပြုနေမိလျှင် ဟိုဘက်ကမ်းနှင့်တူတဲ့ "ဥစ္ဆေဒဒိဋ္ဌိ"အစွန်းဘက် ကပ်ရောက်နေသည့်အတွက်ကြောင့် ထိုဓမ္မယောဂီပုဂ္ဂိုလ်ရဲ့ အားထုတ်မှုသည် နိဗ္ဗာန်သို့ မရောက်နိုင်ပါဘူးဟု မှတ်လိုက်ပါ။

ဓမ္မယောဂီတို့၊ စိတ်ဟာ ဒီဘက်ကမ်းနှင့် တူတဲ့ အဇ္ဈတ္တိကအာယတန ၆-ပါးကိုလည်း အာရုံမပြုမိအောင်, ဟိုဘက်ကမ်းနှင့် တူတဲ့ အပြင်အာယတန ၆-ပါးကိုလည်း အာရုံမပြုမိအောင် ကြိုးစားအားထုတ်နိုင်လျှင် "ဝိညာဏံမဇ္ဈေ"

လို့ စူဠနိဒ္ဒေသ မဟာနိဒ္ဒေသပါဠိတော်မှာ ဟောတော်မူသည့်အတိုင်း မဇ္ဈိမပဋိပဒါလမ်းပေါ် ရောက်နေပါပြီ။

ရဟန်းက ထပ်ပြီး မေးလျှောက်ပြန်ပါတယ်၊

## ရေအလယ်ကောင်မှာ နစ်မြုပ်ခြင်းဆိုတာ ဘယ်ဟာကိုခေါ်ပါသလဲ

◆ ၃။ ကော မဇ္ဈေ သံသီဒေါ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရေအလယ်ကောင်မှာ နစ်မြုပ်ခြင်းဟူသော အမည်သည် အဘယ်ပါနည်းဘုရား၊

ဗုဒ္ဓမြတ်စွာဘုရား၊ ရေအလယ်ကောင်မှာ နစ်မြုပ်ခြင်းဆိုတာ ဘယ်လိုဟာကို ခေါ်ပါသလဲဘုရားလို့ မေးမြန်းလျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက–

◆ "မဇ္ဈေ သံသီဒေါ"တိ ခေါ ဘိက္ခု နန္ဒိရာဂဿေတံ အဓိဝစနံ။

လို့ဖြေကြားခဲ့ပြန်ပါတယ်၊

ချစ်သားရဟန်း၊ ရေအလယ်ကောင်မှာ နစ်မြုပ်ခြင်းဆိုတာ နန္ဒိရာဂ=နှစ်သက်ခြင်း တပ်မက်ခြင်းကို ခေါ်တယ်။

ဓမ္မယောဂီတို့ရဲ့ စိတ်ကို အဇ္ဈတ္တကိုလည်း အာရုံမပြုမိအောင်, ဗာဟိရတရားတွေကိုလည်း အာရုံမပြုမိအောင် အားထုတ်နိုင်လျှင် မဇ္ဈိမပဋိပဒါလမ်းပေါ်ကိုတော့ ရောက်လာခဲ့

ပါပြီ။ အဲဒီ အချိန်အခါ ဘယ်လိုအန္တရာယ်မျိုးနှင့် ကြုံတွေ့တတ် ပြန်သလဲဆိုတော့ နန္ဒီရာဂတရား ဖြစ်ပေါ်လာတတ်ပါတယ်။

ဘယ်လို ဖြစ်ပေါ်လာသလဲ-ဆိုရင် အဲဒီအချိန် အခါမှာ ဓမ္မယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ များသောအားဖြင့် ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါး ဖြစ်ပေါ် လာတတ်ပါတယ်။

## ဝိပဿနာညစ်ညူးကြောင်း ဘေးရန် ၁၀-ပါး

♦ ဩဘာသော ပီတိ ပဿဒ္ဓိ၊
အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏ မုပဋ္ဌာန-
မုပေက္ခာ စ နိကန္တိ စ။

* ဩဘာသော၊ ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှ ထွက်သော အလင်းရောင်လည်းကောင်း။ ပီတိ၊ ဝိပဿနာစိတ်နှင့်တကွဖြစ်သော နှစ်သက်ခြင်းလည်းကောင်း။ ပဿဒ္ဓိ၊ ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှ ငြိမ်းအေးခြင်း လည်းကောင်း။ အဓိမောက္ခော စ၊ ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင် ဆုံးဖြတ်တတ်သော အားကြီးသော ယုံကြည်ခြင်း=သဒ္ဓါတရား လည်းကောင်း။ ပဂ္ဂဟော၊ ဝိပဿနာစိတ်ကို နောက်မဆုတ် ရအောင် အားပေးချီးမြှောက်တတ်သော ဝီရိယလည်းကောင်း။ သုခံ၊ လွန်မြတ်သော ကိုယ်စိတ်နှစ်ပါးလုံး ချမ်းသာခြင်း လည်းကောင်း။ ဉာဏံ၊ ဝဇိရစိန်လက်နက် မိုးကြိုးစက်လို သွက်လက်လျင်မြန် အမြင်သန်သော ဉာဏ်လည်းကောင်း။ ဥပဋ္ဌာနံ၊ အလွန်တည်တံ့ ထင်ရှားသော သတိလည်းကောင်း။ ဥပေက္ခာ စ၊ ဝိပဿနာစိတ်နှင့် တကွဖြစ်သော သင်္ခါရတရား တို့ကို အသင့်အားဖြင့် လျစ်လျူရှုခြင်းလည်းကောင်း။ နိကန္တိ

စ၊ ဩဘာသစသော ကိုးပါးတို့ ဖြစ်ကုန်သည်ရှိသော် ထိုဩဘာသစသော ကိုးပါးတို့၌ တပ်မက်ခြင်းကို ပြုတတ်သော သိမ်မွေ့သော တဏှာလည်းကောင်း။ ဣတိ ဣမေ၊ ဤသည်တို့ကား။ ဥပက္ကိလေသာ၊ ဝိပဿနာ ညစ်ညူးကြောင်းဘေးရန်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဓမ္မယောဂီတို့ရဲ့ စိတ်ဟာ အတွင်း+အပြင် ဘယ်အာရုံကိုမှ မယူဘဲ လွတ်မြောက်အောင် ထားတတ်ပြီဆိုလျှင် အဲဒီချိန်ခါမှာ ဓမ္မယောဂီပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်မှထွက်သော အရောင်အလင်း ကိုယ်ရောင်ကိုယ်ဝါတွေ ဖြစ်ပေါ်လာတတ်ပါတယ်၊ ဝိပဿနာစိတ်နှင့် တကွဖြစ်သော နှစ်သက်မှုတွေလည်း ဖြစ်ပေါ်လာပါလိမ့်မယ်၊ ကိုယ်စိတ်နှစ်ပါးတို့ရဲ့ ပူပန်ခြင်းမှ ငြိမ်းအေးမှုတွေလည်း ဖြစ်ပေါ်လာပါလိမ့်မယ်၊ ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ဆုံးဖြတ်တတ်သော အားကြီးသော ယုံကြည်ခြင်း သဒ္ဓါတရား၊ ဝိပဿနာစိတ်ကို နောက်မဆုတ်ရအောင် အားပေးချီးမြှောက် ထောက်ပံ့တတ်သော ဝီရိယ၊ လွန်မြတ်သော ကိုယ်စိတ်နှစ်ပါးလုံးချမ်းသာမှု သုခ၊ ဝဇီရစိန်လက်နက် မိုးကြိုးစက်လို သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၊ အလွန်တည်တံ့ထင်ရှားသော သတိ၊ ဝိပဿနာစိတ်နှင့်တကွဖြစ်သော သခါရတရားတို့ကို အသင့်အားဖြင့် လျစ်လျူရှုခြင်းဆိုတဲ့ ဥပေက္ခာတရားတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ ကိုယ်ရောင်ကိုယ်ဝါ စသည်တွေကို နှစ်သက်မှု တပ်မက်မှု ဖြစ်လျှင် ထိုဓမ္မယောဂီပုဂ္ဂိုလ်သည် ရေအလယ်ကောင်မှာ နစ်ပြီလို့ မှတ်လိုက်ပါ၊ ထိုဓမ္မယောဂီပုဂ္ဂိုလ်မျိုးလည်း နိဗ္ဗာန်ကို မရောက်နိုင်ပါဘူး။

ထိုကိုယ်ရောင်ကိုယ်ဝါ-စသည်တွေ ဖြစ်ပေါ်လာတဲ့ အခါ-

ထိုကိုယ်ရောင် ကိုယ်ဝါစသည်တွေကား တရားထူး မဟုတ်၊ ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တွေပဲ ဖြစ်တယ်လို့ သိပြီး ထိုတရားတွေကို မနှစ်သက် မတပ်မက်ပဲ လျစ်လျူရှုပြီး မိမိရဲ့စိတ်ကို သုညတအာရုံသို့ ရှေ့ရှုထားရပါမယ်၊ အဲဒီလို အားထုတ်နိုင်လျှင် ထိုဓမ္မယောဂီပုဂ္ဂိုလ်သည် ရေလယ်ကောင်မှာ နှစ်မြုပ်ခြင်းအန္တရာယ်မှ ကင်းလွတ်သွားပါလိမ့်မယ်။

တစ်ခါ ရဟန်းက ထပ်ပြီးတော့ မေးလျှောက်ပြန် ပါတယ်။

## သောင်ကျွန်းပေါ်မှာ တင်တယ်ဆိုတာ ဘယ်လိုဟာကိုခေါ်ပါသလဲ

♦ ၄။ ကော ထလေ ဉဿာဒေါ။

ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ သောင်ကျွန်း ပေါ်မှာ တင်ခြင်းဟူသော အမည်သည် အဘယ်ပါနည်း ဘုရား။

ဓမ္မယောဂီတို့၊ ဗုဒ္ဓမြတ်စွာဘုရားကို မေးမြန်းပါတယ်၊ "သောင်ကျွန်းပေါ်မှာ တင်တယ်ဆိုတာ ဘယ်လိုဟာကို ခေါ်ပါ သလဲဘုရား"တဲ့

♦ "ထလေ ဉဿာဒေါ"တိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ။

ချစ်သားရဟန်း၊ သောင်ကျွန်းပေါ်မှာ တင်တယ်ဆိုတာ အသ္မိမာန=မိမိကိုယ်ကို အထင်ကြီးမှု မာနဖြစ်ပေါ်လာတာကို ပြောတာပါလို့ ဗုဒ္ဓမြတ်စွာဘုရားက ဖြေကြားပြန်ပါတယ်။

ဓမ္မယောဂီတို့၊ မိမိကို မိမိ အထင်ကြီးနေပြီဆိုရင် ထိုဓမ္မယောဂီပုဂ္ဂိုလ်သည် သောင်ကျွန်းပေါ်မှာ တင်နေပြီလို့ မှတ်ရပါမယ်။ ထိုဓမ္မယောဂီပုဂ္ဂိုလ်မျိုးလည်း နိဗ္ဗာန်သို့ မရောက်နိုင်ပါဘူးဟု မှတ်လိုက်ပါ။

ပြီးတော့တစ်ခါ ရဟန်းက မေးလျှောက်ပြန်ပါတယ်၊

## လူ့အဆယ်ခံရတယ်ဆိုတာ ဘယ်လိုပါလဲ

♦ ၅။ ကော မနုဿဂ္ဂါဟော။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လူ့အဆယ် ခံရတယ်ဟူသော အမည်ကား အဘယ်ပါနည်းဘုရားလို့ မေးမြန်းလျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက–

♦ ဣဓ ဘိက္ခု ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ၊

ချစ်သားရဟန်း၊ လူ့အဆယ်ခံရတယ်ဆိုတာ တခြား ပြောတာ မဟုတ်ဘူး၊ လူတွေနဲ့ ရောနှောပြီးတော့ နေတာကို ပြောတာပါတဲ့။

ရဟန်းပဲ ဖြစ်ဖြစ်, ဓမ္မယောဂီလူပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ် လူတွေနဲ့ရောနှောပြီး နေလျှင် ထိုပုဂ္ဂိုလ် လူ့အဆယ်ခံရပြီဟု မှတ်ရပါမယ်။ အဲဒီလို လူတွေနဲ့ ရောနှောပြီးတော့ နေရင် ထိုပုဂ္ဂိုလ် ဘာဖြစ်ပြန်သလဲဆိုတော့–

♦ သဟနန္ဒီ သဟသောကီ သုခိတေသု
သုခိတော ဒုက္ခိတေသု ဒုက္ခိတော၊

မိမိရောနှောပြီးတော့ နေတဲ့သူတွေက ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြန်တော့ မိမိလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြန်

တယ်၊ မိမိရောနှောပြီးတော့ နေတဲ့လူတွေက စိုးရိမ်ပူဆွေး စရာတွေ ဖြစ်ပြန်တော့ မိမိပါရောပြီး စိုးရိမ်ပူဆွေးရပြန်ပါတယ်။

မိမိရောနှောပြီးတော့ နေတဲ့လူတွေက ချမ်းသာရင် မိမိပါရောပြီး ချမ်းသာမှု ဖြစ်ပြန်တယ်။

တစ်ခါ မိမိရောနှောပြီးတော့ နေတဲ့လူတွေက ဆင်းရဲမှု ဖြစ်ပြန်ရင် မိမိလဲရောပြီး ဆင်းရဲမှု ဖြစ်ပြန်ပါတယ်တဲ့။

♦ ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ တေသု ယောဂံ အာပဇ္ဇတိ။

မိမိရောနှောပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေမှာ ပြုဖွယ် ကိစ္စ အလုပ်တစ်ခုခု ဖြစ်ပေါ်လာခဲ့ရင် မိမိကိုယ်တိုင် ထိုအမှု ကိစ္စတွေမှာ အားထုတ်ရ ပြန်ပါတယ်။

အဲဒီလို ဖြစ်ရင် ထိုဓမ္မယောဂီပုဂ္ဂိုလ်ကို လူအဆယ်ခံရ ပြီလို့ မှတ်ရပါမယ်။

ထိုဓမ္မယောဂီပုဂ္ဂိုလ်မျိုးလည်း နိဗ္ဗာန်သို့ မရောက်နိုင်ပါ ဘူးဟု မှတ်လိုက်ပါ။

ပြီးပြန်တော့ ရဟန်းကမေးလျှောက်ပြန်ပါတယ်၊

## နတ်အဆယ်ခံရတယ်ဆိုတာ ဘယ်လိုပါလဲ

♦ ၆။ ကော အမနုဿဂ္ဂါဟော။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ နတ် အဆယ်ခံရတယ်ဟူသော အမည်ကား အဘယ်ပါနည်းဘုရားလို့ မေးမြန်းတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက–

♦ ဣဓ ဘိက္ခု ကေစ္စော အညတရံ ဒေဝ-
နိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ။

ချစ်သားရဟန်း နတ်အဆယ်ခံရတယ်ဆိုတာ တခြားပြောတာမဟုတ်ဘူး၊ တစ်ပါးတစ်ပါးသော နတ်ပြည်လောကကို တောင့်တပြီးတော့ မြတ်သောအကျင့်တွေကို ကျင့်တဲ့ပုဂ္ဂိုလ်မျိုးကို ပြောတာပါ။ ထိုပုဂ္ဂိုလ်မျိုးသည် နတ်အဆယ်ခံရတဲ့ပုဂ္ဂိုလ်တွေပဲ ဖြစ်တယ်။

ထိုပုဂ္ဂိုလ်တွေဟာ တစ်ပါးတစ်ပါးသော နတ်ပြည်လောကကို တောင့်တပြီးတော့ မြတ်သောအကျင့်တွေကို ဘယ်လိုကျင့်ကြသလဲဆိုရင်-

♦ ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ
တပေန ဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ
ဝါ ဘဝိဿာမိ ဒေဝညတရော ဝါ။

ငါသည် ဤသီလကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းကြောင့်လည်းကောင်း၊ ဤဝတ်အကျင့်ကို ကျင့်ရခြင်းကြောင့်လည်းကောင်း၊ ဤခြိုးခြံသော ဓုတင်အကျင့်ကို ကျင့်ရခြင်းကြောင့်လည်းကောင်း၊ ဤမြတ်သော ကမ္မဋ္ဌာန်းဘာဝနာတရားကို ပွားများအားထုတ်ရခြင်းကြောင့်လည်းကောင်း၊ ထင်ရှားသော နတ်သား+နတ်သမီးသော်လည်းကောင်း၊ မထင်ရှားသော နတ်သား+နတ်သမီးသော်လည်းကောင်း ဖြစ်ရပါလို၏ဟု တောင့်တပြီးတော့ မြတ်သောအကျင့်တွေကို ကျင့်သုံးပါတယ်။

အဲဒီလိုကျင့်သုံးလျှင် ထိုဓမ္မယောဂီပုဂ္ဂိုလ်သည် နတ်အဆယ်ခံရပြီလို့ မှတ်ရပါမယ်။ ထိုဓမ္မယောဂီပုဂ္ဂိုလ်

မျိုးလည်း နိဗ္ဗာန်ကို မရောက်နိုင်ပါဘူးဟု မှတ်လိုက်ပါ။
ပြီးတော့ ရဟန်းကမေးလျှောက်ပြန်ပါတယ်။

## ဝဲစုပ်၍မြုပ်တယ်ဆိုဟာ ဘယ်လိုပါလဲ

♦ ၇။ ကော အာဝဋ္ဋဂ္ဂါဟော၊

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝဲစုပ်လို့ မြုပ်တယ်ဟူသော အမည်ကား အဘယ်ပါနည်းဘုရားလို့ မေးမြန်းလျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက–

♦ "အာဝဋ္ဋဂ္ဂါဟော"တိ ခေါ ဘိက္ခု
ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ။

ချစ်သားရဟန်း၊ ဝဲစုပ်လို့ မြုပ်တယ်ဆိုတာ တခြား မဟုတ်ပါဘူး၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်ကို ပြောတာပါ။

ဓမ္မယောဂီတို့၊ စိတ်ဟာ အဲဒီ ငါးဖြာအာရုံ ကာမဂုဏ် ဝဲကိုလဲ သွားပြီးတော့ အာရုံမပြုဘူးဆိုရင် အဲဒီ ဝဲစုပ်ခြင်း ဘေးအန္တရာယ်မှ လွတ်မြောက်သွားပါလိမ့်မယ်။

ပြီးတော့ရဟန်းက ထပ်မေးပြန်ပါတယ်။

## အတွင်းက ပုပ်ဆွေးတယ်ဆိုတာ ဘယ်လိုပါလဲ

♦ ၈။ ကော အန္တောပူတိဘာဝေါ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အတွင်းက ပုပ်ဆွေးတယ်ဟူသော အမည်ကား အဘယ်ပါနည်း ဘုရားလို့ မေးမြန်းလျှောက်ထားတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက–

♦ ဣမိ ဘိက္ခု ကေစ္စော ဒုဿီလော ဟောတိ၊

ချစ်သားရဟန်း အတွင်းပုပ်ပြီးတော့ ဆွေးတယ်ဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ ကိုယ်ကျင့်သီလ လုံးဝမရှိတာကို ပြောတာပါ၊ ဒါတင်ပဲလား ဘုရားဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားက-

♦ ပါပဓမ္မော အသုစိသင်္ကဿရသမာစာရော ပဋိစ္ဆန္နကမ္မန္တော အသမဏော သမဏ- ပဋိညော အဗြဟ္မစာရီ ဗြဟ္မစာရီပဋိညော အန္တောပူတိ အဝဿုတော ကသမ္ဗုဇာတော။

ချစ်သားရဟန်း၊ ယုတ်မာသော ကိုယ်နှုတ်အကျင့် ရှိတဲ့ ပုဂ္ဂိုလ်, မစင်ကြယ်သည်ဖြစ်၍ ယုံမှားအပ်သောအကျင့် ရှိတဲ့ ပုဂ္ဂိုလ်, မကောင်းမှုတွေ ကွယ်ရာမှာလုပ်ပြီး လူသိမှာစိုးလို့ ကောင်းမှုဖြင့် ဖုံးလွှမ်းထားတဲ့ ပုဂ္ဂိုလ်, ကိလေသာငြိမ်းကြောင်း အကျင့်တရားတွေကို မကျင့်ဘဲ ကျင့်တယ်လို့ ဟန်ဆောင် နေသော ပုဂ္ဂိုလ်, ကျီးအာသီးလို အတွင်းက ကိလေသာတွေ စိုစွတ်ပြီးနေတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးတွေဟာ အတွင်းပုပ် ဆွေးနေတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်တယ်။ ထိုအတွင်းပုပ်ဆွေးနေတဲ့ ဓမ္မယောဂီမျိုးလဲ နိဗ္ဗာန် မရောက်နိုင်ပါဘူးဟု မှတ်လိုက်ပါ။

ဓမ္မယောဂီတို့ နိဗ္ဗာန်ရောက်ရန်အတွက် လွတ်အောင် ရှောင်ကြဉ်ရမည့် အင်္ဂါ (၈)ချက်ကို ဥပမာ+ဥပမေယျ အကျဉ်း ချုပ်ပြီး ယှဉ်တွဲ ဖော်ပြပါမယ်။

၁။ အဇ္ဈတ္တိကအာယတန ၆-ပါးသည် ဂင်္ဂါမြစ်၏ ဒီဘက်ကမ်းနှင့် တူပါတယ်။

၂။ ဗာဟိရအာယတန ၆-ပါးသည် ဟိုဘက်ကမ်းနှင့်

တူပါတယ်။

၃။ နန္ဒီရာဂတရားသည် ရေလယ်ကောင်မှာ နစ်မြုပ်ခြင်းနှင့် တူပါတယ်။

၄။ အသ္မိမာနတရားသည် သောင်ကျွန်းပေါ်မှာ တင်ခြင်းနှင့် တူပါတယ်။

၅။ လူတွေနှင့် ရောနှော၍ နေခြင်းသည် လူဆယ်ခံရခြင်းနှင့် တူပါတယ်။

၆။ မိမိပြုလုပ်တဲ့ ကောင်းမှုကြောင့် နတ်အဖြစ်ကို တောင့်တခြင်းသည် နတ်အဆယ်ခံရခြင်းနှင့် တူပါတယ်။

၇။ ကာမဂုဏ် အာရုံတရားငါးပါးသည် ဝဲစုပ်၍ မြုပ်သည်၏အဖြစ်နှင့် တူပါတယ်။

၈။ ကိုယ်ကျင့်သီလ လုံးဝမရှိခြင်း၊ ယုတ်မာသော ကိုယ်နှုတ်အကျင့်ရှိခြင်း၊ မစင်ကြယ်သည်ဖြစ်၍ ယုံမှားအပ်သော အကျင့်ရှိခြင်း၊ ဖုံးလွှမ်းအပ်သော အကျင့်ရှိခြင်း၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို မကျင့်ဘဲ ကျင့်သယောင်ယောင် ဟန်ဆောင်ခြင်း လူအထင်ကြီးအောင်လုပ်ခြင်း စသည်သည် အတွင်းပုပ်ဆွေးခြင်းနှင့် တူပါတယ်။

ဓမ္မယောဂီတို့လည်း ထိုဖော်ပြပါ အင်္ဂါ(၈)ချက်မှ လွတ်မြောက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်းဟူ၍ တိုက်တွန်းလိုက်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။
စစ်မှန်သော မေတ္တာဖြင့်-

**အရှင်ဝိစိတ္တသာရာဘိဝံသ**
ငါးဘွဲ့ရ ဓမ္မာစရိယ, ဝိသိဋ္ဌပါကဋ
ကျောင်းအုပ်ဆရာတော်
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
ယုဇနရပ်၊မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်
☎-074- 22236

# အရှင်ဝိစိတ္တသာရာဘိဝံသ

## (ဇီးဘွဲ့ရ ဓမ္မာစရိယ, ဝိသိဋ္ဌပါကဌ)

## ရေးသားသည့်စာအုပ်များ ရိုက်နှိပ်နိုင်ရန်

## ဓမ္မဒါနအဖြစ်ပါဝင်လှူဒါန်းကြသော

## အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | ဦးတင်ရွှေ + ဒေါ်ကြူကြူဝင်း၊ မင်းရပ်၊ မြစ်ကြီးနား | ၃၀၀၀၀ |
| ၂။ | မောင်ကျော်လွင်၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း၊ ဆင်မလိုက်၊ ကမာရွတ်၊ ရန်ကုန် | ၁၀၀၀၀ |
| ၃။ | ဒေါ်သိန်းသိန်း၊ ရှမ်းစုမြောက်၊ မြစ်ကြီးနား | ၅၀၀၀ |
| ၄။ | ဦးဝင်းသိန်း၊ မြို့မ၊ မြစ်ကြီးနား | ၅၀၀၀ |
| ၅။ | ဒေါ်အုန်းကြည်၊ မြို့သစ်၊ မြစ်ကြီးနား | ၅၀၀၀ |
| ၆။ | ဆရာမကြီး ဒေါ်မြင့်မြင့်နှင့်ညီမ ဆရာမ ဒေါ်လှလှဝင်း မြို့သစ်၊ မြစ်ကြီးနား | ၅၀၀၀ |
| ၇။ | ဆရာမ ဒေါ်ရီရီမေ၊ မြို့သစ်၊ မြစ်ကြီးနား | ၅၀၀၀ |
| ၈။ | ကိုသန်းဖေ + မနန်းချောချာ၊ မန္တလေး | ၅၀၀၀ |
| ၉။ | ဦးချို + ဒေါ်ငွေကြိုင်၊ ရှမ်းစုတောင်၊ မြစ်ကြီးနား | ၃၀၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁၀။ | ဒေါ်လှဝင်း၊ ယုဇန၊ မြစ်ကြီးနား | ၃၀၀၀ |
| ၁၁။ | ဒေါ်အင်ဒိန်ထု၊ မြို့သစ်၊ မြစ်ကြီးနား | ၂၀၀၀ |
| ၁၂။ | ဦးချစ်ပို + ဒေါ်စန်းစန်းမြင့်၊ လင်းရောင်ခြည်၊ မြစ်ကြီးနား | ၁၀၀၀ |
| ၁၃။ | ဒေါ်သိန်းကြည်၊ ခေမာသီရိ၊ မြစ်ကြီးနား | ၁၀၀၀ |
| ၁၄။ | ဆရာမ ဒေါ်မြင့်မြင့် (ပညာရေးကောလိပ်) မြစ်ကြီးနား | ၁၀၀၀ |
| ၁၅။ | ဦးစောဆွေ + ဒေါ်ဝွဲ့ဆုဝဏ္ဏ၊ ကျွန်းပင်သာ၊ မြစ်ကြီးနား | ၁၀၀၀ |
| ၁၆။ | ဒေါ်မြရီမိသားစု၊ မြို့သစ်၊ မြစ်ကြီးနား | ၁၀၀၀ |
| ၁၇။ | ဦးစောနွဲ့ ခွန်အောင် + ဒေါ်ဝွဲ့ နွယ်ဆိုင် ယုဇန၊ မြစ်ကြီးနား | ၁၀၀၀ |
| ၁၈။ | ဒေါ်တော်၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀၀ |
| ၁၉။ | ဦးလှမောင် + ဒေါ်လှငွေး၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀၀ |
| ၂၀။ | ဦးအောင်မြင့်၊ ခေမာသီရိ၊ မြစ်ကြီးနား | ၅၀၀ |
| ၂၁။ | ဦးစိုင်းအောင်လှ + ဒေါ်လွန်းစာ၊ တကွင်း၊ ဟိုပင် | ၅၀၀ |
| ၂၂။ | နန်းအေးကြည်၊ တကွင်း၊ ဟိုပင် | ၅၀၀ |
| ၂၃။ | နန်းသန်းကြည်၊ တကွင်း၊ ဟိုပင် | ၅၀၀ |
| ၂၄။ | ဒေါ်မွစ္စပါ၊ လယ်ကုန်း၊ မြစ်ကြီးနား | ၅၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၂၅။ | ဦးဆွေလင်း + ဒေါ်လှမြင့်၊ လင်းရောင်ခြည်၊ မြစ်ကြီးနား | ၅၀၀ |
| ၂၆။ | မသင်းနုဆွေ၊ လင်းရောင်ခြည်၊ မြစ်ကြီးနား | ၅၀၀ |
| ၂၇။ | ဒေါ်ခင်သန်း၊ ယုဇန၊ မြစ်ကြီးနား | ၅၀၀ |
| ၂၈။ | ဒေါ်အေးခုန်၊ ရှမ်းစုတောင်၊ မြစ်ကြီးနား | ၅၀၀ |
| ၂၉။ | ဒေါ်မြခက်၊ မြေမြင့်၊ မြစ်ကြီးနား | ၅၀၀ |
| ၃၀။ | ဦးနီ + ဒေါ်ဝိန်ဥ၊ မိုးစက်ဝင်း၊ မြစ်ကြီးနား | ၅၀၀ |
| ၃၁။ | ဦးခင်ဖေ + ဒေါ်စွဲ့ ခမ်းခိုင်၊ ယုဇန၊ မြစ်ကြီးနား | ၅၀၀ |
| ၃၂။ | ဒေါ်နွယ်နီဦး၊ အောင်နန်း၊ မြစ်ကြီးနား | ၃၀၀ |
| ၃၃။ | ဦးသွယ် + ဒေါ်သောင်းကြည်၊ ရန်ကြီးအောင်၊ မြစ်ကြီးနား | ၂၀၀ |
| ၃၄။ | ဒေါ်ဆိုင်းခေါင်၊ မြေမြင့်၊ မြစ်ကြီးနား | ၂၀၀ |
| ၃၅။ | ဒေါ်မော်တူး၊ မြေမြင့်၊ မြစ်ကြီးနား | ၂၀၀ |
| ၃၆။ | ဒေါ်အေး၊ မြေမြင့်၊ မြစ်ကြီးနား | ၂၀၀ |
| ၃၇။ | ဒေါ်ဝင်းတင်၊ ခေမာသီရိ၊ မြစ်ကြီးနား | ၂၀၀ |
| ၃၈။ | ဦးရွှေ၊ ခေမာသီရိ၊ မြစ်ကြီးနား | ၂၀၀ |
| ၃၉။ | ဒေါ်ရီ၊ ခေမာသီရိ၊ မြစ်ကြီးနား | ၂၀၀ |
| ၄၀။ | ဦးအေးကို + ဒေါ်ခင်မြဝေ၊ ခေမာသီရိ၊ မြစ်ကြီးနား | ၂၀၀ |
| ၄၁။ | ဒေါ်သောင်းရင်၊ ယုဇန၊ မြစ်ကြီးနား | ၂၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၄၂။ | ဆရာမ ဒေါ်သောင်းငွေ၊ အထက–၁၊ မြစ်ကြီးနား | ၂၀၀ |
| ၄၃။ | ဒေါ်ဝင်းမြ၊ ခေမာသီရိ၊ မြစ်ကြီးနား | ၂၀၀ |
| ၄၄။ | ဒေါ်ကြည်မြိုင်၊ သစ်ထုတ်လုပ်ရေး၊ မြစ်ကြီးနား | ၂၀၀ |
| ၄၅။ | ဒေါ်ခင်ဌေး၊ ရော၊ မြစ်ကြီးနား | ၂၀၀ |
| ၄၆။ | ဒေါ်အမာချို၊ မြေမြင့်၊ မြစ်ကြီးနား | ၂၀၀ |
| ၄၇။ | ဒေါ်ခင်သန်းရီ၊ သီတာ၊ မြစ်ကြီးနား | ၂၀၀ |
| ၄၈။ | ဒေါ်ကြင်နု၊ လင်းရောင်ခြည်၊ မြစ်ကြီးနား | ၁၀၀ |
| ၄၉။ | ဒေါ်ခင်ယောင်း၊ မြေမြင့်၊ မြစ်ကြီးနား | ၁၀၀ |
| ၅၀။ | ဒေါ်မြင့်အေး၊ မြေမြင့်၊ မြစ်ကြီးနား | ၁၀၀ |
| ၅၁။ | ဒေါ်ရွှေလုံ၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀ |
| ၅၂။ | ဒေါ်အဝေမြိုင်၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀ |
| ၅၃။ | ဦးစက်မြင့်၊ ရှမ်းစုမြောက်၊ မြစ်ကြီးနား | ၁၀၀ |
| ၅၄။ | ဦးစိလှ၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀ |
| ၅၅။ | ဒေါ်အေး၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀ |
| ၅၆။ | ဆရာမ ဒေါ်ပိုပို၊ အထက–၂၊ မြစ်ကြီးနား | ၁၀၀ |
| ၅၇။ | ဒေါ်ခွဲဆလိဝါ၊ ယုဇန၊ မြစ်ကြီးနား | ၁၀၀ |
| ၅၈။ | ဦးစိန်ဝင်း+ဒေါ်ခင်ပု၊သစ်ထုတ်ရေးဝင်း၊မြို့မ၊မြစ်ကြီးနား | ၅၀၀၀ |
| | စုစုပေါင်းအလှူငွေ | ၁၀၃၃၀၀ |



ဟိုဘက် ဒီဘက် ၊ ရေလယ်ချက်နှင့်
လူလည်းမဆယ် ၊ နတ်မဆယ်သို့
ကျွန်းပေါ်မတင် ၊ ဝဲတွင်မမြုပ် ၊ ဆွေးမပုပ်သော်
ရောက်ရသမုဒ္ဒရာ အကြောင်းဟည်း ။

# သစ္စာလေးပါး
# မူလကမ္မဋ္ဌာန်း
# ဝိပဿနာရှုနည်း

## အရှင်ဝိစိတ္တသာရာဘိဝံသ

( ငါးဘွဲ့ရ ဓမ္မာစရိယ ၊ ဝိသိဋ္ဌပါဠိကဍ )